# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ကဆုန်လဆန်း (၁၁)ရက် ၊ တနင်္ဂနွေနေ့ ၊ (26-4-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၅၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နေပြည်တော် ဧပြီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်သမ္မတက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်အနေဖြင့် မိမိကို သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ပြီး နာရီပိုင်းအတွင်း


စာမျက်နှာ ၁၆ ကော်လံ ၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

# စက်သုံးဆီဖြန့်ဖြူးရောင်းချမှုနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးပန်ကြားချက်

အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် ကမ္ဘာ့ရေနံတင်ပို့မှုငါးပုံတစ်ပုံခန့် ဖြတ်သန်းသယ်ယူပို့ဆောင်လျက်ရှိသော ဟော်မုဇ်ရေလက်ကြားပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ရာ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများဆက်တိုက်မြင့်တက်ခဲ့ပြီး စက်သုံးဆီဈေးနှုန်းများလည်း လိုက်ပါမြင့်တက်သောကြောင့် အခက်အခဲများစွာကြုံတွေ့ခဲ့ကြရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စက်သုံးဆီမပြတ်လပ်စေရေး ပုံမှန်ညှိနှိုင်းကြီးကြပ်ဆောင်ရွက်ခဲ့သည့်အတွက် စဉ်ဆက်မပြတ်ဖြည့်တင်းနိုင်ခဲ့ပြီး စက်သုံးဆီများပုံမှန်ဖြန့်ဖြူးရောင်းချပေးနိုင်လျက်ရှိသည့်အပြင် စနစ်တကျစိစစ်သုံးစွဲနိုင်မှုကြောင့် ရက် ၆၀ စာ ဖူလုံမှုရှိသည်အထိ ဖြည့်တင်းသိုလှောင်နိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။ ထို့ပြင် စက်သုံးဆီဖူလုံမှု အာမခံချက်ရှိစေရေးအတွက် မိတ်ဆွေနိုင်ငံများနှင့် ညှိနှိုင်းဆွေးနွေးမှုများဆောင်ရွက်နိုင်ခဲ့ပြီး စက်သုံးဆီအပြင် အခြားရေနံထွက်ပစ္စည်းများတင်သွင်းနိုင်ရေးအတွက်လည်း သဘောတူညီမှုများရရှိထားပါသည်။ စာမျက်နှာ ၁၉ ကော်လံ ၁







ရတနာပုံ
၂၀၂၆ ခုနှစ် ဧပြီ ၂၆ ရက်

အယ်ဒီတာ့အာဘော်

# တောင်သူများနှင့်ကျေးလက်ဖွံ့ဖြိုးရေးအတွက် အကျိုးရှိအစီအစဉ်ကောင်း

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို အဓိကထားဆောင်ရွက်နေသည့် နိုင်ငံဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေ တိုးတက်လာသည့်အခါ ကျေးလက်ဒေသများသည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံစီးပွားဖွံ့ဖြိုး တိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ် ဧပြီ ၁၀ ရက်နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သော အစိုးရအဖွဲ့ ကတိသစ္စာပြုပွဲအခမ်းအနားနှင့် ယင်းနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ နိုင်ငံတော်သမ္မတမိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားတို့တွင် “ပြည်သူများဆင်းရဲမှု လျှော့ချရေးနှင့် တောင်သူလယ်သမားများ၏ ဘဝမြှင့်တင်ရေးသည် အဓိကကျတဲ့ ဦးစားပေးလုပ်ငန်း စဉ်တစ်ရပ်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူအများစုဟာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတွေ အပေါ် အဓိကမှီခိုနေရသူများဖြစ်၍ တောင်သူလယ်သမားများ၏ဘဝမြှင့်တင်ဖို့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီမံဆောင်ရွက်သွားမှာဖြစ်ကြောင်း" လမ်းညွှန်မိန့်ကြားခဲ့သည်။

ထိုသို့ နိုင်ငံတော်မူဝါဒလမ်းညွှန်ချက်များနှင့်အညီ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားဦးကြီးများ၏ စိုက်ပျိုးရေးဆိုင်ရာ အရင်းအနှီးများရရှိစေရန် နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေများနှင့် ဖွံ့ဖြိုးရေးချေးငွေများကို သက်သာသော အတိုးနှုန်းဖြင့် ပံ့ပိုးထုတ်ချေးပေးလျက်ရှိသည့်အပြင် ၂၀၂၆ ခုနှစ် ဧပြီ ၂၀ ရက်မှ စတင်ဆောင်ရွက်မည့် အစိုးရအဖွဲ့၏ ရက်ပေါင်း ၁၀၀ အတွင်း Quick Win ရရှိစေမည့်အစီအစဉ်များတွင် ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနက တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးမည့် အစီအစဉ်လည်းပါဝင်သည်။

ထိုသို့ တောင်သူများသို စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရာတွင် ချေးငွေအတိုးနှုန်းကို ယခင်အတိုင်း ပြောင်းလဲမှုမရှိဘဲ တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြင့် သီးနှံအမျိုးအစားအလိုက် တိုးမြှင့်ထုတ်ချေးသွား မည်ဖြစ်ရာ စပါး၊ ဂျုံနှင့် ချည်မျှင်ရှည်ဝါ (မျိုးစေ့ထုတ်) တစ်ဧကလျှင် လက်ရှိ ချေးငွေနှုန်းထားမှာ ငွေကျပ် ၁၅၀၀၀၀မှ ငွေကျပ် ၃၀၀၀၀၀ ထိ တိုးမြှင့်ထုတ်ချေးသွားမည်ဖြစ်ပြီး အခြားသီးနှံ ၁၈ မျိုးအတွက် တစ်ဧကလျှင် လက်ရှိချေးငွေနှုန်းထားမှာ ငွေကျပ် ၁၀၀၀၀၀မှ ငွေကျပ် ၂၅၀၀၀၀ ထိ တိုးမြှင့်ထုတ်ချေး သွားမည်ဖြစ်ကာ ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဂုန်လျှော်တို့အတွက် တစ်ဧကလျှင် လက်ရှိချေးငွေနှုန်းထားမှာ ငွေကျပ် ၁၀၀၀၀၀မှ ငွေကျပ် ၁၅၀၀၀၀ ထိ တိုးမြှင့်ထုတ်ချေးသွားမည်ဖြစ်သည်။

ထို့ပြင် လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်း(Agro-based Industry) ကို တည်ဆောက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် တောင်သူလယ်သမားများနှင့် စိုက်ပျိုး ရေးလုပ်ကိုင်သူလုပ်ငန်းရှင်များ လိုအပ်သော လယ်ယာသုံးစက်ကိရိယာများကို သက်သာသော အတိုးနှုန်းဖြင့် ဝယ်ယူနိုင်စေရန် တန်ဖိုးနည်း လက်တွန်းထွန်စက်၊ ရေစုပ်စက်၊ ရေတင်စက်မှအစ တန်ဖိုးမြင့်မားသော အခြောက်ခံစက်(Dryer)၊ သိုလှောင်ရုံ(Silo)၊ ဆန်စက်များစသည့်လယ်ယာသုံး စက်ကိရိယာများကို အတိုးနှုန်း ခြောက်ရာခိုင်နှုန်း၊ ချေးငွေပမာဏ ကျပ်သိန်း ၃၀၀၀ ထိ တစ်ကဏ္ဍ၊ ကျပ်သိန်း ၃၀၀၀ အထက် တစ်ကဏ္ဍ တိုးမြှင့်ထုတ်ချေးပေးမည်ဖြစ်သည်။

တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးမည့်အစီအစဉ်ကို ၂၀၂၆ မိုးရာသီ စိုက်ပျိုးချိန်အမီ ၁၂ - ၅ - ၂၀၂၆ ရက်မှစတင်၍ ထုတ်ချေးမည်ဖြစ်ရာ ယခင်ချေးငွေများ ပြေကျေစွာ ပေးဆပ်ပြီးသည့် တောင်သူလယ်သမားဦးကြီးများအနေဖြင့် ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးနှင့် လယ်ယာသုံးစက်ကိရိယာချေးငွေများရယူလိုသော တောင်သူများနှင့် စိုက်ပျိုး ရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်ဘဏ်ခွဲများသို့ အမြန်ဆုံးဆက်သွယ်ကြရန် လိုအပ်ပေသည်။

သို့ဖြစ်ပါ၍ တောင်သူလယ်သမားများ၏ ဘဝမြှင့်တင်ရေးအတွက် အကျိုးဖြစ်စေသည့် အစိုးရ၏ တောင်သူများသို စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးမည့်အစီအစဉ်သည် တောင်သူ လယ်သမားများ ၏ ဘဝအတွက်သာမက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် အကျိုးရှိသည့်အစီအစဉ်တစ်ရပ် ပင်ဖြစ်ပါကြောင်းဝမ်းမြောက်စွာ ရေးသားအပ်ပါသည်။

# စဉ့်ကိုင်မြို့နယ် ကသဲစုကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**စဉ့်ကိုင် ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းပင်ခြံကျေးရွာအုပ်စု ကသဲစုကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ တာဝန်ရှိသူများ ကျေးရွာကော်မတီဝင်များနှင့်အတူ ကသဲစုကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ကသဲစုကျေးရွာ၌ နှစ်လက်မ Vpc ပိုက်အရှည် ပေ ၄၀၀၀ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၁၇ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်း ဧပြီလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေထောက်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကလေး ဧပြီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော မြေထောက်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၂၈၅၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေထောက်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကလေးမြို့နယ်တွင် ၂၂၅၅ ဧက၊ ကလေးဝမြို့နယ်တွင် ၁၄၉ ဧက၊ မင်းကင်းမြို့နယ်တွင် ၄၄၉ ဧက စုစုပေါင်း ၂၈၅၃ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၃၉ တင်း ထွက်ရှိကြောင်း သိရသည်။

"ကလေးခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေထောက်ပဲ ၂၈၅၃ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေထောက်ပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေထောက်ပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် မြေထောက်ပဲစိုက်တောင်သူများအနေဖြင့် စိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

**(၂၀၆)**

# ရေကြည်မြို့နယ်တွင် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေ



**ရေကြည် ဧပြီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်တွင် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဦးက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်တွင် ယခုနှစ် ဧပြီလ တတိယပတ်မှ စတင်ပြီး ယနေ့ထိ ပဲလွမ်းဖြူများဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ပဲလွမ်းဖြူများဝယ်လိုအားကောင်းလာခြင်းသည် ဒေသဈေးကွက်အပြင် အခြားဈေးကွက်ကပါ ဝယ်ယူအားကောင်းနေပြီး ပဲလွမ်းဖြူများ လက်ကျန်နည်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ကုန် ပဲလွမ်းဖြူတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ အခုလ တတိယပတ်လောက်ကနေပြီး သိသိသာသာကို အဝယ်လိုက်လာတာဖြစ်ပါတယ်။ ဒေသထွက် ပဲလွမ်းဖြူတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေပါတယ်။ ပဲလွမ်းဖြူ အထွက်နည်းလာတာနဲ့ အရောင်းအဝယ် ကောင်းနေတာဖြစ်ပါတယ်"ဟု ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဦးက ပြောပြသည်။

ရေကြည်မြို့နယ်တွင် လက်ရှိ အရောင်းအဝယ် ကောင်းမွန်နေသော ပဲလွမ်းဖြူ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## မြစ်သားမြို့နယ်၌ ခန္တီးလေးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်း

မြစ်သား ဧပြီ ၂၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ခန္တီးလေးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက VDP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက VDP စီမံကိန်းလုပ်ငန်းကော်မတီဝင် ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ ကော်မတီဝင်များ၏ တာဝန်၊ ဝတ္တရားများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့် တာဝန်များနှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ခန္တီးလေးကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘော ဆန္ဒနှင့်အညီ ကျေးရွာကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ခန္တီးလေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP)စီမံကိန်း ခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## ဇလွန်မြို့နယ် အဗျဉ်းလယ်ဦးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဇလွန် ဧပြီ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဗျဉ်းကျေးရွာအုပ်စု အဗျဉ်းလယ်ဦးကျေးရွာ၌ ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်း(RBF)ဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဧပြီ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်နှင့် ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက အဗျဉ်းလယ်ဦးကျေးရွာရှိ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကျေးလက် စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ငွေနှင်းဖြူ တိုးတက်အောင်၊ လျှမ်းလျှမ်းတောက်နှင့် တိုးပွားအောင် စုစုပေါင်း အသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ အဗျဉ်းလယ်ဦးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်း စီမံကိန်း(RBF)ကို ၂၀၂၄-၂၀၂၅ ခုနှစ်တွင် စတင်ဆောင်ရွက်ပေးခဲ့ပြီး ယခုစတုတ္ထနှစ်စက်ဝန်းတွင် ရန်ပုံငွေကျပ် ၄၃ ဒသမ ၆၄ သန်း ထုတ်ချေး ပေးထားကြောင်း သိရသည်။

သန်းသန်းစိုး

## ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲပုပ် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



မော်လိုက် ဧပြီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲပုပ်ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၇၅၉၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲပုပ်စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၈ တင်းထွက်ရှိကြောင်း သိရသည်။

"ဖောင်းပြင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲပုပ် ၇၅၉၄ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲပုပ်စိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲပုပ်စိုက်ပျိုးရာမှာလဲ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှား အန္တရာယ်ကင်းရှင်းစေဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့ အသိပညာပေးတာတွေလဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် ပဲပုပ် စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မော်လိုက်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်စိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ပဲပုပ်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

## မြဝတီမြို့နယ် ကျောက်လုံးကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မြဝတီ ဧပြီ ၂၅

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျောက်လုံးကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဧပြီ ၂၄ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသူရလွင်၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကျောက်လုံးကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကျောက်လုံးကြီးကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၁ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ကိုသက်

## ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ကျုံပျော် ဧပြီ ၂၅

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိအောင်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၅၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုများပြားနေကြောင်း သိရသည်။

"ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ ဒီဘက်ကနေ ဆန်ကွဲအိတ်တွေအပါအဝင် ကုန်စည်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုလဲ တင်ပို့ရောင်းချနေပါတယ်။ တင်ပို့ရောင်းချတဲ့ ဆန်ကွဲအရည်အသွေးကလဲ ကောင်းပါတယ်"ဟု ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိအောင်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၄၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါ ကျုံပျော်မြို့နယ်မှ ထွက်ရှိသည့်ဆန်ကွဲများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိအောင်ထံမှ သိရသည်။

ကျော်ကျော်လင်း



# အင်ဒိုနီးရှား၏ B-50 အစီအစဉ်နှင့် ကမ္ဘာ့စားအုန်းဆီဈေးကွက်အခြေအနေ

**မျိုးသူ(ကုန်သွယ်မြှင့်)**

❖ ဒီဇယ်ဆီနှင့် စားအုန်းဆီမှထုတ်လုပ်ထားသော ဇီဝလောင်စာဆီတို့ကို ရောနှောထားသည့် စက်သုံးဆီကို ဇီဝဒီဇယ်ဆီဟုခေါ်သည်။ B-50 ဟုခေါ်ခြင်းမှာ ဒီဇယ်ဆီ ၅၀ ရာခိုင်နှုန်းနှင့် စားအုန်းဆီမှ ထုတ်သည့် ဇီဝလောင်စာဆီ ၅၀ ရာခိုင်နှုန်းပါဝင်သည့် လောင်စာဆီဖြစ်သည်။ ယခင်နှစ်က ဇီဝဒီဇယ်ဆီကို အင်ဒိုနီးရှားနိုင်ငံတွင် B-40 အဖြစ် စားအုန်းဆီမှထုတ်လုပ်သော ဇီဝလောင်စာဆီကို ၄၀ ရာခိုင်နှုန်းထည့်သွင်းသုံးစွဲလျက်ရှိသည်။ ယခုနှစ်တွင် ၅၀ ရာခိုင်နှုန်းထိ တိုးမြှင့်သုံးစွဲရန် စီစဉ်ခြင်းဖြစ်သည်။ ❖

ဆီထွက်သီးနှံများတွင် ဆီအုန်းပင်စိုက်ပျိုး၍ ဆီအုန်းမှ စားအုန်းဆီထုတ်လုပ်ခြင်းသည် အင်ဒိုနီးရှားနိုင်ငံအတွက် အကျိုးအမြတ်ရှိသော လုပ်ငန်းတစ်ခုဖြစ်သည်။ စားအုန်းဆီကို ပုံမှန်အားဖြင့် စားသုံးဆီအဖြစ် ထုတ်လုပ်ခြင်းဖြစ်သော်လည်း အင်ဒိုနီးရှားနိုင်ငံသည် ဇီဝဒီဇယ်ဆီအဖြစ်လည်း သုံးစွဲသည်။ သို့ဖြစ်၍ စားအုန်းဆီသည် အင်ဒိုနီးရှားနိုင်ငံအတွက် စားသုံးဆီနှင့်စက်သုံးဆီအဖြစ် နှစ်မျိုးသုံးစွဲနိုင်သော ဆီတစ်မျိုးဖြစ်သည့်အပြင် နိုင်ငံအတွက် ပြည်ပပို့ကုန်ဝင်ငွေကို ရရှိစေသည်သာမက စက်သုံးဆီတင်သွင်းရမှုကိုလည်း လျော့ကျစေသဖြင့် နှစ်မျိုးနှစ်ဖက် အကျိုးရှိသော ဆီတစ်မျိုးဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် ဇီဝဒီဇယ်ဆီ အစီအစဉ် Biodiesel Plan ကို ဆောင်ရွက်နေသည်မှာ ဆယ်စုနှစ်တစ်ခုမျှရှိပြီဖြစ်ပြီး ယခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံသည် စက်သုံးဆီလိုအပ်ချက်ကို ဖြေရှင်းရန်အတွက် လက်ရှိသုံးစွဲလျက်ရှိသော B– 40 အစီအစဉ် ကို B–50 ဇီဝဒီဇယ်ဆီ အစီအစဉ် (B–50 Biodiesel Plan) အဖြစ် အရှိန်အဟုန်မြှင့်တင်မည်ဟု သိရသည်။

**B–50 Plan ဆိုသည်မှာ**

ဒီဇယ်ဆီနှင့် စားအုန်းဆီမှထုတ်လုပ်ထားသော ဇီဝလောင်စာဆီတို့ကို ရောနှောထားသည့် စက်သုံးဆီကို ဇီဝဒီဇယ်ဆီဟုခေါ်သည်။ B–50 ဟုခေါ်ခြင်းမှာ ဒီဇယ်ဆီ ၅၀ ရာခိုင်နှုန်းနှင့် စားအုန်းဆီမှထုတ်သည့် ဇီဝလောင်စာဆီ ၅၀ ရာခိုင်နှုန်းပါဝင်သည့် လောင်စာဆီဖြစ်သည်။ ယခင်နှစ်က ဇီဝဒီဇယ်ဆီကို အင်ဒိုနီးရှားနိုင်ငံတွင် B–40 အဖြစ် စားအုန်းဆီမှထုတ်လုပ်သော ဇီဝလောင်စာဆီကို ၄၀ ရာခိုင်နှုန်းထည့်သွင်းသုံးစွဲလျက်ရှိသည်။ ယခုနှစ်တွင် ၅၀ ရာခိုင်နှုန်းထိ တိုးမြှင့်သုံးစွဲရန် စီစဉ်ခြင်းဖြစ်သည်။ အင်ဒိုနီးရှားစားအုန်းဆီအသင်း (Gabungan Pengusaha Kelapa Sawit Indonesia –GAPKI) ၏ ဥက္ကဋ္ဌ Eddy Martono က ၂၀၂၄ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်းပြုလုပ်ခဲ့သည့် စားအုန်းဆီဆိုင်ရာညီလာခံ Indonesia Palm Oil Conference တွင် Biodiesel Plan ကို အလေးပေးပြောကြားခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံသည် B– 40 Plan ကို သုံးစွဲဆောင်ရွက်လျက်ရှိပြီး ယခုနှစ် မတ်လတွင် ဖြစ်ပွားသော အမေရိကန်နှင့် အစ္စရေးတို့၏ အီရန်အပေါ် တိုက်ခိုက်သည့် စစ်ပွဲ၏ လောင်စာဆီရေနံအပေါ် အကျိုးဆက်က အင်ဒိုနီးရှားနိုင်ငံကို B– 40 Planမှ B– 50 Plan သို့ အမြန်တိုးမြှင့် ဆောင်ရွက်ရန် တွန်းအားသဖွယ်ဖြစ်စေခဲ့သည်ဟု သုံးသပ်ရသည်။ မူလက B– 50 Plan ကို ၂၀၂၈ ခုနှစ်တွင်မှ စတင်ရန်ဖြစ်သော်လည်း ယခုအခါ ၂၀၂၆ ခုနှစ်ထဲတွင် စတင်မည်ဖြစ်ကြောင်း အင်ဒိုနီးရှား သမ္မတ ပရာဘိုဝိုဆူဘီရန်တိုက မတ် ၃၀ ရက် ဂျပန်ခရီးစဉ်တွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့်တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း သိရသည်။

**အင်ဒိုနီးရှား၏ ဇီဝလောင်စာဆီ**

အင်ဒိုနီးရှားနိုင်ငံသည် တစ်ချိန်က အိုပက်အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး ရေနံကို ပြည်ပတင်ပို့ခဲ့သည့်နိုင်ငံဖြစ်သည်။ နောက်ပိုင်းတွင် ပြည်တွင်းရေနံထုတ်လုပ်မှုကျဆင်းလာသဖြင့် ပြည်ပမှတင်သွင်းမှုကို မှီခိုလာရသည်။ ၂၀၀၈ ခုနှစ်တွင် ကမ္ဘာ့ရေနံဈေးများ မြင့်တက်လာသည့်အခါ ပြည်ပမှ ဒီဇယ်ဆီတင်သွင်းနေရသည်ကို လျှော့ချနိုင်ရန်အတွက် ဇီဝလောင်စာဆီအစီအစဉ်ကို မူဝါဒချမှတ် ဆောင်ရွက်လာခြင်းဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံသည် ဒီဇယ်ဆီထဲတွင် စားအုန်းဆီရောနှောမှုကို တစ်ဆင့်ချင်းတိုးမြှင့်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ဒီဇယ်ဆီထဲတွင် စားအုန်းဆီ ၂၀ ရာခိုင်နှုန်း ရောနှောခြင်းကို စတင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် စားအုန်းဆီပါဝင်မှုကို ၃၀ ရာခိုင်နှုန်းထိ တိုးတက်ဆောင်ရွက်ခဲ့သည်။ ဤသို့ စတင်သည့်အချိန်တွင် ကမ္ဘာ့စားအုန်းဆီဈေးနှုန်းကို စတင်လှုပ်ခတ်စေခဲ့သည်။ ထို့နောက် ၂၀၂၃ ခုနှစ်တွင် ၃၅ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ၄၀ ရာခိုင်နှုန်းထိ ဇီဝလောင်စာဆီတွင် စားအုန်းဆီပါဝင်မှုကို တိုးမြှင့်ခဲ့သည်။ အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီရန်တိုကသူ၏ ရွေးကောက်ပွဲ ကတိကဝတ်တွင်ပါဝင်သော စားအုန်းဆီကို ဇီဝလောင်စာအဖြစ် ဆောင်ရွက်ရေးကို အရှိန်အဟုန်မြှင့်တင်ရန် အလေးပေး လုပ်ဆောင်နေခြင်းဖြစ်သည်။ ပြည်ပမှ ဒီဇယ်တင်သွင်းမှုကို သုညထိ လျှော့ချမည်ဖြစ်ကြောင်း ကြွေးကြော်ထားသည်။ တစ်ဖက်တွင်လည်း ဥရောပသမဂ္ဂ (EU) က အင်ဒိုနီးရှားရှိ အမြဲစိမ်းသစ်တောများ ပြုန်းတီးမှုကို အကြောင်းပြ၍ စားအုန်းဆီများအီးယူသို့ တင်သွင်းမှုကို ကန့်သတ်သဖြင့် ပြည်တွင်းသုံးစွဲမှု တိုးမြှင့်မည့် နည်းလမ်းကို တိုးမြှင့်ခြင်းလည်းဖြစ်သည်။ စားအုန်းဆီကို ပြည်တွင်းဇီဝဒီဇယ်အဖြစ် တိုးမြှင့်သုံးစွဲခြင်းဖြင့် တစ်ချက်ခုတ်နှစ်ချက်ပြတ်စေမည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် မူလက ရေနံတင်သွင်းရမှုကို လျှော့ချနိုင်ရန်အတွက်ရည်ရွယ်ပြီး ဇီဝဒီဇယ်ဆီအစီအစဉ်ကို စတင်ခဲ့ခြင်းဖြစ်သော်လည်း ယခုအခါတွင် နိုင်ငံရေးအရ မိမိဘာသာ ရပ်တည်နိုင်ခြင်းဟူသော အကျိုးကျေးဇူးနှင့် ကမ္ဘာ့စားအုန်းဆီဈေးကွက် ထိန်းချုပ်နိုင်စွမ်းကိုပါ ပိုမိုရရှိစေလာနိုင်ကြောင်းတွေ့ရှိနေရသည်။ အင်ဒိုနီးရှားနိုင်ငံသည် B–50 မှထပ်မံတိုးမြှင့်ပြီး B– 60၊ B– 100 စသည်ဖြင့် တိုးတက်ရန် ရည်မှန်းထားရှိသည်ကိုတွေ့ရသည်။

**သုံးစွဲယာဉ်များ**

အင်ဒိုနီးရှားနိုင်ငံ၏ ဇီဝဒီဇယ်ဆီတွင် စားအုန်းဆီပါဝင်မှုများပြားသဖြင့် စက်ပစ္စည်းအားလုံးအတွက် ချက်ချင်းတန်းသုံး၍ အဆင်မပြေနိုင်သည့်အတွက် အကန့်အသတ်နှင့် သုံးစွဲနေကြောင်းသိရသည်။ လက်ရှိတွင် ကုန်တင်ယာဉ်ကြီးများ၊ စိုက်ပျိုးရေးသုံးယန္တရားကြီးများတွင် ထည့်သွင်းအသုံးပြုမောင်းနှင်နေသည်။ ရေကြောင်းသယ်ယူပို့ဆောင်ရေးရေယာဉ်များတွင်လည်း သုံးစွဲနေပြီး အင်ဒိုနီးရှားရေတပ် ကင်းလှည့်ရေယာဉ်များတွင် ၂၀၂၄–၂၀၂၅ ခုနှစ်မှ စတင်သုံးစွဲနေသည်။ သဘော်အင်ဂျင်များသည် မော်တော်ကားအင်ဂျင်များထက် ပိုမိုခံနိုင်ရည်ရှိသည့်အတွက် B–50 ဆီအတွက် ပိုမိုသင့်တော်နိုင်သည်ဟုသိရှိရသည်။ B–50 အစီအစဉ်ကိုသုံးစွဲရာတွင် အင်ဂျင်တိုင်းနှင့်သုံးစွဲ၍ မရနိုင်သေးကြောင်းသိရသည်။ စားအုန်းဆီ ၅၀ ရာခိုင်နှုန်းပါဝင်မည်ဖြစ်၍ ဒီဇယ်ဆီသည် ပိုမိုပျစ်သဖြင့် အင်ဂျင်ပိုင်းကို အထူးပြုပြင်ထားရမည်ဖြစ်သည်။ ဇီဝဒီဇယ်ဆီသည် အရည်ဖျော်သည့်ဂုဏ်သတ္တိရှိသဖြင့် အင်ဂျင်ဟောင်းများတွင် သုံးစွဲလျှင် ဆီတိုင်ကီထဲမှအနယ်များကို တိုက်စား၍ ဆီစစ်ကို မကြာခဏ ပိတ်ဆို့တတ်ပါသည်။ ထို့ပြင် စားအုန်းဆီသည်အပူချိန်နိမ့်၍ အေးလျှင်ခဲတတ်သောကြောင့် တောင်ပေါ်ဒေသများတွင် သုံးစွဲရန်ခက်ခဲသည်။ အဆိုပါ စိန်ခေါ်မှုများရှိနေသော်လည်း အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီရန်တိုက ယခုနှစ်အတွင်း သုံးစွဲသွားမည်ဖြစ်ကြောင်း ပြောကြားလျက်ရှိသည်။ ယခုနှစ် ဇူလိုင် ၁ ရက်တွင် B–50 Plan ကို စတင်မည်ဟု ဆိုပါသည်။

**အင်ဒိုနီးရှား၏ စားအုန်းဆီ အခြေအနေ**

အင်ဒိုနီးရှားနိုင်ငံသည် နှစ်စဉ် တန်ချိန် ၅၄ ဒသမ ၅ သန်းခန့်ထုတ်လုပ်နေသည်။ ၂၀၂၅ ခုနှစ်တွင် B– 40 အစီအစဉ်အတွက် တန်ချိန် ၁၄ သန်းခန့်သုံးစွဲပြီး ပြည်တွင်းသုံးအတွက် ၁၀ ဒသမ ၅ သန်းခန့် သုံးစွဲ၍ ပြည်ပသို့ တန်ချိန်သန်း ၃၀ ခန့်တင်ပို့ခဲ့သည်။ ထို့ကြောင့် ယခုနှစ် တန်ချိန် ၅၅ သန်းခန့် ထုတ်လုပ်နိုင်မည်ဟုခန့်မှန်းထားပြီး B– 50 အစီအစဉ်အတွက် တန်ချိန် ၁၈ သန်းမှ ၁၉ သန်းထိ သုံးစွဲရမည်ဖြစ်ပြီး ပြည်တွင်းသုံးစွဲမှုသည် တန်ချိန် ၁၁ သန်း ခန့်ရှိသဖြင့် ကမ္ဘာ့ဈေးကွက်သို့တင်ပို့နိုင်မည့် အရေအတွက်မှာ တန်ချိန် ၂၅ သန်းခန့်ထိ ကျဆင်းနိုင်ကြောင်း သိရသည်။ ထို့ကြောင့် ကမ္ဘာ့ဈေးကွက်တွင် စားအုန်းဆီတန်ချိန် ၅ သန်းခန့်လျော့နည်းမည့် အခြေအနေရှိသည်။ အင်ဒိုနီးရှား၏ဇီဝလောင်စာဆီအစီအစဉ်သည် အစိုးရ၏ ပံ့ပိုးမှုအစီအစဉ်ကြောင့် အဆင်ပြေနေခြင်းဖြစ်သည်။ စားအုန်းဆီဈေးသည် ဒီဇယ်ဈေးထက် မြင့်သဖြင့် စားအုန်းဆီတင်ပို့ရာမှရရှိသော အခွန်များကို ဇီဝဒီဇယ်ဆီအစီအစဉ်တွင်ပေါင်းစပ်၍ ဈေးနှုန်းသက်သာစေရန် အစိုးရက စီစဉ်ပေးထားခြင်းဖြစ်သည်။ ပြည်တွင်းစားအုန်းဆီဈေးနှုန်းမမြင့်တက်ရေးအတွက်လည်း ထည့်သွင်းစဉ်းစားမည်ဖြစ်သဖြင့် ပြည်ပတင်ပို့မှုသည် ယခုနှစ်တွင် လျော့ကျဖွယ်ရှိနေသည်။ ထို့ပြင် ဇီဝဒီဇယ်ဆီအစီအစဉ်အတွက် Export Levy ပို့ကုန်ခွန်ကို တိုးမြှင့်ကောက်ခံလာပါက ပြည်ပ ဈေးနှုန်းများမြင့်တက်လာဖွယ်ရာလည်းရှိနေသည်။ ထိုကဲ့သို့ မြင့်တက်လာလျှင် ကမ္ဘာ့ထိပ်တန်းစားအုန်းဆီတင်သွင်းသည့် အိန္ဒိယနှင့်တရုတ်နိုင်ငံတို့အနေဖြင့် အခြားသော ပဲပုပ်ဆီနှင့်နေကြာဆီများဘက်သို့ ဦးလှည့်သွားနိုင်သည်။ သို့သော် စားအုန်းဆီသည် အခြားသော ဟင်းသီးဟင်းရွက်ဆီများနှင့်စာလျှင် ဈေးနှုန်းအားဖြင့် အသက်သာဆုံး အခြေအနေတွင် ဆက်ရှိနေမည်ဖြစ်သည်ဟု ခန့်မှန်းထားကြသည်။ အင်ဒိုနီးရှား၏ B– 50 အစီအစဉ်သည် အင်ဒိုနီးရှားနိုင်ငံအတွက် စားဆီလည်းရ လောင်စာလည်းရ အစီအစဉ်ဖြစ်သဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ပို့ကုန်ကို ပိုမိုထိန်းချုပ်လာနိုင်ကြောင်း သုံးသပ်ကြသည်။

**မြန်မာနိုင်ငံအတွက် စားသုံးဆီနှင့်စားအုန်းဆီ**

မြန်မာနိုင်ငံတွင် လက်ရှိအချိန်ထိ စားအုန်းဆီကို အထိုက်အလျောက် တင်သွင်းလျက်ရှိသည်။ ထို့ပြင် ကမ္ဘာ့စားအုန်းဆီဈေးနှုန်းများသည် ယခုနှစ်တွင် တဖြည်းဖြည်းမြင့်တက်လာသည်နှင့်အမျှ မြန်မာနိုင်ငံတွင်လည်း ဈေးမြင့်မှုများရှိနေသည်ကို တွေ့ရသည်။ အကယ်၍ စားအုန်းဆီဈေးနှုန်းနှင့် ပို့ကုန်ကို အင်ဒိုနီးရှားနိုင်ငံက ထိန်းချုပ်လာပါက မြန်မာနိုင်ငံ၏ စားအုန်းဆီတင်သွင်းမှုအတွက် ဈေးနှုန်းများကြီးမြင့်လာမည်လားဟု သတိပြုရန်လိုအပ်သည်။ မည်သို့ပင်ဖြစ်စေကာမူ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်း စားသုံးဆီများထုတ်လုပ်နိုင်သော မြေပဲ၊ နှမ်း၊ ပဲပုပ်နှင့် နေကြာတို့ကို စိုက်ပျိုးထုတ်လုပ်မှုရှိနေသည်မှာ ဝမ်းသာစရာဖြစ်သည်။ အဆိုပါ ဆီထွက်သီးနှံများကို ပိုမိုစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းစားသုံးဆီ ထုတ်လုပ်မှုလည်း မြင့်တက်လာမည်ဖြစ်သည်။ ပြည်တွင်းဖြစ်စားသုံးဆီများကို ဦးစားပေးစားသုံးခြင်းဖြင့် စားအုန်းဆီတင်သွင်းမှုကို လျော့နည်းစေနိုင်သည်။ နိုင်ငံခြားငွေကုန်ကျမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံအတွင်း၌ စားအုန်းဆီ ထုတ်လုပ်နေသော ကုမ္ပဏီများလည်းရှိပြီး တစ်နှစ်လျှင် တန်ချိန် ၂၀၀၀၀ ကျော်ထိ ထုတ်လုပ်လျက်ရှိသည်ကိုတွေ့ရသည်။ ထို့ကြောင့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် ပဲပုပ်ဆီများကို လှိုင်လှိုင်ကြိတ်ခွဲထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းသော စားအုန်းဆီကိုအားကိုးရန် မလိုအပ်ကြောင်းတွေ့ရှိနိုင်သည်။ ပြည်တွင်းစားသုံးဆီ ထုတ်လုပ်မှုများတွင် စိန်ခေါ်မှုများရှိနေသော်လည်း အစိုးရ၏အားပေးမှုကိုကြည့်လျှင် လယ်ယာသီးနှံစိုက်ပျိုးစရိတ်များ တိုးမြှင့်ပေးမှု၊ အသေးစားအလတ်စား စက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်မှုများ တွေ့ရမည်ဖြစ်သည်။ အဆိုပါ အားပေးမှုများသည် ပြည်တွင်းစားသုံးဆီ ထုတ်လုပ်ရေးအတွက် များစွာအထောက်အကူဖြစ်စေနိုင်သည်။ သို့ဖြစ်၍ ပြည်တွင်းစားသုံးဆီများ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် အဓိကကျသော စားသုံးသူများအနေဖြင့် ပြည်တွင်းထုတ်ဆီများကို စားသုံးမှုမြှင့်တင်ပေးပါက ပြည်ပမှတင်သွင်းရမှုကို များစွာကျဆင်းသွားနိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

– ESG News ၏ ၈.၄.၂၀၂၆ ထုတ်သတင်း

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိ တို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။ ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေး ကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်း ရှုံ့သွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ကသာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၂၄၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဧပြီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၂၄၂ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးကေ ၂၃၃၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကသာမြို့နယ်တွင် ၁၁၀၇၉ ကေ၊ အင်းတော်မြို့နယ်တွင် ၇၄၅ ကေ၊ ထီးချိုင့်မြို့နယ်တွင် ကေ ၁၀၂၆၀၊ ဗန်းမောက်မြို့နယ်တွင် ၂၅၈ ကေ စုစုပေါင်း ၂၂၄၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ စပါးကေ ၂၃၃၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၂၄၂ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်ပေးနေပါတယ်"ဟု ကသာခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ကသာခရိုင်တွင် နွေစပါးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၁၁၄၁၉ ကေ၊ အင်းတော်မြို့နယ်တွင် ၈၄၂ ကေ၊ ထီးချိုင့်မြို့နယ်တွင် ၁၀၆၂၁ ကေ၊ ဗန်းမောက်မြို့နယ်တွင် ၄၁၈ ကေ စုစုပေါင်း ကေ ၂၃၃၀၀ ဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် နွေစပါးစိုက်တောင်သူများ အနေဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများဆောင်ရွက်ခြင်းများနှင့် လိုအပ်သည့်သွင်းအားစုများ အချိန်မီရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**မြောင်းမြ ဧပြီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၃၁၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော နေကြာစိုက်ခင်းများကို ယခုနှစ် မတ်လ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး နေကြာတစ်ကေလျှင် ၂၆ ဒသမ ၂၇ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ အိမ်မဲမြို့နယ်မှာ နေကြာ ၂၃၁၆ ကေ လျာထားစိုက်ပျိုးခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နေကြာစိုက်ခင်းတွေ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ နေကြာလျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့ နည်းပညာတွေကို မစိုက်မီ ကြိုတင်စီမံဆောင်ရွက်ပေးခဲ့ပါတယ်။ နေကြာစိုက်ခင်းတွေကို အောင်မြင်ဖြစ်ထွန်းစေဖို့၊ အထွက်နှုန်းတိုးစေဖို့၊ ပိုးမွှား အန္တရာယ် ကင်းရှင်းစေဖို့ကိုလဲ ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# သတိပြုဖွယ် အပူဒဏ်အန္တရာယ်

- မြန်မာနိုင်ငံက မြို့ကြီးအချို့
  အပူလှိုင်းကျလို့ စာရင်းဝင်၊
  သက်ကြီးရွယ်အို ကလေးငယ်များ
  ရှောင်ရှားနေ့စဉ်၊
  ကြောက်မက်ဖွယ် အန္တရာယ်ပင်
  မပေါ့ဆစေချင် သတိပြု၊
  နွေနေ့လယ်ခင်း အပြင်မထွက်
  ကြပ်မတ်ပြုစု။

- မဖြစ်သာအခြေအနေမှာ အပြင်ထွက်ရ
  ဝတ်ဆင်ကြ သတိပြုပါ၊
  အလင်းပြန် အရောင်ဖျော့အင်္ကျီများ
  ပေါ့ပါးစေကာ၊
  ထီး ဖိနပ် ဦးထုပ်ဆောင်းပါ
  ရေခဲရေဟာ လွန်အန္တရာယ်များ၊
  နေပူကပြန်လာ ရေမချိုး
  ဆိုးကျိုးအမှား။

- သက်ကြီးရွယ်အို ကလေးငယ်တို့
  အရိပ်ထဲနေလို့ အပူရှောင်၊
  နှလုံး သွေးတိုး ဆီးချို နာတာရှည်သမား
  နားခိုကြအောင်၊
  ခန္ဓာကိုယ်အရေပြား အပူလောင်
  မူးဝေယောင်ရမ်း သတိလစ်၊
  မပေါ့ဆကာ ဆေးရုံသွား
  ကုစားလို့စစ်။

- အပူရှောင်စခန်း ဖွင့်စေရေး
  ဝိုင်းဝန်းတွေး ကြိုးစားပါ၊
  လေဝင်လေထွက် အေးမြအရိပ်
  ချွေးသိပ်စေမှာ၊
  သောက်သုံးရေအတွက် ပြင်ဆင်ပါ
  လူငယ်များစွာ ညီညွတ်လို့၊
  မိမိနိုင်ရာဝန် ကူညီရှန်း
  စည်းလုံးကြစို့။ ။

**ဇင်မင်းစိုး(ဗိုလ်ကလေး)**

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# သမ္မတဒေါ်နယ်ထရမ့်၏ အထူးသံတမန်များ အီရန်နှင့် ဆွေးနွေးရန် အစ္စလာမ္မာဘတ်မြို့သို့ ထွက်ခွာ

နယူးယောက် ဧပြီ ၂၅

ပါကစ္စတန်နိုင်ငံ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် အီရန်တာဝန်ရှိသူများနှင့် ဆွေးနွေးရန် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ အထူးသံတမန် စတိဗ်ဝစ်ကော့ဖ်နှင့် ဒေါ်နယ်ထရမ့်၏ သမက် ဂျရက်ကုရှ်နာတို့သည် ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့သို့ ယနေ့တွင် ထွက်ခွာခဲ့ကြောင်း အိမ်ဖြူတော်က သတင်းထုတ်ပြန်ထားသည်ဟု RTသတင်းဌာနက ဖော်ပြထားသည်။

အီရန်နှင့်ကျင်းပမည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ တက်ရောက်ရေးအတွက် သမ္မတဒေါ်နယ်ထရမ့်၏ အထူးသံတမန်စတိဗ်ဝစ်ကော့ဖ်နှင့် ဂျရက်ကုရှ်နာတို့ အစ္စလာမ္မာဘတ်မြို့သို့ ယနေ့တွင်ထွက်ခွာသွားပြီဖြစ်ကြောင်း အိမ်ဖြူတော်သတင်းထုတ်ပြန်ရေး အတွင်းရေးမှူးက သတင်းထောက်များနှင့် တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့သည် ပါကစ္စတန်နိုင်ငံ၏ကြားဝင်ညှိနှိုင်းမှုဖြင့် ပထမအကျော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ယခုလအစောပိုင်းတွင် ကျင်းပခဲ့သော်လည်း မည်သည့်သဘောတူညီချက်မျှမရဘဲ ပြီးဆုံးခဲ့သည်။

အစ္စလာမ္မာဘတ်မြို့တွင် ကျင်းပမည့် ဒုတိယအကျော့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ၌ အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘတ်စ်အာရက်ချီ ပါဝင်မည်ဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ပါကစ္စတန်နိုင်ငံ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် အီရန်နှင့် ရယူထားသည့် ရက်သတ္တနှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ဧပြီ ၂၂ ရက်တွင် ရက်အကန့်အသတ်မရှိ သက်တမ်းတိုးပေးထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# ရုရှားနှင့်ယူကရိန်း အကျဉ်းသားချင်းလဲလှယ်

မော်စကို ဧပြီ ၂၅

လေးနှစ်ကျော်ကြာ စစ်ရေးပဋိပက္ခများ ဖြစ်ပွားနေသော ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့သည် ဧပြီ ၂၄ ရက်တွင် အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှု ပြုလုပ်ခဲ့ကြကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါအကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုအတွင်း ရုရှားအကျဉ်းသား ၁၉၃ ဦးနှင့် ယူကရိန်းအကျဉ်းသား ၁၉၃ ဦးတို့ ပြန်လည်လွတ်မြောက်လာကြောင်း ရုရှားနှင့် ယူကရိန်း နှစ်နိုင်ငံလုံးက အတည်ပြုထားသည်။

ဧပြီ ၂၄ ရက် အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုကို အမေရိကန်နှင့် ယူအေအီးနိုင်ငံတို့၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားနှင့် ယူကရိန်း တာဝန်ရှိသူများက ပြောကြားထားသည်။

ဧပြီ ၂၄ ရက် အကျဉ်းသားချင်း အပြန်အလှန် လဲလှယ်မှုအတွင်း ပြန်လည် လွတ်မြောက်လာသည့် ရုရှားတပ်ဖွဲ့ဝင်များမှာ လက်ရှိတွင် ဘယ်လာရုစ်နိုင်ငံသို့ ရောက်ရှိနေပြီး ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်နေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရုရှားနှင့် ယူကရိန်းတို့သည် ယူကရိန်း စစ်ရေးပဋိပက္ခကာလအတွင်း အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုများ ပြုလုပ်ခဲ့ရာ နှစ်ဖက်အကျဉ်းသား ရာပေါင်းများစွာ ပြန်လည်လွတ်မြောက်ခဲ့သည်။

ယခုနှစ်အတွင်း ရုရှားနှင့် ယူကရိန်းတို့သည် ဧပြီ ၂၄ ရက် အကျဉ်းသားချင်း လဲလှယ်မှုအပါအဝင် ရှစ်ကြိမ်ထိပြုလုပ်ထားပြီး ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO



# ဗြိတိန်ဘုရင် ချားလ်-၃နှင့် တွေ့ဆုံစဉ် နေတိုးကိစ္စဆွေးနွေးမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ပြောကြား

ဝါရှင်တန် ဧပြီ ၂၅



အမေရိကန်နိုင်ငံသို့ လာရောက်မည့် ဗြိတိန်ဘုရင် ချားလ်-၃ နှင့် တွေ့ဆုံချိန်တွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) ပြဿနာ၊ အီရန်ပြဿနာ၊ ဗြိတိန်အစိုးရ၏ ဒစ်ဂျစ်တယ်ဝန်ဆောင်မှု အခွန်ကောက်ခံရေး အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဧပြီ ၂၄ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဗြိတိန်ဘုရင် ချားလ်-၃ သည် လာမည့် ရက်သတ္တပတ်အတွင်း အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့သို့ လာရောက်မည်ဖြစ်သည်။

ဧပြီ ၂၇ ရက်တွင် စတင်မည့် လေးရက်ကြာ ခရီးစဉ်အတွင်း ဗြိတိန်ဘုရင် ချားလ်-၃ သည် အမေရိကန်နိုင်ငံ လွတ်လပ်ရေးရရှိမှု နှစ်၂၅၀ ပြည့် အခမ်းအနားသို့ တက်ရောက်ရန် စီစဉ်ထားခြင်းဖြစ်သည်။

ဗြိတိန်ဘုရင် ချားလ်-၃ နှင့် ဝါရှင်တန်မြို့၌ တွေ့ဆုံချိန်တွင် မိမိအနေဖြင့် နေတိုးနှင့် အမေရိကန်ဆက်ဆံရေးပြဿနာ၊ အီရန်ပြဿနာ၊ ဗြိတိန်၏ ဒစ်ဂျစ်တယ်ဝန်ဆောင်မှု အခွန်ကောက်ခံရေး ကိစ္စများ အပါအဝင် ကဏ္ဍပေါင်းစုံ ဆွေးနွေး သွားမည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က မီဒီယာများဖြင့် ပြုလုပ်ခဲ့သော အင်တာဗျူး အစီအစဉ်၌ ထုတ်ဖော်ပြောကြား ထားသည်။

အမေရိကန်နိုင်ငံနှင့် နေတိုးအုပ်စုတို့ကြား ဆက်ဆံရေးမှာ အီရန်စစ်ရေးပဋိပက္ခကို အကြောင်းပြု၍ တင်းမာလျက်ရှိသည်။

ဟော်မုဇ်ရေလက်ကြား လုံခြုံရေးအတွက် ပါဝင်ကူညီရန် အမေရိကန်အစိုးရ၏ တောင်းဆိုချက်ကို နေတိုးအဖွဲ့ဝင်နိုင်ငံများက ငြင်းပယ်ခဲ့ပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် နေတိုးအဖွဲ့ကို ပြင်းထန်စွာဝေဖန်ထားပြီး နေတိုးအဖွဲ့မှ အမေရိကန်နိုင်ငံ နုတ်ထွက်မည်ဟု ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ပစိဖိတ်သမုဒ္ဒရာအရှေ့ပိုင်း၌ မူးယစ်ရေယာဉ်ဟုယူဆရသော ရေယာဉ်ကို အမေရိကန်တပ်မတော် တိုက်ခိုက်

နယူးယောက် ဧပြီ ၂၅

ပစိဖိတ်သမုဒ္ဒရာ အရှေ့ပိုင်း၌ မူးယစ်ရေယာဉ်ဟု ယူဆရသော ရေယာဉ်ကို အမေရိကန် တပ်မတော်က ဧပြီ ၂၄ ရက်တွင် တိုက်ခိုက်ခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပစိဖိတ်သမုဒ္ဒရာ အရှေ့ပိုင်း၌ အကြမ်းဖက် အဖွဲ့အစည်းများ အသုံးပြုနေသော မူးယစ်ဆေးတင် ရေယာဉ်တစ်စီးကို ဧပြီ ၂၄ ရက်တွင် တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း အမေရိကန်တပ်မတော်က သတင်းထုတ်ပြန်ထားသည်။

အမေရိကန်အစိုးရသည် ပြီးခဲ့သည့် နှစ်ကုန်ပိုင်းမှစ၍ ကာရေဘီယံ ပင်လယ်ဒေသနှင့် ပစိဖိတ်သမုဒ္ဒရာ အရှေ့ပိုင်းတို့၌ မူးယစ်ဆေးတင် ရေယာဉ်ဟု ယူဆရသည့် ရေယာဉ်များကို စစ်အင်အားဖြင့် စတင်တိုက်ခိုက်ခဲ့သည်။

ဧပြီ ၂၄ ရက် တိုက်ခိုက်မှု အပါအဝင် အမေရိကန်တပ်မတော်၏ တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့သူအရေအတွက်မှာ ၁၈၂ ဦးထိ ရှိခဲ့သည်။

အမေရိကန်နိုင်ငံသည် ယခုလ အတွင်းမှာပင် ကာရေဘီယံနှင့် ပစိဖိတ်သမုဒ္ဒရာ အရှေ့ပိုင်းတို့၌ မူးယစ်ဆေးတင် ရေယာဉ်ဟု ယူဆရသော ရေယာဉ်များကို ခုနစ်ကြိမ်ထိ တိုက်ခိုက်ခဲ့သည်။

သို့ရာတွင် အဆိုပါရေယာဉ်များမှာ မူးယစ်ဆေးဝါး မှောင်ခိုလုပ်ငန်းများ၌ အမှန်တကယ်ပတ်သက်နေသည့် သက်သေအထောက်အထားများကို အမေရိကန်အစိုးရက ပြသနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

Ref : RT
Trs : KKO

# ဖိလစ်ပိုင်နိုင်ငံ လူဇွန်ကျွန်းအရှေ့ပိုင်း၌ ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှု တရုတ် ပြုလုပ်

မနီလာ ဧပြီ ၂၅



ဖိလစ်ပိုင်နိုင်ငံ လူဇွန်ကျွန်း အရှေ့ဘက် တောင်တရုတ်ပင်လယ်ရေပြင်အတွင်း ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း တရုတ်တပ်မတော်က ဧပြီ ၂၄ ရက် တွင် သတင်း ထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သို့ရာတွင် အဆိုပါစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည့် အချိန်နှင့် နေရာအတိအကျတို့အပါအဝင် အသေးစိတ် အချက်အလက်များကို တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ) တောင်ပိုင်းစစ်ဒေသ စစ်ဌာနချုပ် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားခြင်း မရှိကြောင်း သိရသည်။

အမေရိကန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့က ဘာလီကာတန် နှစ်စဉ်ပူးတွဲ စစ်ရေးလေ့ကျင့်မှုများ စတင်ပြုလုပ်နေချိန်တွင် တရုတ်နိုင်ငံက လူဇွန်ကျွန်းကမ်းလွန်၌ ကျည်စစ်သုံးစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိဒေသတွင်းအခြေအနေများကို တုံ့ပြန်သည့်အနေဖြင့် အဆိုပါ စစ်ရေးလေ့ကျင့်မှုများကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပီအယ်လ်အေ တောင်ပိုင်းစစ်ဒေသ စစ်ဌာနချုပ် သတင်းထုတ်ပြန်ချက် တွင် ဖော်ပြထားသည်။

အမေရိကန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့၏ ဘာလီကာတန် ပူးတွဲစစ်ရေး လေ့ကျင့်မှုသည် ဧပြီ ၂၀ ရက်တွင် စတင်ခဲ့ပြီး မေ ၈ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

အဆိုပါဖိလစ်ပိုင်နှင့် မဟာမိတ်များ၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ဒေသတွင်း တည်ငြိမ်မှု ပျက်ပြားစေမည့် လုပ်ရပ်အဖြစ် တရုတ်နိုင်ငံက ဝေဖန်ပြောကြား လေ့ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## တီယန်ဝန်-၃ အင်္ဂါဂြိုဟ်လေ့လာရေးမစ်ရှင်အတွက် နိုင်ငံတကာမိတ်ဖက်များ၏ အဆိုပြုချက်များအနက် ငါးခုကို တရုတ်အမျိုးသား အာကာသအေဂျင်စီ ရွေးချယ်



**ပေကျင်း မေ ၂၅**

တီယန်ဝန်-၃ အင်္ဂါဂြိုဟ်လေ့လာရေးမစ်ရှင်၌ ပူးပေါင်းပါဝင်လာသည့်နိုင်ငံတကာမိတ်ဖက်များ၏ အဆိုပြုချက်များအနက် ငါးခုကို တရုတ်အမျိုးသား အာကာသအေဂျင်စီက ရွေးချယ်ထားကြောင်း မေ ၂၄ ရက်တွင် ကြေညာခဲ့သည်။

တီယန်ဝန်-၃ မစ်ရှင်သည် တရုတ်အမျိုးသား အာကာသအေဂျင်စီ၏ ပထမဆုံးသော အင်္ဂါဂြိုဟ် ကျောက်သားနမူနာရယူရေးမစ်ရှင်ဖြစ်ကြောင်း သိရသည်။

တီယန်ဝန်-၃ မစ်ရှင်၌ ပူးပေါင်းပါဝင်ရေးအတွက် နိုင်ငံတကာမိတ်ဖက်များထံမှ အဆိုပြုချက် ၂၈ ခု လက်ခံရရှိခဲ့ပြီး ၎င်းအဆိုပြုချက်များအနက် ငါးခုကိုရွေးချယ်ထားကြောင်းတရုတ်အမျိုးသားအာကာသအေဂျင်စီ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် တီယန်ဝန်-၃ မစ်ရှင်၌ ပူးပေါင်းပါဝင်ရန် နိုင်ငံတကာ မိတ်ဖက်များကို ၂၀၂၅ ခုနှစ် ဧပြီလက ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီ၏ ကမ်းလှမ်းချက်အရ နိုင်ငံတကာ မိတ်ဖက်များအနေဖြင့် တီယန်ဝန်-၃ မစ်ရှင်အတွက် အလေးချိန် ကီလိုဂရမ် ၂၀ ထိရှိသည့် စူးစမ်းလေ့လာရေးစနစ်များ ထည့်သွင်းပေးနိုင်မည်ဖြစ်သည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် တီယန်ဝန်-၃ မစ်ရှင်ကို ၂၀၂၈ ခုနှစ်အတွင်း လွှတ်တင်ရန် စီစဉ်ထားပြီး အင်္ဂါဂြိုဟ် ကျောက်သားနမူနာများကို ၂၀၃၁ ခုနှစ်တွင် ကမ္ဘာပေါ်သို့ ပြန်လည်ပို့ဆောင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## အင်္ဂါဂြိုဟ်မြေမျက်နှာပြင် လက္ခဏာများက အချိန်နှင့်အမျှပြောင်းလဲနေနိုင်

**ပဲရစ် မေ ၂၅**

အင်္ဂါဂြိုဟ် မြေမျက်နှာပြင် လက္ခဏာများသည် အချိန်နှင့်အမျှပြောင်းလဲနေနိုင်ကြောင်း ဥရောပအာကာသ အေဂျင်စီ သိပ္ပံပညာရှင်များ၏အဆိုကိုကိုးကား၍ မေ ၂၄ ရက်သတင်းများအရ သိရသည်။

မားစ်အိတ်စ်ပရက်စ် အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ် ရိုက်ကူးထားသည့် ယူတိုးပီးယား ပလန်နီးရှားလွင်ပြင် ဓာတ်ပုံ အထောက်အထားများအရ အင်္ဂါဂြိုဟ်မျက်နှာပြင်သည် ကမ္ဘာ၏ ဂြိုဟ်ရံလကဲ့သို့မဟုတ်ဘဲ ဘူမိလှုပ်ရှားမှုများရှိနေသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

မားစ်အိတ်စ်ပရက်စ် အာကာသယာဉ်သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ယူတိုးပီးယား ပလန်နီးရှား လွင်ပြင်ဒေသကို ဓာတ်ပုံများ ရိုက်ကူးခဲ့သည်။



အဆိုပါဓာတ်ပုံများကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ဗိုက်ကင်း အာကာသယာဉ်က ၁၉၇၀ ပြည့်နှစ်တွင် ရိုက်ကူးခဲ့သော ယူတိုးပီးယားပလန်နီးရှားလွင်ပြင် ဓာတ်ပုံများနှင့် နှိုင်းယှဉ်လေ့လာခဲ့ကြောင်း သိရသည်။

လေ့လာတွေ့ရှိချက်များအရ အင်္ဂါဂြိုဟ် ယူတိုးပီးယားပလန်နီးရှားလွင်ပြင်၏ ဘူမိလက္ခဏာများမှာ လေတိုက်ခတ်မှုကြောင့် အပြောင်းအလဲများ ရှိခဲ့သည်ကို တွေ့ရကြောင်း ဥရောပအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

ယူတိုးပီးယားပလန်နီးရှားလွင်ပြင်သည် လွန်ခဲ့သောနှစ်ပေါင်း ၄ ဒသမ ၁ ဘီလီယံနှင့် ၄ ဒသမ ၃ ဘီလီယံကြားကာလအတွင်း အင်္ဂါဂြိုဟ်ကို ဂြိုဟ်သိမ်တစ်စင်းဝင်တိုက်ခဲ့ပြီးနောက် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## 31/ATLAS ကြယ်တံခွန်က နေအဖွဲ့အစည်းထက် များစွာပိုအေးမြသော ကြယ်တာရာဟင်းလင်းပြင်နယ်မြေတစ်ခု၌ စတင်ပေါ်ထွက်လာ

**ဝါရှင်တန် မေ ၂၅**

31/ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းထက် များစွာပိုအေးမြသော ကြယ်တာရာဟင်းလင်းပြင် နယ်မြေတစ်ခု၌ စတင်ပေါ်ထွက်လာခြင်း ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကိုကိုးကား၍ မေ ၂၄ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ မစ်ချီဂန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် 31/ATLAS ကြယ်တံခွန်ကို ချီလီနိုင်ငံအခြေစိုက် အယ်လ်ဖာ ရေဒီယိုတယ်လီစကုပ်အကူအညီဖြင့် လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ 31/ATLAS ကြယ်တံခွန် ပိုင်ဆိုင်ထားသည့် Deuterated Water ခေါ် ရေဓာတ်တစ်မျိုးပါဝင်မှုမှာ နေအဖွဲ့အစည်းအတွင်းရှိ ကြယ်တံခွန်များထက် ပို၍မြင့်မားကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ 31/ATLAS ကြယ်တံခွန် ပိုင်ဆိုင်ထားသည့် Deuterated Water ရေပမာဏမှာ နေအဖွဲ့အစည်းအတွင်းရှိကြယ်တံခွန်များထက် အဆပေါင်း ၃၀ ထိပိုများကြောင်း သိရသည်။

အဆိုပါအထောက်အထားအရ 31/ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းထက် များစွာပိုအေးမြသည့်နေရာ၌ပေါ်ထွက်လာသည့် ကြယ်တံခွန်တစ်စင်း ဖြစ်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

၂၀၂၅ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့သည့် 31/ATLAS ကြယ်တံခွန်သည်နေအဖွဲ့အစည်းကိုဝင်ရောက်ဖြတ်သန်းခဲ့သော တတိယမြောက် ကြယ်တာရာ ဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်ဖြစ်သည်။

Ref : Sputnik News

Trs : KKO

# HEALTH

## တစ်ရက်လျှင် တစ်ကြိမ်သာသောက်သုံးရမည့်သွေးတိုးကျဆေးသစ်တစ်မျိုးက လေဖြတ်နိုင်ခြေကို လျှော့ချပေးနိုင်

**လန်ဒန် မေ ၂၅**

တစ်ရက်လျှင် တစ်ကြိမ်သာ သောက်သုံးရမည့် သွေးတိုးကျဆေးသစ်တစ်မျိုးသည် လေဖြတ်နိုင်ခြေကို သိသိသာသာ လျှော့ချပေးနိုင်ကြောင်း မေ ၂၄ ရက်သတင်းများအရ သိရသည်။

GMRx2 အမည်ရှိ အဆိုပါဆေးဝါးသစ်သည် ဦးနှောက်သွေးယိုမှုဖြစ်ပွားခဲ့ဖူးသူ လူနာများ၌ လေဖြတ်နိုင်ခြေကို ၄၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

GMRx2 ဆေးသည် ရှေးယခင်ကပင် သုံးစွဲခဲ့ကြသော သွေးကျဆေးသုံးမျိုးကို ပေါင်းစပ်ထားသည့်ဆေးဖြစ်ပြီး တစ်ရက်လျှင် တစ်ကြိမ်သာ သောက်ရန်လိုကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် GMRx2 ဆေး၏ အာနိသင်ကို အတည်ပြုနိုင်ရေးအတွက် ဦးနှောက်သွေးယိုမှု ပြဿနာရှိခဲ့ဖူးသူ ဦးရေ ၁၆၇၀ တို့ဖြင့် လက်တွေ့စမ်းသပ်မှုများပြုလုပ်ခဲ့သည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ GMRx2 ဆေးသည် ဦးနှောက်သွေးယိုမှုဖြစ်ပွားဖူးသူ လူနာများ၏ လေဖြတ်နိုင်ခြေကို လျှော့ချပေးနိုင်သကဲ့သို့ နှလုံးသွေးကြောရောဂါဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

GMRx2 ဆေးသည် Telmisartan၊ Amlodipine နှင့် Indapamide သွေးကျဆေးသုံးမျိုးကို ပေါင်းစပ်ထားသော ဆေးဝါးဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## စိတ်ဖိအားဝင်ရောက်ချိန် အစာစားခြင်းနောက်ကျမှုက အူမကြီးကျန်းမာရေးပြဿနာများ ပိုဆိုးလာနိုင်

**နယူးယောက် မေ ၂၅**

အူမကြီးကျန်းမာရေးပြဿနာများသည် စိတ်ဖိအားဝင်ရောက်ချိန် အစာစားခြင်းနောက်ကျမှုကြောင့် ပိုဆိုးလာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ မေ ၂၄ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ နယူးယောက်ဆေးကောလိပ်မှ သုတေသနပညာရှင်များသည် လူပေါင်း ၁၁၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ စိတ်ဖိအားဒဏ်အပြင်းအထန် ခံစားနေရပြီး ၎င်းတို့နေ့စဉ်စားသုံးသည့် ကယ်လိုရီအစားအစာ၏ ၂၅ ရာခိုင်နှုန်းကို ည ၉ နာရီနောက်ပိုင်း စားသုံးသူများတွင် ဝမ်းချုပ်နိုင်ခြေနှင့် ဝမ်းပျက်နိုင်ခြေ ပိုမှန်ထက်မြင့်တက်နေတတ်သည်ဟု သုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။

စိတ်ဖိအားဝင်ရောက်နေချိန်တွင် ညပိုင်းအစာစားချိန်နောက်ကျပါက အူမကြီးကျန်းမာရေးပြဿနာများအပေါ် အကျိုးသက်ရောက်မှုရှိလာနိုင်ကြောင်း၊ သုတေသနပညာရှင်များ၏ အဆိုအရ စိတ်ဖိအားဒဏ် ခံစားနေရသူများ၌ အစာခြေလမ်းကြောင်းစနစ် ဇက်တီးရီးယားစုဖွဲ့မှုပုံစံ ပို၍အားနည်းနေတတ်ကြောင်း သိရသည်။

ထိုသို့အချိန်မျိုးတွင် အစာစားချိန် နောက်ကျမှုကြောင့် အစာချေလမ်းကြောင်းစနစ်နှင့် ဦးနှောက်ဝင်ရိုးတန်း ဆက်သွယ်ရေးလမ်းတစ်လျှောက်ရှိ ဇက်တီးရီးယားစုဖွဲ့မှုပုံစံများအပေါ် ဖိအားသက်ရောက်မှုပိုကြီးမားလာနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO






## ဘိုင်ယန်မြူးနစ်အသင်းက ဂိုးသမား နူးအာကို တစ်နှစ်သက်တမ်းတိုးစာချုပ် သစ်ချုပ်ဆို

**ဘာလင် မေ ၂၅**

ဘိုင်ယန်မြူးနစ် အသင်းက အသင်းမှ ဝါရင့်ဂိုးသမား နူးအာကို ၂၀၂၇ခုနှစ် ဇွန်လထိ တစ်နှစ် သက်တမ်းတိုး စာချုပ်သစ်ချုပ်ဆိုခဲ့ ကြောင်း Bild သတင်းဝက်ဘ် ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၄၀ ရှိ ဂိုးသမား နူးအာသည် ၂၀၁၁ ခုနှစ်က ရှော်ကေး အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ဘောလုံးရာသီတိုင်းတွင် အဓိက ဂိုးသမားအဖြစ် ပါဝင်ခွင့်ရရှိနေသူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီ အကုန်တွင် အသင်းနှင့်စာချုပ် သက်တမ်း ကုန်ဆုံးမည်ဖြစ်သည့် အတွက် ဘိုင်ယန်မြူးနစ်အသင်းက နောက်ထပ်တစ်နှစ်သက်တမ်း တိုးစာချုပ်သစ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

နူးအာသည် ဘိုင်ယန်မြူးနစ် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၅၉၅ ပွဲထိပါဝင်ကစားထားကာ အသင်းသမိုင်းတစ်လျှောက်တွင် ပွဲအများဆုံးကစားသမားအဖြစ် ရပ်တည် နေပြီး ဥရောပထိပ်တန်းလိဂ် ငါးခုတွင်လည်း အကောင်းဆုံးဂိုးသမားများထဲမှ တစ်ဦးအပါအဝင် ရပ်တည်နေသူဖြစ်သည်။

ဘိုင်ယန်မြူးနစ် အသင်းသည် အစောပိုင်းက နူးအာ၏ အသက် အရွယ်အပိုင်းအခြားနှင့် ကြံခိုင်မှုပိုင်း အားနည်းလာမှုများကြောင့် လမ်းခွဲရန် ဆုံးဖြတ်ခဲ့သော်လည်း နောက်ပိုင်းတွင် အသင်းတွင် ဆက်လက် ထိန်းသိမ်းလိုသည့်အတွက် တစ်နှစ်သက်တမ်းတိုး စာချုပ်သစ်ချုပ်ဆိုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး နူးအာကိုယ်တိုင်ကလည်း ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးလျှင် ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

**Ref : Bild**
**Trs : STA**



## မန်ယူအသင်းက မာတီနက်ဇ်အနီကတ်အတွက် အယူခံဝင်ရောက်ခဲ့သော်လည်း ပယ်ချခံခဲ့ရ

**မန်ချက်စတာ မေ ၂၅**

မန်ယူအသင်းက အသင်းမှ အဓိကခံစစ်ကစားသမား မာတီနက်ဇ်၏ အနီကတ်ပြစ်ဒဏ်အတွက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)ထံ အယူခံဝင်ရောက်ခဲ့သော်လည်း ပယ်ချခံခဲ့ရကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၂)အဖြစ် မေ ၁၄ ရက်က မန်ယူအသင်းနှင့် လိဒ်အသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် မာတီနက်ဇ်သည် ပွဲချိန် ၅၆ မိနစ်၌ လိဒ်အသင်းမှ တိုက်စစ်မှူး ကယ်ဗက်လီဝင်၏ ဆံပင်ကိုနောက်မှ ဆွဲခဲ့သည့်အတွက် ကွင်းလယ်ဒိုင် အဝါကတ်သာပြသခဲ့သော်လည်း VAR စနစ် ပြန်လည် ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် တိုက်ရိုက်အနီကတ်ပြသပြီး ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

မာတီနက်ဇ်သည် အနီကတ်ပြစ်ဒဏ်အတွက် ပြီးခဲ့သည့် ချဲလ်ဆီးအသင်းနှင့် ပွဲစဉ်ကို လွဲချော်ခဲ့ရသည့်အပြင် လာမည့် ဘရန့်ဖို့ဒ်အသင်း၊ လီဗာပူးအသင်းတို့နှင့် ကစားရမည့်ပွဲစဉ်များတွင်လည်း လွဲချော်ရမည်ဖြစ်သည့်အတွက် မန်ယူအသင်းက ဘရန့်ဖို့ဒ်အသင်း၊ လီဗာပူးအသင်းတို့ပွဲစဉ်တွင် မာတီနက်ဇ်ကို အသုံးပြုလိုသဖြင့် ပြစ်ဒဏ်ကို အယူခံ ဝင်ရောက်ခဲ့သော်လည်း ပယ်ချခံခဲ့ရသည့်အတွက် မာတီနက်ဇ်အနေဖြင့် ဘရန့်ဖို့ဒ်အသင်း၊ လီဗာပူးအသင်းတို့ ပွဲစဉ်များကို လွဲချော်ရမည်ဖြစ်သည်။

မန်ယူအသင်းက မာတီနက်ဇ်၏ အနီကတ်ပြစ်ဒဏ်အတွက် အယူခံ ဝင်ရောက်ခဲ့သော်လည်း အင်္ဂလန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ပြိုင်ဘက်ကစားသမား ဆံပင်ကို ဆွဲခဲ့သည့်လုပ်ရပ်ကို လက်ခံမည် မဟုတ်ဘဲ သတ်မှတ်ထားသည့် သုံးပွဲပယ်ပြစ်ဒဏ်သာ ကျခံရမည်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : STA**

## မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)က နွေရာသီအခြေခံဘောလုံးသင်တန်း (အခမဲ့) ဒုတိယအပတ်စဉ် ဖွင့်ပွဲအခမ်းအနား ကျင်းပ




**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ လူငယ်မောင်မယ်များ နွေရာသီကျောင်းပိတ်ရက်အတွင်း အချိန်ကို အကျိုးရှိစွာ အသုံးပြုနိုင်စေရန်နှင့် အခြေခံဘောလုံး နည်းစနစ်များ မှန်ကန်စွာ တတ်မြောက်စေရန် အခမဲ့ဖွင့်လှစ်သည့် နွေရာသီအခြေခံဘောလုံးသင်တန်း (အခမဲ့) ဒုတိယအပတ်စဉ် ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီက ရန်ကုန်မြို့ ရန်ကုန် အကယ်ဒမီ မြက်ခင်းတုကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာအခမ်းအနားတွင် တာဝန်ရှိသူများက အဖွင့်အမှာစကားများ အသီးသီး ပြောကြားခဲ့ကြပြီးနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာ Mr. Mita က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် AYA Bank မှ Chief Business Officer ဦးနေလင်းထွဋ်က အားကစားကဏ္ဍတွင် ပူးပေါင်းပါဝင် ပံ့ပိုးမှုအခြေအနေများကို လည်းကောင်း၊ Royal-D မှ Senior Commercial Manager ဒေါ်စုသာနိုင်က လူငယ်များနှင့် အားကစား ကျန်းမာရေးဆိုင်ရာ ပံ့ပိုးမှုများကိုလည်းကောင်း၊ M21 Sport မှ Marketing Manager ဦးကောင်းခန့်နိုင်က အားကစား အသုံးအဆောင်ပစ္စည်းများ ပံ့ပိုးကူညီမှုနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ သင်တန်းသားများ၊ မိဘအုပ်ထိန်းသူများကို အဓိက ပံ့ပိုးကူညီသူများဖြစ်သော AYA Bank က ရှေ့ရင်အေးများဖြင့် ဧည့်ခံကျွေးမွေးခဲ့ပြီး Royal-D ကလည်း ဓာတ်ဆားရည်များ တိုက်ကျွေးကာ အားဖြည့်ကူညီခဲ့ကြကြောင်း သိရသည်။ **STA**

## ဝယ်သာဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်အတွက် အဲရိုလ်စပန့်က တင်မ်တီဇူးနှင့် ထိုးသတ်ရန် သဘောတူညီချက်ရရှိ

**နယူးယောက် မေ ၂၅**

ဝယ်သာဝိတ်တန်း ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို လက်လွှတ် ဆုံးရှုံးထားရသည့် အမေရိကန်လက်ဝှေ့သမား အဲရိုလ်စပန့်သည် ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် သြစတြေးလျလက်ဝှေ့သမား တင်မ်တီဇူနှင့် ထိုးသတ်ရန် သဘောတူညီချက်ရရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Fox News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဲရိုလ်စပန့်သည် အမေရိကန် လက်ဝှေ့သမား တစ်ဦးပင်ဖြစ်သည့် ခရောဖို့ဒ်ကို ရှုံးနိမ့်ကာ ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို စွန့်လွှတ်ခဲ့ရသော်လည်း ခရောဖို့ဒ်သည် လက်ဝှေ့လောကမှ အနားယူခဲ့သောကြောင့် လစ်လပ်နေသည့် ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ထိုးသတ်ခွင့်ရရှိထားသော တင်မ်တီဇူနှင့်ထိုးသတ်ရန် ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ခဲ့ပြီးနောက် သဘောတူညီချက်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်ကို လာမည့် ဇူလိုင် ၂၆ ရက်တွင် ထိုးသတ်ရန် သဘောတူညီချက်ရရှိခဲ့ပြီး ထိုးသတ်မည့်နေရာကို ရွေးချယ်နေဆဲဖြစ်သော်လည်း အမေရိကန်နိုင်ငံအတွင်း၌သာ ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

အဲရိုလ်စပန့်က "ကျွန်တော် ဆုံးရှုံးခဲ့ရတဲ့ ခါးပတ်ကို ပြန်ယူချင်ပါတယ်။ လစ်လပ်နေတဲ့ ကမ္ဘာ့ချန်ပီယံခါးပတ်ကို အမြန်ဆုံး ပြန်ယူသွားမယ်။ တင်မ်တီဇူနဲ့ထိုးသတ်သွားဖို့အတွက် ဆွေးနွေးမှု အောင်မြင်ခဲ့ပါတယ်။ ဇူလိုင် ၂၆ ရက်မှာ ထိုးသတ်သွားဖို့ ရက်သတ်မှတ်ထားပြီးဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Fox News**
**Trs : AZL**

## The Chevron Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီး နယ်လီကော့ဒါက အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်

**ဟောက်စတန် မေ ၂၅**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဟောက်စတန်မြို့တွင် ကျင်းပနေသည့် The Chevron Championship ဂေါက်သီးရိုက် ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် ကမ္ဘာ့အဆင့်(၂) အမေရိကန်ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ထိုင်းဂေါက်သီးရိုက်မယ် တာဗာတာနာကစ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန် ဂေါက်သီးရိုက်မယ်များဖြစ်ကြသည့် တိုးလီ၊ အိုကီဖီ၊ တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ယွန်းအိုင်နာတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နေကြသည်။

နယ်လီကော့ဒါ အနေဖြင့် ဒုတိယနေ့တွင် ပုံစံကောင်းများ ပြသနိုင်ခဲ့ပြီး ဒုတိယနေရာမှ တာဗာတာနာကစ်ကို ရိုက်ချက်ခြောက်ချက်ထိ ဖြတ်တောက်ထားနိုင်ခဲ့သည်။

နယ်လီကော့ဒါက "ကစားရတာ သက်သောင့်သက်သာရှိပါတယ်။ လွတ်လပ်ပေါ့ပါးစွာနဲ့ ပြိုင်ပွဲဝင်ရတဲ့အတွက်ကြောင့် ဖိအားမရှိဘူး။ ဖိအားမရှိတဲ့အတွက် တည်တည်ငြိမ်ငြိမ်နဲ့ ကစားနိုင်ခဲ့ပါတယ်။ အမှားတချို့ ရှိခဲ့ပေမဲ့လဲ အမှားတွေကို ပြင်ဆင်ပြီး အကောင်းဆုံးပုံစံနဲ့ ကစားနိုင်ခဲ့တာဟာ အပေါင်းလက္ခဏာဆောင်တဲ့အချက်ဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။



**Ref : Sky Sports**
**Trs : AZL**

# စပိန်လာလီဂါပြိုင်ပွဲ၏ ဧပြီလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဘာစီလိုနာအသင်းမှ လမိုင်းယာမယ်ဆွတ်ခူး



ဘာစီလိုနာ ဧပြီ ၂၅

စပိန်လာလီဂါပြိုင်ပွဲ၏ ဧပြီလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဘာစီလိုနာအသင်း လူငယ်တိုက်စစ်ကစားသမား လမိုင်းယာမယ်က ဆွတ်ခူးခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လမိုင်းယာမယ်သည် ဘာစီလိုနာအသင်းနှင့်အတူ ဧပြီလအတွင်းကစားခဲ့သည့် စပိန်လာလီဂါပွဲစဉ်များတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ဘာစီလိုနာအသင်းက အက်စပန်ညိုအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှုနှစ်ကြိမ်၊ ဘာစီလိုနာအသင်းက ဆယ်တာဗီဂို အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သည့်ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့ပြီးနောက် ဧပြီလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

လမိုင်းယာမယ်သည် ယခုနှစ် ဘောလုံးရာသီတွင် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၅ ပွဲထိပါဝင်ကစားထားပြီး သွင်းဂိုး ၂၄ ဂိုးသွင်းယူထားကာ ဂိုးဖန်တီးမှု ၁၇ ကြိမ် ပြုလုပ်ထားသည်။

သို့သော်လမိုင်းယာမယ်သည် ပြီးခဲ့သည့် ဆယ်တာဗီဂိုအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ရရှိခဲ့သည့် ပေါင်ဒဏ်ရာကြောင့် ယခုနှစ် ဘောလုံးရာသီအကုန်ထိ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# အကြိမ် ၂၀ မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်




နေပြည်တော် ဧပြီ ၂၅

အကြိမ်၂၀မြောက် အရှေ့တောင်အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အကြိမ်၂၀မြောက် အရှေ့တောင်အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံ အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်၊ အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်၊ အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့၏အဖွဲ့ဝင်နိုင်ငံများ ချစ်ကြည်ရင်းနှီးမှုရှိစေရန်အတွက် ရည်ရွယ်ပြီး ကျင်းပသွားမည်ဖြစ်သည်။

အကြိမ် ၂၀ မြောက် အရှေ့တောင်အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)ခန်းမတွင် လာမည့် မေ ၁၄ ရက်မှ ၁၈ ရက်ထိ ကျင်းပမည်ဖြစ်သည်။

အကြိမ် ၂၀ မြောက် အရှေ့တောင်အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် စုစုပေါင်း ပြိုင်ပွဲအမျိုးအစား ၂၂ မျိုးကို ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ STA

# ရီးရဲလ်မက်ဒရစ်အသင်းမှ အမ်ဘာတ်ပီ ဒဏ်ရာကြောင့်လာမည့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်သော်လည်း ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပါဝင်နိုင်မည်

မက်ဒရစ် ဧပြီ ၂၅

စပိန်လာလီဂါပွဲစဉ်(၃၂)အဖြစ် ဘက်တစ်အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး အမ်ဘာတ်ပီသည် တံကောက်ကြောဒဏ်ရာ ရရှိခဲ့သဖြင့် လာမည့်အက်စပန်ညိုအသင်းနှင့် ပွဲစဉ်ကိုလွဲချော်မည်ဖြစ်သော်လည်း ပြင်သစ်အသင်းနှင့်အတူ ကစားရမည့်ကမ္ဘာ့ဖလားပြိုင်ပွဲကို ပါဝင်နိုင်မည်ဖြစ်ကြောင်း Goal.com သတင်းဝက်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

တိုက်စစ်မှူး အမ်ဘာတ်ပီသည် ဘက်တစ်အသင်းနှင့် ပွဲစဉ်တွင် ဒုတိယပိုင်းပွဲချိန် မိနစ် ၈၀ ၌ တံကောက်ကြော ဒဏ်ရာရရှိခဲ့သောကြောင့် ပြိုင်ပွဲကို ဆက်လက်ကစားနိုင်ခြင်း မရှိသည့်အတွက် လူစားလဲထွက်ခွာခဲ့ရသည်။

ထို့နောက် အမ်ဘာတ်ပီ၏ ဒဏ်ရာကို အသင်းဆေးအဖွဲ့က အသေးစိတ်စစ်ဆေးခဲ့ပြီးနောက် ဒဏ်ရာမှာ ရက်အနည်းငယ်အတွင်း ပြန်လည်သက်သာလာကာ အက်စပန်ညိုအသင်းနှင့် ကစားရမည့်ပွဲစဉ်ကိုသာ လွဲချော်မည်ဖြစ်သော်လည်း လာမည့် ဇွန်လတွင် ကစားရမည့်ကမ္ဘာ့ဖလားပြိုင်ပွဲကို ပါဝင်နိုင်မည်ဟု အတည်ပြုခဲ့သည်။

အမ်ဘာတ်ပီသည် ယခုနှစ် ဘောလုံးရာသီတွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၄ ပွဲ ကစားထားပြီး သွင်းဂိုး ၄၂ ဂိုးနှင့် ဂိုးဖန်တီးမှု ငါးကြိမ်ပြုလုပ်ကာ ခြေစွမ်းပြသထားကြောင်း သိရသည်။




Ref : Goal.Com

Trs : ML

## အီတလီစီးရီးအေပြိုင်ပွဲ ပွဲစဉ်(၃၄) ပွဲကြိုသုံးသပ်ချက်

STA

**လာဇီယို Vs အူဒီးနီးစ်**

ကစားမည့်ရက်/အချိန် ၂၈ - ၄- ၂၀၂၆ (နံနက် ၀၁:၁၅ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

လာဇီယို ၁ - ၁ အူဒီးနီးစ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| လာဇီယို | - | ဝေး(ရှုံး) | ဝေး(နိုင်) | ဝေး(သရေ) |
| အူဒီးနီးစ် | - | အိမ်(သရေ) | ဝေး(နိုင်) | အိမ်(ရှုံး) |

လာဇီယိုအသင်းဟာ အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်တဲ့အသင်းတစ်သင်းဖြစ်လို့ အိမ်ကွင်းမှာ နိုင်ပွဲရရှိဖို့အမှားခံမှာမဟုတ်ပါဘူး။ အူဒီးနီးစ်အသင်းအတွက်ကလဲ တန်းဆင်းဇုန်ဖိအားမရှိတော့ လက်ကျန်ပွဲစဉ်တွေမှာ ရလဒ်ပိုင်းက အရေးမကြီးတော့ပါဘူး။ ဒါ့ကြောင့် အခုပွဲစဉ်မှာ အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးကစားလာမယ့် လာဇီယိုအသင်းကိုအားပေးရမှာပါ။

ခန့်မှန်းရလဒ်- လာဇီယို ၂ - ၀ အူဒီးနီးစ်

**ကက်ဂလီယာရီ Vs အတ္တလန်တာ**

ကစားမည့်ရက်/အချိန် ၂၇ - ၄- ၂၀၂၆ (ည ၁၁:၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အတ္တလန်တာ ၂ - ၁ ကက်ဂလီယာရီ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ကက်ဂလီယာရီ | - | ဝေး(ရှုံး) | ဝေး(နိုင်) | ဝေး(ရှုံး) |
| အတ္တလန်တာ | - | အိမ်(ရှုံး) | ဝေး(သရေ) | အိမ်(သရေ) |

တန်းဆင်းဇုန်ဖိအားကြောင့် ကက်ဂလီယာရီအသင်းဟာ ရမှတ်လိုအပ်ချက်တွေရှိနေတယ်ဆိုပေမယ့် ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရပါတယ်။ ဒီရာသီမှာ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်သာ မျှော်လင့်ချက်ရှိတော့တဲ့ အတ္တလန်တာ အသင်းကလဲ လက်ကျန်ပွဲစဉ်တွေမှာရလဒ်ကောင်းဖို့အကောင်းဆုံးပြင်ဆင်လာမှာပါ။ ဒါ့ကြောင့် လက်ရှိခြေစွမ်းပိုင်းက အသာစီးမှာရှိနေတဲ့ အတ္တလန်တာအသင်းက အဝေးကွင်းမှာနိုင်ပွဲ ရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ်- ကက်ဂလီယာရီ ၁ - ၂ အတ္တလန်တာ

## စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်(၃၂) ပွဲကြိုသုံးသပ်ချက်

STA

**အက်စ်ပန်ညို Vs လီဗန်တေး**

ကစားမည့်ရက်/အချိန် ၂၈ - ၄- ၂၀၂၆ (နံနက် ၀၁:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

လီဗန်တေး ၁ - ၁ အက်စ်ပန်ညို

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အက်စ်ပန်ညို | - | ဝေး(သရေ) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| လီဗန်တေး | - | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(နိုင်) |

တန်းဆင်းဇုန်ဖိအားရှိနေတဲ့ အက်စ်ပန်ညိုအသင်းအတွက် ရမှတ်လိုအပ်ချက်ရှိနေလို့ အိမ်ကွင်းမှာ နိုင်ပွဲရယူဖို့အကောင်းဆုံးပြင်ဆင်လာမှာပါ။ လီဗန်တေးအသင်းကလဲ တန်းဆင်းဇုန်ထဲရောက်နေလို့ ရုန်းကန်နေပြီး နှစ်ပွဲဆက်နိုင်ပွဲရယူထားပေမယ့် အဝေးကွင်းခြေစွမ်းပိုင်းက စိတ်ချလို့မရပါဘူး။ ဒါ့ကြောင့် အိမ်ရှင်အားသာချက်နဲ့ တန်းဆင်းဇုန်ဖိအားကရုန်းထွက်မယ့် အက်စ်ပန်ညိုအသင်းကအနိုင်ရယူသွားမှာပါ။

ခန့်မှန်းရလဒ်- အက်စ်ပန်ညို ၂ - ၁ လီဗန်တေး

## ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၄) ပွဲကြိုသုံးသပ်ချက်

STA

**မန်ယူ Vs ဘရန့်ဖို့ဒ်**

ကစားမည့်ရက်/အချိန် ၂၈ - ၄- ၂၀၂၆ (နံနက် ၀၁:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘရန့်ဖို့ဒ် ၃ - ၁ မန်ယူ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| မန်ယူ | - | ဝေး(သရေ) | အိမ်(ရှုံး) | ဝေး(နိုင်) |
| ဘရန့်ဖို့ဒ် | - | ဝေး(သရေ) | အိမ်(သရေ) | အိမ်(သရေ) |

အခုပွဲစဉ်မှာသာအနိုင်ရရှိမယ်ဆိုရင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့် သေချာစေမယ့် မန်ယူအသင်းအတွက် အိမ်ကွင်းမှာ အမှားခံမှာမဟုတ်ပါဘူး။ ဘရန့်ဖို့ဒ်အသင်းကတော့ ခြေစွမ်းပိုင်းက မတည်မဖြစ်နေပြီး အဝေးကွင်းဆိုရင်ရုန်းကန်နေရပါတယ်။ ဒါ့ကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိဖို့လိုအပ်နေတဲ့ အနိုင် သုံးမှတ်အတွက် မန်ယူအသင်းက အိမ်ကွင်းမှာ နိုင်ပွဲရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ်- မန်ယူ ၃ - ၂ ဘရန့်ဖို့ဒ်

# Golden Heart Film Production က ရိုက်ကူးသည့် ကပ်ပူးလေး ရုပ်ရှင်ဇာတ်ကား Premiere Show ပြုလုပ်



**ရန်ကုန် ဧပြီ ၂၅**

Golden Heart Film Production က ရိုက်ကူးသည့် ကပ်ပူးလေး ရုပ်ရှင်ဇာတ်ကား Premiere Show ကို ဧပြီ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ နဝဒေးအဆင့်မြင့် ရုပ်ရှင်ရုံကြီးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကပ်ပူးလေး ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို မင်းကိုစိုး (နတ်သံကွင်း) က ရေးသားထားပြီး ဒါရိုက်တာ စိုးမိုးမင်းက Golden Heart Film Production အတွက် တာဝန်ယူ ပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရ သည်။

"ဒီဇာတ်ကားမှာ သူဌေး တစ်ယောက်နဲ့ ကောင်မကလေး တစ်ယောက်ရဲ့ အချစ်၊ အလွမ်းလေးတွေနဲ့ ဟာသပေါင်းစပ်ထားတဲ့ စိတ်ကူးယဉ်ဇာတ်မြူးပုံစံလေး ရိုက်ကူးထားပါတယ်။ ပရိသတ်တွေ မြင်နေကျဖြစ်တဲ့ အေးအေးလေးနေတတ်တဲ့ ပိုးမမီသာကို ခပ်လှုပ်လှုပ် ကာရိုက်တာလေး ပေးထားပါတယ်။ နေဝင်းနဲ့ ကိုခင်လှိုင်ကိုတော့ နည်းနည်း ဟာသပုံစံလေးနဲ့ သေချာလေး ရိုက်ကူးထားပါတယ်။ ဘယ်သူက ဘယ်သူ့ကို ကပ်ပူးမလဲဆိုတာလေးကို အက်ရှင်ပုံစံလေးနဲ့ မြင်ရမှာပါ။ ဒီရုပ်ရှင်ကားကို မေ ၁ ရက်မှာ ရုံတင်ပြသမှာပါ"ဟု ဒါရိုက်တာ စိုးမိုးမင်းက ပြောပြသည်။

အဆိုပါ ကပ်ပူးလေး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေဝင်း၊ ဟိန်းသီဟ၊ ခင်လှိုင်၊ ဇော်ဝင်းနိုင်(မန်း)၊ သွက်လက်၊ မင်းသူ၊ မောင်ကင်း၊ ပိုးမမီသာ၊ ခြူးစစ်ဟန်၊ ဥသြသံသာနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သိရသည်။

ASH

# Apple ကုမ္ပဏီ၏ Liminal ဇာတ်ကား၌ ဖရန်ကာပိုတန်တီနှင့် ထရေစီလက်တို့ပါဝင်မည်

**နယူးယောက် ဧပြီ ၂၅**

Apple Original ကုမ္ပဏီ၏ Liminal အမည်ရှိ သိပ္ပံလျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသမီး ဖရန်ကာပိုတန်တီနှင့် မင်းသား ထရေစီလက်တို့လည်း ပါဝင်မည်ဖြစ်ကြောင်း ဧပြီ ၂၄ ရက်သတင်းများအရ သိရသည်။

Liminal ဇာတ်ကားတွင် ဖရန်ကာပိုတန်တီနှင့် ထရေစီလက်တို့သည် မင်းသမီး ဗက်နက်ဆာကာဘီ၊ မင်းသား အက်ဒူမာတင်-၂ တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Liminal ဇာတ်ကားသည် အမေရိကန် ရုပ်ပြကာတွန်းဆရာ ဂျေမိုက်ကယ် စထရာဇင်စကီးနှင့် စတီအက်တင်းတို့၏ Telepaths အမည်ရှိ ရုပ်ပြဝတ္ထုကို အခြေခံ ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Liminal ဇာတ်ကားသည် လူဦးရေ၏ ၁၀ ပုံ တစ်ပုံတို့ လျှပ်စစ်သံလိုက်စက်ကွင်း ဖောက်ပြန်မှုကြောင့် စိတ်စွမ်းအင်များ ပိုင်ဆိုင်လာကြသည့် ခေတ်တစ်ခေတ်ကို နောက်ခံထားရိုက်ကူးမည့် သိပ္ပံဇာတ်ကားဖြစ်သည်။

လက်ရှိအချိန်တွင် Liminal ဇာတ်ကား၌ ဖရန်ကာပိုတန်တီနှင့် ထရေစီလက်တို့ ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာများကို Apple ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**





# CANAL+ ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် မိုးကြွေတဲ့ဆောင်း ရုပ်သံဇာတ်လမ်းတွဲ Premiere Show ပြုလုပ်

**ရန်ကုန် ဧပြီ ၂၅**

CANAL+ရုပ်သံလိုင်းမှ မိုးကြွေတဲ့ဆောင်း ရုပ်သံဇာတ်လမ်းတွဲ Premiere Show ကို ဧပြီ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကန်သာယာ မင်္ဂလာရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးကြွေတဲ့ဆောင်း ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မယ်ခိုင်က ရေးသားထားပြီး ဒါရိုက်တာ သန့်ဇင်က တာဝန်ယူပုံဖော်ဖန်တီးပေးထားကြောင်း သိရသည်။

“တုတုနဲ့ ဗီတာက ခုမှ ဒီဇာတ်လမ်းတွဲမှာ ပထမဆုံး စဆုံဖူးတဲ့ကားပါ။ မမနဲ့မောင်လေးနေရာက သရုပ်ဆောင်ထားပါတယ်။ မိန်းကလေးအများစု အားကျခြင်းတွေ ခံရတဲ့ စီးပွားရေးလုပ်ငန်းရှင် မျိုးမမနေရာမှာ တုတုက ပါဝင်သရုပ်ဆောင်ထားပါတယ်။ တကယ်တော့ လူတကာအားကျကြပေမဲ့ ကိုယ်က မိသားစုမရှိဘဲ အထီးကျန်နေတဲ့သူပေါ့နော်။ မျိုးမမ ကာရိုက်တာက သိပ်လှနေရမဲ့ ကာရိုက်တာ ဖြစ်ပါတယ်။ ဒီကားထဲမှာ မောင်လေးတွေတော့သဘောမကျဘူး။ ဒါပေမဲ့ အချစ်ကြီးသူတစ်ယောက်နေရာက အကောင်းဆုံး ကြိုးစားထားပါတယ်" ဟု သရုပ်ဆောင် ဆောင်းဝတ်ရည်မေက ပြောပြသည်။



အဆိုပါ မိုးကြွေတဲ့ဆောင်း ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ပိုင်ဇေရဲထွန်း၊ ဗီတာမင်၊ လင်းယံထက်၊ မယ်လိုဒီ၊ ဆောင်းဝတ်ရည်မေ၊ နှင်း၊ ရှင်ဖုန်းနွယ်၊ မေမြန်မာ၊ နန်းကေသရီနှင့် အခြား သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Fleur ဒရာမာရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး လီဇာကိုလွန်ဇာယက် ပါဝင်လာ

**နယူးယောက် ဧပြီ ၂၅**

Fleur အမည်ရှိ ဒရာမာရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသမီး လီဇာကိုလွန်ဇာယက်လည်း ပါဝင်လာကြောင်း ဧပြီ ၂၄ ရက် သတင်းများအရ သိရသည်။

Fleur ဇာတ်ကားတွင် မင်းသမီး လီဇာကိုလွန်ဇာယက်သည် မင်းသမီး ပေးဘာရီနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Fleur ဇာတ်ကားသည် နယူးယောက်မြို့မှ အိမ်ရှင်မတစ်ဦး အမေရိကန်နိုင်ငံမှ ခင်ပွန်းဖြစ်သူကိုစွန့်ခွာ၍ ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ဘဝသစ်တည်ဆောက်ခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားကို ကင်မရွန်းအမျိုးသမီး ဒါရိုက်တာ အယ်လီဖိုအမ်ဘီက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Fleur ဇာတ်ကားကို ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်၌ စတင်ရိုက်ကူးနေပြီဖြစ်သည်။

Fleur ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# Mix Max Production က ရိုက်ကူးထုတ်လုပ်မည့် သီတလရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးမှု အခမ်းအနားပြုလုပ်

**ရန်ကုန် ဧပြီ ၂၅**

Mix Max Production က ရိုက်ကူးထုတ်လုပ်မည့် သီတလ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးမှုအခမ်းအနားကို ဧပြီ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အိမ်တော်ရာစေတီတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သီတလရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်းကို ညီအောင်ညီက ရေးသားထားပြီး ညီအောင်ညီနှင့် အေးမြတ်ချိုတို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ သော်တာအောင်က Mix Max Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ဒီဇာတ်ကားက ပရိသတ်တွေ မြင်တွေ့နေကျ ချစ်ကြိုက်ဇာတ်လမ်းပုံစံမျိုး မဟုတ်ဘဲ ဘာသာရေးကို ပညာပေး ဇာတ်လမ်းလေးပါ။ ဒီဇာတ်ကားမှာ ကိုနေထက်လင်းနဲ့ မစုဒါလီကို ကိုယ့်အဖေ၊ အမေနေရာမှာ သေချာရွေးချယ်ပြီး ပါဝင်ဖို့ ကမ်းလှမ်းခဲ့တာပါ။ သဘောလဲကျတယ်။ တချို့က ဆိုရင် ကိုယ့်အဖေနဲ့ အမေလို့တောင် ထင်နေကြတာလဲရှိပါတယ်။ ဒီဇာတ်လမ်းတွဲကို ရန်ကုန်မြို့၊ ကျိုက်ထိုမြို့၊ ပဲခူးမြို့တို့မှာ ဇာတ်အိမ်တည် ရိုက်ကူးမှာဖြစ်ပါတယ်။ ဇာတ်လမ်းတွဲက အပိုင်း (၂၀)ထိ ရိုက်ကူးပုံဖော်မှာဖြစ်ပါတယ်"ဟု အဆိုပါ သီတလရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်မည့်သရုပ်ဆောင် မင်းသာကီက ပြောပြသည်။

သီတလ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် မင်းသာကီ၊ ဟိန်းရတု၊ နေထက်လင်း၊ ဟိန်းဇော်ထက်၊ ကောင်းမြတ်၊ သက်ဦးကို၊ ဟိန်းဇေ၊ ရဲမာန်၊ ကျော်မိုးပိုင်၊ စိုင်းဇေယျာ၊ နေခြည်ရွှန်းလက်၊ ယွန်းဝင့်လွှာအောင်၊ လင်းလက်ခွန်ချို၊ စုဒါလီနှင့် အခြား အနုပညာရှင်များစွာ ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။ ASH

# President of the Republic of the Union of Myanmar U Min Aung Hlaing receives member of the Political Bureau of the Communist Party of China Central Committee and Minister for Foreign Affairs H.E. Mr. Wang Yi and delegation



**President of the Republic of the Union of Myanmar U Min Aung Hlaing holds talks with member of the Political Bureau of the Communist Party of China Central Committee and Minister for Foreign Affairs H.E. Mr. Wang Yi.**

**Nay Pyi Taw April 25**

President of the Republic of the Union of Myanmar U Min Aung Hlaing received a delegation led by member of the Political Bureau of the Communist Party of China Central Committee and Minister for Foreign Affairs H.E. Mr. Wang Yi at the Presidential Palace Reception Hall in Nay Pyi Taw this afternoon.

During the call, the President expressed his pleasure and honor regarding the congratulatory message sent by the President of the People's Republic of China, H.E. Mr. Xi Jinping, within an hour of his election—a gesture that demonstrates the seriousness with which China views its relationship with Myanmar. He then thanked H.E. Mr. Wang Yi for visiting so soon after the new administration took office. The President affirmed that, during its term, the government will further strengthen relations and cooperation between Myanmar and China.

In his discussions, the Chinese Foreign Affairs Minister relayed a congratulatory message and good wishes from PRC President H.E. Mr. Xi Jinping on His Excellency U Min Aung Hlaing's election as President. China demonstrated its seriousness regarding Myanmar and its people by sending this message within an hour of the presidential election process and dispatching a delegation to attend the inauguration ceremony. The PRC Foreign Minister stated, "I believe Myanmar will become a nation achieving long-term development under the leadership of His Excellency, the President." He further noted that China would continue to accelerate progress on issues that benefit both countries and the socioeconomic lives of their peoples. He also promised that China would maintain its support for Myanmar on the international stage.

Afterward, the President and the PRC Foreign Affairs Minister cordially exchanged views on improving diplomatic relations and friendship. They discussed the establishment of a "community with a shared future," as well as China's steadfast support for Myanmar's path to success—one that is appropriate to Myanmar's situation and supported by its people. They also deliberated on matters relating to unwavering support for state peace and stability, ethnic reconciliation, and social harmony. Furthermore, they discussed continuing bilateral cooperation to ensure border stability, trade facilitation, and internal peace. Regarding the damage caused by the Mandalay earthquake, the two discussed China's continuous assistance for rehabilitation and reconstruction. Talks also covered opportunities to promote cooperation in international relations and the ASEAN Community. They sought ways to enhance Myanmar's participation in ASEAN, noting that the country had successfully held a multi-party democracy general election and that the government is now steering the nation toward democracy. Other topics included Myanmar's support for President Xi's four-point proposal for peace in the Middle East, as well as cementing cooperation in border trade, energy, minerals, agriculture, technology, and anti-online scam and gambling initiatives and promoting the existing friendship and cooperation between the two countries.

The President and PRC Foreign Affairs Minster exchanged commemorative gifts and posed for documentary photos together with the attendees.

Also present at the call were Union Minister at the President's Office U Khin Maung Yi, Union Minister for Home Affairs Lt-Gen Nyunt Win Swe, Union Minister for Foreign Affairs U Tin Maung Swe, and Vice Chairman of National Solidarity and Peacemaking Central Committee Lt-Gen Yar Pyae. The PRC FM was accompanied by Ambassador of PRC to Myanmar H.E. Ms. Ma Jia, the deputy minister of foreign affairs of China and members of the delegation. 100

---

*From Page 13*

As the town has been successfully recaptured, the desire of local people to return to their native land and property in peace of mind and to lead peaceful lives for their socioeconomic lives without fearing the threats of life, intimidation and concerns has been fulfilled.

The Tatmadaw columns fought relentlessly against the enemies without regard their lives to control Falam and the area phase by phase and launch a total of 109 major fighting/skirmishes, seizing 19 enemy bodies, 33 assorted weapons, ammunition and paraphilia while some officers and other ranks had to sacrifice their lives nobly for the Tatmadaw and the State.

CDF so-called terrorists, while taking temporary control of Falam and its surrounding areas, built bunkers at religious buildings, schools, departmental buildings, hospitals and residential buildings to fight against Tatmadaw columns, used the people as human shield and buildings as defence structures and looted valuable things, foodstuffs and household items by breaking into houses and shops. As a result, local residents including the elderly and children had to flee to nearby towns and villages in great difficulties out of abhorrence and hatred.

Tatmadaw columns are taking measures to enable the temporarily displaced local residents to return to Falam safely, to operate government functions as soon as possible and to give priority to clearing the landmines laid wickedly by terrorist insurgents and plans are underway to rebuild the schools, hospitals/clinics, departmental and office buildings, religious edifices and residential quarter in cooperation with local residents. Security forces will accelerate conter-terrorism operations to completely eliminate terrorist insurgents in Chin State.

The government has invited EAOs to peace talks without preconditions with the aim of solving political issues through political means and ending armed conflicts.. Therefore, members of the Myawady news team would like to convey the message that it is time for armed groups including the PDFs to grasp the opportunity to take the correct path. 100

---

# Cambodia, Lithuania vow to further promote ties

**Phnom Penh April 25**

Cambodia and Lithuania have vowed to further advance bilateral relations and cooperation for the benefit of both countries and their peoples, said a Cambodian foreign ministry's press release on Saturday.

The commitment was made during a meeting held here between Cambodian Deputy Prime Minister and Minister of Foreign Affairs and International Cooperation Prak Sokhonn and Lithuanian Foreign Minister Kestutis Budrys, said the press release issued at the conclusion of Budrys's two-day official visit to Cambodia.

Sokhonn underscored the importance of sustained political engagement at all levels and extended appreciation to Lithuania's contributions to global mine clearance efforts, encouraging its continued support.

Xinhua

# Tatmadaw columns completely recapture and regain control of Falam Town and the entire region, temporarily held by terrorist insurgent groups operating under the name CDF



Military columns recapture Falam Town, which had been temporarily held by terrorist insurgents operating under the name CDF

Falam Town People's Hospital recaptured.

**Nay Pyi Taw April 25**

Falam Town, the second capital of Chin State, is a hill town where state, district, and township offices are located. To its north lies Tedim Township, and to its south lies Hakha Township. Near Falam Town, there is an airstrip at Surbung Mountain, making it the first town in Chin State to have an airport. From Falam, one can travel to Kale Township in Sagaing Region, and via Falam-Hakha to Gangaw Township in Magway Region. It is a strategically located and peaceful town.

In such a peaceful hill region, the CRPH, NUG terrorist groups incited and encouraged groups posing as CDF to recruit and train local civilians—who were living honestly and peacefully—by promising democracy and regional development as political incentives. They indoctrinated them with terrorist training, turning them into violent actors who destroyed the lives, property, and wealth of local residents. Aiming to disrupt government administrative mechanisms and hinder development, these groups, under the name of the Chin Brotherhood Operation, waged battles in towns and villages and attacked lightly defended military outposts using overwhelming force. On November 8, 2024, they launched a major assault on Falam Town against the local garrison regiment and security forces responsible for the town's security. In response, the security forces fought back valiantly, disregarding their own lives, with a spirit to fight until the last bullet and person, and the determination never to surrender. However, the terrorists, using superior forces obtained through coercion and forced recruitment, and using local ethnic civilians as human shields, attacked the security forces. To avoid harming ethnic civilians and to minimize damage to homes, religious buildings, schools, and hospitals, the security forces defended themselves with restraint. After six months of defensive operations, and due to increasing casualties, the security forces tactically withdrew in an orderly manner on May 6, 2025, allowing the terrorist insurgents to temporarily occupy Falam Town.

To recapture Falam Town, a capital of a Chin State district, as quickly as possible and to destroy the CDF terrorist insurgents, the military columns made necessary preparations, regrouped, and enhanced command and support functions in Kale and Tedim towns. Coordinating ground and air forces in a balanced manner, they divided into columns and commenced area clearance operations, launching successive counter-offensives to regain footholds and penetrate enemy positions. Subsequently, they successfully recaptured Thayargon Village (temporarily held by terrorists on October 27, 2025), Nat Chaung Bridge (October 30), Point 2244 hill (November 3), Kennedy Hill and Webula Camp (November 4), Point 2064 hill (November 8), Thaing Ngin Camp (November 9), Point 1361 hill (November 17), Zaung Kawng Village (November 26), Zwe Lei Village (February 2, 2026), Htin Shu Camp Village (February 10), Par Thae Village (March 31), Var Bridge (April 19), Khun Li Village (April 22), Point 1710 hill, Kyaung Hin Shar Village, and Soon Haran Village (April 23), as well as Surbung Airport and See Zar Maw Village (April 24). Finally, today, on April 25, the military columns have completely and permanently recaptured and brought under their control Falam Town, which had been temporarily occupied by the terrorists.

*See Page 12*




Photo documentation of terrorist insurgents building bunkers inside government buildings, religious buildings, and residential buildings in Falam Town to use as temporary defensive camps.




Photo documentation of terrorist insurgents building bunkers inside government buildings, religious buildings, and residential buildings in Falam Town to use as temporary defensive camps.



Weapons and ammunition seized from the joint terrorist insurgent groups operating under the name CDF.



Weapons and ammunition seized from the joint terrorist insurgent groups operating under the name CDF.



Weapons and ammunition seized from the joint terrorist insurgent groups operating under the name CDF.



Bodies of the joint terrorist insurgent groups operating under the name CDF.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားနိုင်ငံက ကင်းထောက်ဒရုန်း Orlan-10E ကို ပြည်ပသို့တင်ပို့ရောင်းချနိုင်သည့်(Export Version)အဖြစ်ထုတ်ဖော်ပြသ




ရုရှားနိုင်ငံသည် စစ်မြေပြင်တွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေသော ကင်းထောက်ဒရုန်း Orlan-10E ကို ပြည်ပသို့တင်ပို့ရောင်းချနိုင်သည့် အမျိုးအစား (Export Version)အဖြစ် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဧပြီ ၂၀ ရက်မှ ၂၃ ရက်ထိ ကျင်းပခဲ့သည့် Defence Services Asia (DSA) 2026 ပြပွဲ၌ ထုတ်ဖော်ပြသလိုက်ကြောင်း သိရသည်။

၎င်းသည် နိုင်ငံတကာမှဝယ်ယူလိုသူများအတွက် စစ်မြေပြင်တွင်လက်တွေ့အစွမ်းပြပြီးသား နည်းပညာတစ်ခုကို ရရှိနိုင်မည်ဖြစ်ကြောင်း အချက်ပြလိုက်ခြင်းလည်းဖြစ်သည်။

Orlan-10E ဒရုန်းသည် တိုက်ပွဲပြင်းထန်သည့် စစ်မြေပြင်ပတ်ဝန်းကျင်များတွင်ပစ်မှတ်များကို တိကျစွာရှာဖွေထောက်လှမ်းခြင်း၊ နယ်မြေအခြေအနေများကို အမြဲမပြတ်စောင့်ကြည့်ခြင်းနှင့် အမြောက်တပ်၏ ပစ်ခတ်မှုလမ်းကြောင်းများကို အချိန်နှင့်တစ်ပြေးညီပြန်လည်တည့်မတ်ပေးခြင်းတို့ကို ထူးခြားပြောင်မြောက်စွာ လုပ်ဆောင်နိုင်စွမ်းရှိသည်။

Orlan-10E ဒရုန်းသည် အချိန်ကြာမြင့်စွာပျံသန်းနိုင်စွမ်းနှင့် မည်သည့်နေရာတွင်မဆို လွယ်ကူစွာဖြန့်ကြက်နိုင်စွမ်းတို့အပေါ် အဓိကအလေးပေးထားသည်။ ထို့ကြောင့် ရှေ့တန်းစစ်မျက်နှာများတွင် သတင်းအချက်အလက်များကို အမြဲမပြတ်စုဆောင်းနိုင်ခြင်းနှင့် အခြေအနေအရ လျင်မြန်စွာပြောင်းလဲအသုံးချနိုင်ခြင်းတို့ရရှိစေမည်ဖြစ်သည်။ ယခုအခါ ဒရုန်းများဦးဆောင်သည့်စစ်ပွဲများ ခေတ်စားလာသည်နှင့်အမျှ ဈေးနှုန်းသက်သာပြီး ခံနိုင်ရည်ရှိသော ISR (Intelligence, Surveillance, and Reconnaissance)နည်းပညာများသည် အလွန်အရေးပါလာသည်။ Orlan-10E ဒရုန်းသည်ရန်သူ၏ အီလက်ထရွန်နစ်စစ်ဆင်ရေးဖိအားများအောက်တွင်ပင် စစ်မြေပြင်အခြေအနေကို ကောင်းစွာသိရှိနိုင်စေရန်နှင့် ပစ်ခတ်မှုများပိုမိုတိကျစေရန် ကူညီပေးနိုင်သောကြောင့် ခေတ်သစ်စစ်ပွဲလမ်းကြောင်းများနှင့် တစ်ထပ်တည်းကျနေသည်။

Orlan-10E ဒရုန်းသည် သယ်ယူပို့ဆောင်ရေးလွယ်ကူစေရန်နှင့် ရန်သူကရှာဖွေထောက်လှမ်းရန် ခက်ခဲစေရန်အတွက် ကျစ်လျစ်သောအရွယ်အစားဖြင့် အထူးပုံစံထုတ်ထားသည်။ ၎င်းတွင် အလျားစင်တီမီတာ ၂၀၀၊ အမြင့် စင်တီမီတာ ၆၀ နှင့် တောင်ပံအကျယ် စင်တီမီတာ ၃၂၀ မှ ၃၈၀ရှိသော ကိုယ်ထည်ဒီဇိုင်းကိုအသုံးပြုထားသည်။ အထူးသဖြင့် အများဆုံးပျံတက်နိုင်သည့် အလေးချိန်မှာ ၁၈ဒသမ၆ ကီလိုဂရမ်သာရှိခြင်းကြောင့် ကြီးမားသော အခြေခံအဆောက်အအုံများ မလိုအပ်ဘဲ ရှေ့တန်းရောက်နည်းဗျူဟာမြောက်စစ်ကြောင်းများက လွယ်ကူလျင်မြန်စွာ ဖြန့်ကြက်အသုံးပြုနိုင်သည့် အားသာချက်ရှိသည်။

ထိုဒရုန်းစနစ်တွင် ဓာတ်ဆီနှင့် အင်ဂျင်ဝိုင် ရောစပ်အသုံးပြုရသည့် အတွင်းပေါက်ကွဲအင်ဂျင်ကို အသုံးပြုထားသောကြောင့် စစ်မြေပြင်တွင် လောင်စာဆီရရှိရန်လွယ်ကူစေပြီး ပြုပြင်ထိန်းသိမ်းမှုအပိုင်း၌လည်း ရိုးရှင်းထိရောက်မှုရှိစေသည်။ ဤစွမ်းအင်စနစ်ကြောင့် အဆက်မပြတ် ၁၀ နာရီထိ ကြာရှည်စွာပျံသန်းနိုင်စွမ်းရှိပြီး ရေရှည်စောင့်ကြည့်ရေးနှင့် ကင်းထောက်တာဝန်များအတွက် အလွန်သင့်လျော်သည်။ ထို့ပြင်တစ်နာရီလျှင် အများဆုံးကီလိုမီတာ ၁၀၀ ထိ အရှိန်နှုန်းဖြင့် ပျံသန်းနိုင်ကာ ဒရုန်းပေါ်ပါအာရုံခံကိရိယာများမှ တည်ငြိမ်ကြည်လင်သော ပုံရိပ်များရရှိစေရန်အတွက်လည်း အရှိန်နှုန်းကိုအခြေအနေအလိုက် အကောင်းဆုံးထိန်းညှိပေးနိုင်သည်။

Orlan-10E ဒရုန်းစနစ်သည် ပစ်လွှတ်စင်ကိုအသုံးပြု၍ လွှတ်တင်ရသောအမျိုးအစားဖြစ်သောကြောင့် သီးခြားလေယာဉ်ပြေးလမ်းများမလိုအပ်ဘဲ ကြမ်းတမ်းခက်ခဲသော စစ်မြေပြင်ပတ်ဝန်းကျင်များ၌ပင် လျင်မြန်စွာဖြန့်ကြက်အသုံးပြုနိုင်သည့်အားသာချက်ရှိသည်။ အဆိုပါစနစ်သည် အလိုအလျောက်နှင့် တစ်ပိုင်းတစ်စအလိုအလျောက် ပျံသန်းမှုပုံစံများကိုပါထောက်ပံ့ပေးထားသဖြင့် စစ်ဆင်ရေးလိုအပ်ချက်အပေါ်မူတည်၍ ထိန်းချုပ်မှုအဆင့်အတန်းကို အခြေအနေနှင့် တစ်ပြေးညီစိတ်ကြိုက်ညှိနှိုင်း ဆောင်ရွက်နိုင်ကြောင်းသိရသည်။

**Russia Exports Combat-Proven Orlan-10E Drone for Artillery Correction.ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်ကြည်းတပ်က AVကုမ္ပဏီထုတ် Vapor CLE ဒရုန်းကိုဝယ်ယူရန် ကန်ဒေါ်လာ ၁၄ ဒသမ ၆ သန်းတန်ဖိုးရှိစာချုပ်ချုပ်ဆို




အမေရိကန်ကြည်းတပ်သည် ၎င်းတို့၏ တာလတ်ရှာဖွေထောက်လှမ်းရေး (Medium Range Reconnaissance - MRR) အစီအစဉ်ကို အထောက်အကူပြုရန်အတွက် AV (AeroVironment) ကုမ္ပဏီထုတ် Vapor Compact Long Endurance (CLE) အမျိုးအစားဒရုန်းများကို ဝယ်ယူရန်အမေရိကန်ဒေါ်လာ ၁၄ ဒသမ၆ သန်းတန်ဖိုးရှိစာချုပ်တစ်ခုကို ချုပ်ဆိုခဲ့သည်ဟု The Defense Post သတင်းဌာနက ဧပြီ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုကဲ့သို့ Vapor CLE ဒရုန်းကို ရွေးချယ်လိုက်ခြင်းသည် အမေရိကန်ကြည်းတပ်၏တပ်ခွဲအဆင့် တိုက်ရိုက်လိုအပ်ချက် အစီအစဉ်အောက်တွင်ရှိနေသည်။ အဆိုပါအစီအစဉ်သည် အရေးပေါ်စစ်ဆင်ရေးလိုအပ်ချက်များအတွက် အရပ်ဘက်သုံးသေးငယ်သော မောင်းသူမဲ့လေယာဉ်စနစ်များကို တပ်မဟာတိုက်ခိုက်ရေးတပ်ဖွဲ့များထံသို့ အမြန်ဆုံးဖြန့်ကြက်ပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

ထိုရွေးချယ်မှုသည် AV ကုမ္ပဏီက ၎င်းတို့၏ Group 2 အမျိုးအစား၊ လျှပ်စစ်စွမ်းအင်သုံး ဒေါင်လိုက်တက်ဆင်းနိုင်သော (VTOL) ဒရုန်းအမျိုးအစားသစ်ကို ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် စတင်မိတ်ဆက်ပြီးနောက် ၆ လအကြာမှာပင် ပေါ်ထွက်လာခြင်းဖြစ်သည်။

Vapor CLE ဒရုန်းသည် အလေးချိန် ၃၅ ပေါင်ခန့်ရှိသော လျှပ်စစ်စွမ်းအင်သုံး ဒေါင်လိုက်တက်ဆင်းနိုင်သည့် (VTOL) ဒရုန်းအမျိုးအစားဖြစ်ပြီး ဝေဟင်တွင် နှစ်နာရီထိ ကြာရှည်စွာပျံသန်းကင်းထောက်နိုင်သည်။ အစိတ်အပိုင်းများကို လိုအပ်သလို လဲလှယ်တပ်ဆင်နိုင်သည့်စနစ်ကြောင့် ထောက်လှမ်းရေးပစ္စည်းများ သို့မဟုတ် တိုက်ခိုက်ရေးခဲယမ်းများကို ၂၄ ပေါင်ထိ သယ်ဆောင်နိုင်သည်။ ခက်ခဲကြမ်းတမ်းသောပတ်ဝန်းကျင်များတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစနစ်ဖြင့် ပျံသန်းနိုင်ပြီး ဆော့ဖ်ဝဲလ်ကိုအသုံးပြု၍လည်း စေခိုင်းထိန်းချုပ်နိုင်သည်။

အမေရိကန်ကြည်းတပ်၏ တာလတ်ရှာဖွေထောက်လှမ်းရေး(Medium Range Reconnaissance - MRR) စီမံကိန်းသည် အနည်းဆုံး ၁၀ ကီလိုမီတာ အကွာအဝေးထိပျံသန်းနိုင်ပြီး မိနစ် ၃၀ ကြာအောင် ကင်းထောက်နိုင်သည့်ဒရုန်းများကို အဓိကထားရှာဖွေနေခြင်းဖြစ်သည်။

အမေရိကန်ကြည်းတပ်သည် ၂၀၂၆ ခုနှစ်အတွင်းမှာပင် ဒရုန်းစနစ်ပေါင်း ၁၀၀ ကျော်ကိုဝယ်ယူဖြန့်ကြက်ရန် ကြိုးပမ်းနေခြင်းမှာစစ်မြေပြင်တွင် ဝေဟင်စိုးမိုးမှုထက် ဝေဟင်အချက်အလက်စိုးမိုးမှုကို ပိုမိုအလေးထားလာခြင်းဖြစ်သည်။ Vapor CLE ဒရုန်းကဲ့သို့ နှစ်နာရီထိပျံသန်းနိုင်ပြီး ခဲယမ်းပါသယ်ဆောင်နိုင်သည့်ဒရုန်းများသည် ထောက်လှမ်းရေးသာမက အရေးပေါ်တိုက်ခိုက်ရေးတာဝန်များကိုပါ တစ်ပြိုင်နက် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်းသိရသည်။

**US Army Selects AV Vapor CLE UAS to Support Medium Range Recon Program ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ခင်ဦး မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ် ပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၇၅၇၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကပျှမ်း ၁၉ ဒသမ ၇ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ခင်ဦးမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မတ်ပဲ ၇၅၇၈ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မတ်ပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကို မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မတ်ပဲကို ပိုမိုစိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဓနိချပ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းဓနိချပ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဓနိရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်စုခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်သည် ဓနိထွက်သောဒေသဖြစ်ပြီး ထွက်ရှိလာသည့်ဓနိများကို ဒေသဈေးကွက်အပြင်ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက ဓနိချပ်ရေ ၄၅၀၀၀၀ ထိသာ ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ဓနိချပ်ရေ ၇၅၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"တစ်လအတွင်း ဓနိချပ်ရေအများအပြားကို ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ တင်ပို့ရောင်းချခဲ့တဲ့ ဓနိချပ်တွေက ရောင်းပန်းလှသလို အရည်အသွေးလည်းကောင်းပါတယ်။ ပြီးခဲ့တဲ့တစ်လထဲမှာ ရန်ကုန်ဈေးကွက်က ဓနိဝယ်ယူအား ကောင်းခဲ့ပါတယ်။ ဝယ်ယူအားကောင်းခဲ့တဲ့အတွက် ဒေသခံဓနိစိုက်သူတွေနဲ့ ဓနိထိုးလုပ်သားတွေပါ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ဘိုကလေးမြို့နယ် ဓနိရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုခိုင်ကပြောပြသည်။



ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ဓနိအကြီးချပ်ရေ ၁၀၀ လျှင် ငွေကျပ်၄၅၀၀၀၊ ဓနိအသေးချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၅၀၀၀၊ ဓနိအလတ်ချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း အဆိုပါဓနိချပ်များ ဝယ်ယူအား ကောင်းလာခြင်းကြောင့် ဓနိစိုက်သူများ၊ ဓနိထိုးလုပ်သားများ၊ ဓနိပွဲရုံပိုင်ရှင်များ အဆင်ပြေလျက်ရှိကြောင်း ဘိုကလေးမြို့နယ် ဓနိရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်စုခိုင်က ပြောပြ၍သိရသည်။

**ကျော်ကျော်လင်း**

# ကျောက်တန်းမြို့နယ် ကြံပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်တန်း မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြံပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၂၄ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်တန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆွေးနွေး ပြောကြားသည်။

ထို့နောက် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်နှင့် ဝန်ထမ်းများက ကြံပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၁ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦး၊ ဆပ်ပြာဆီလုပ်ငန်း လုပ်ကိုင်သူ တစ်ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၄၀ ကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၃ ဒသမ ၁၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အထွေး**






# ညောင်ရွှေမြို့နယ် နောင်ကင်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်



**ညောင်ရွှေ မေ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် နောင်တောကျေးရွာအုပ်စု၊ နောင်ကင်ကျေးရွာတွင် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အကြောင်းအရာတို့ကို ရှင်းလင်းခြင်း ပြောကြားခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေး ပြောကြားပြီး အစည်းအဝေးတက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

နောင်ကင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြည့်ကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညောင်ရွှေမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**


ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

**ရှေ့ဖုံးမှအဆက်**

ဝမ်းမြောက်ကြောင်းသဝဏ်လွှာကို ပထမဦးဆုံးပေးပို့ခဲ့ပြီး အလေးအနက်ထားမှုကို ပြသပေးမှုအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးအနေဖြင့်လည်း မိမိဦးဆောင်သည့်အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်ချိန်တွင် ပထမဆုံးလာရောက်ခဲ့မှုအပေါ်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူချိန် အတွင်း မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးက ပြန်လည်ပြောကြားရာတွင် အဆွေတော်အနေဖြင့် မြန်မာနိုင်ငံ၏သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရမှုအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်ကလည်း ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ဆုမွန်ကောင်းများတောင်းပေးလိုက်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အဆွေတော်ကိုသမ္မတကြီးအဖြစ်ရွေးကောက်တင်မြှောက်ခံရပြီး နာရီပိုင်းအတွင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့ခြင်းနှင့် ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်တက်ရောက်စေခဲ့ခြင်းမှာ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူလူထုတို့အပေါ်၌ မိမိတို့နိုင်ငံအနေဖြင့် အလေးအနက်ထားမှုကိုပြသခြင်းပင်ဖြစ်ပါကြောင်း၊ အဆွေတော်၏ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်လာမည်ဟုလည်း ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံအကြား နိုင်ငံတော်နှင့် ပြည်သူလူထုတို့၏ လူမှုစီးပွားဘဝအကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို အရှိန်အဟုန်မြှင့်တင်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံအပေါ် ဆက်လက်ရပ်တည်ထောက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ မြန်မာအမျိုးသားလေကြောင်းသို့ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၅

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးထွန်းလူ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ မြန်မာအမျိုးသားလေကြောင်းပျံသန်းမှုလုပ်ငန်းဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ လေယာဉ်ပြုပြင်ထိန်းသိမ်းရေးဌာနသို့ရောက်ရှိရာ အင်ဂျင်နီယာချုပ်က လေယာဉ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဖြစ်သည့် လေယာဉ်စတင် မထွက်ခွာမီနှင့် ပြန်လည်ရောက်ရှိချိန်များတွင် နေ့စဉ်ပုံမှန်စစ်ဆေးမှုပြုလုပ်ခြင်း၊ လေယာဉ်စက်ပစ္စည်းအစိတ်အပိုင်းများအလိုက် သတ်မှတ်သက်တမ်းပြည့်ချိန်တွင် စစ်ဆေးမှုပြုလုပ်ခြင်းစသည့် လေယာဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။





ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လေယာဉ်များ ဘေးကင်းလုံခြုံစွာ ပျံသန်းနိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများသည် အရေးကြီးကြောင်း၊ တာဝန်ယူဆောင်ရွက်သည့် အင်ဂျင်နီယာများအနေဖြင့် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း တိတိကျကျလိုက်နာစစ်ဆေးဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ လေယာဉ်အပိုပစ္စည်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုအပ်ကြောင်း၊ ဌာနခွဲများအလိုက် အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းဆောင်ရွက်နိုင်ရေး စနစ်တကျစီမံခန့်ခွဲမှုပြုလုပ်ပေးရန် လိုအပ်ကြောင်းမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြေပြင်ဝန်ဆောင်မှုလုပ်ငန်းဌာနသို့ ရောက်ရှိရာ ဌာနခွဲတာဝန်ခံအရာရှိက စက်၊ ယာဉ်၊ ယန္တရားများအသုံးပြုနေမှု၊ ကြံ့ခိုင်ရေးအတွက် စစ်ဆေးပြုပြင်ဆောင်ရွက်နေမှုနှင့် ပြည်တွင်း၊ပြည်ပလေယာဉ်များအတွက် မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နေ့စဉ်ဆင်းသက်လျက်ရှိသော လေယာဉ်များကို မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ အပြည့်အဝ ဝန်ဆောင်မှုပေးနိုင်ရေး၊ ဌာနရှိ ယန္တရားများများ အစဉ်ကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို အစီအစဉ်ရေးဆွဲချမှတ်ကာ ဆောင်ရွက်သွားရန်၊ ယန္တရားများကိုင်တွယ်မောင်းနှင်သည့်ဝန်ထမ်းများကျွမ်းကျင်မှုရှိစေရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် မွမ်းမံသင်တန်းများကို သတ်မှတ်ကာလအတိုင်းစနစ်တကျသင်ကြားဖွင့်လှစ်ပို့ချသွားရန်နှင့် ကျွမ်းကျင်ဝန်ထမ်းများဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ခါးဆက်မပြတ်စေရေး လေ့ကျင့်မွေးထုတ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ပျံသန်းရေးဌာနသို့ရောက်ရှိရာ ပျံသန်းရေးဌာနမှူးက မြန်မာအမျိုးသားလေကြောင်း နေ့စဉ်ပျံသန်းလျက်ရှိသော ခရီးစဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ပျံသန်းနိုင်ရေးအတွက် ပျံသန်းရေးတာဝန်ထမ်းဆောင်မည့် လေယာဉ်အမှုထမ်းများ၊ တာဝန်မထမ်းဆောင်မီ ပြင်ဆင်ဆောင်ရွက်ရမည့် သတ်မှတ်လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်မှု ရှိ၊မရှိ စစ်ဆေးကြပ်မတ်ခြင်း၊ လေယာဉ်များခရီးစဉ်တစ်လျှောက် ဘေးအန္တရာယ်ကင်းရှင်းစွာ ပျံသန်းမှုရှိ၊မရှိ စောင့်ကြည့် ထိန်းသိမ်းဆောင်ရွက်ခြင်း၊ နေ့စဉ်ပျံသန်းမှုဆိုင်ရာ မှတ်တမ်းအချက်အလက်များစိစစ်၍ စစ်ဆေးပြင်ဆင်ဆောင်ရွက်ရန်လိုအပ်သည့် သတင်းအချက်အလက်များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ကာ ပြုပြင်ဆောင်ရွက်စေခြင်း စသည့်ပျံသန်းမှုလုပ်ငန်းအတွက် ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဆက်လက်၍ မြန်မာအမျိုးသားလေကြောင်း အစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာအမျိုးသားလေကြောင်းစီမံခန့်ခွဲရေးအဖွဲ့(Board of Director-BOD)များနှင့် တွေ့ဆုံကာ ATR လေယာဉ်များအင်အားအပြည့်ပျံသန်းအသုံးပြုနိုင်ရေးအတွက်ရေးဆွဲထားသည့်ပြုပြင်ရေးလုပ်ငန်းအချိန်ဇယားအတိုင်း ထွက်ရှိရေးကြိုးပမ်းဆောင်ရွက်သွားရန်၊ နိုင်ငံတော်ပိုင်အလံတင်လေကြောင်းလိုင်း(Flag Carrier) ဖြစ်သည်နှင့်အညီ ခရီးသွားပြည်သူများ ယုံကြည်အားကိုးရသည့် လေကြောင်းလိုင်းဖြစ်စေရေးတာဝန်ရှိသူအဆင့်ဆင့်က ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဌာနခွဲများအလိုက် လေကြောင်းလိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လေကြောင်းသိပ္ပံကျောင်းသင်တန်းခန်းမ၌ မြန်မာအမျိုးသားလေကြောင်းနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများကိုတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

ထို့နောက် နှစ်နိုင်ငံအကြားသံတမန်ဆက်ဆံမှုနှင့် ချစ်ကြည်ရင်းနှီးမှုများတိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား အေးအတူပူမျှ အသိုက်အဝန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေနှင့်ကိုက်ညီသော ပြည်သူများ၏ထောက်ခံမှုကိုလည်း ရရှိနိုင်သည့် အောင်မြင်မှုလမ်းကြောင်းကို ချီတက်ရန် စွဲစွဲမြဲမြဲထောက်ခံအားပေးလျက်ရှိမှု၊ မြန်မာနိုင်ငံ၏ နိုင်ငံတော်အချုပ်အခြာအာဏာနှင့် နယ်မြေလုံခြုံရေး၊ တည်တံ့ခိုင်မြဲရေးကိုလည်း စွဲစွဲမြဲမြဲထောက်ခံအားပေးလျက်ရှိမှု၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားရင်ကြားစေ့ရေးနှင့် လူ့ဘောင်အဖွဲ့အစည်း သဟဇာတဖြစ်မှုကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် စွဲစွဲမြဲမြဲ ထောက်ခံအားပေးလျက်ရှိမှုအခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးစသည့်ကိစ္စရပ်များတွင် နှစ်ဦးနှစ်ဖက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မန္တလေးငလျင်ကြီးကြောင့် ဖြစ်ပေါ်ခဲ့သည့်ထိခိုက်ပျက်စီးခဲ့ရမှုများကို ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် တရုတ်နိုင်ငံအနေဖြင့် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်နှင့် အာဆီယံအသိုက်အဝန်းတို့အတွင်း ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊မြန်မာနိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပြည်သူများက ရွေးချယ်သည့်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိသည့်အတွက် အာဆီယံအဖွဲ့အတွင်း ပါဝင်ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၏ အရှေ့အလယ်ပိုင်းဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပြောကြားထားသည့် အကြံပြုချက် လေးချက်အပေါ်တွင်လည်း ထောက်ခံလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသကုန်သွယ်မှု၊ စွမ်းအင်နှင့် သတ္တုကဏ္ဍ၊ စိုက်ပျိုးရေးနှင့် နည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်း တိုက်ဖျက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia၊ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# ရောဝတီတံတား(ရတနာပုံ) Load Test စစ်ဆေး၍ လက်ရှိခွင့်ပြုနေသည့် ၂၅ တန်မှ ၄၅ တန်ထိ တိုးမြှင့်ခွင့်ပြု

**နေပြည်တော် မေ ၂၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အတူ ယနေ့တွင် ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသော ရောဝတီတံတား(ရတနာပုံ)ကို အားဖြည့်ပြုပြင်ခြင်းပြီးစီး၍ Load Test စစ်ဆေးပြီး ၂၅ တန်မှ ၄၅ တန်သို့ တိုးမြှင့်၍ ကုန်တင်ယာဉ်များ ဖြတ်သန်းခွင့်ပြုပေးနေမှု၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများအတွက် အသစ်ပြန်လည်တည်ဆောက်နေသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်တွင် တာဝန်ခံအင်ဂျင်နီယာက ရောဝတီတံတား(ရတနာပုံ) မန္တလေးငလျင်ကြီးကြောင့် ရေလယ်တိုင်ရှိ Gusset Plate များ၊ သံဘောင်ရှိ Inclined Member များ၊ Bearing များ ပျက်စီးခဲ့ရသည့်အခြေအနေ၊ ပျက်စီးမှုများကို စစ်ဆေး၍ ကနဦး(ကုန်+ယာဉ်) ၁၅ တန်ဖြင့် စတင်ဖြတ်သန်းခွင့်ပြုခဲ့သည့်အခြေအနေ၊ ပထမအဆင့်ပြင်ဆင်မှုအနေဖြင့် သံဘောင်ချုပ်တန်းများ၊ Gusset Plate များ လဲလှယ်ပြီး၍ Load Test စစ်ဆေးပြီး ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် (ကုန်+ယာဉ်) ၂၅ တန်ထိ တိုးမြှင့်ဖြတ်သန်းခွင့်ပြုပေးခဲ့သည့်အခြေအနေ၊ ယခုအခါ ဒုတိယအဆင့်အားဖြည့်ပြင်ဆင်ခြင်းဆောင်ရွက်ပြီးစီး၍ Load Test စစ်ဆေးပြီး (ကုန်+ယာဉ်) ၄၅ တန်ထိ တိုးမြှင့်ဖြတ်သန်းခွင့်ပြုနိုင်မည့်အခြေအနေနှင့် ပြုပြင်ဆောင်ရွက်ခြင်း၊ စစ်ဆေးခြင်းများဆောင်ရွက်ခဲ့သည့်မှတ်တမ်းများကို ရှင်းလင်းတင်ပြရာ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက တံတားကြီး၏မူလခွင့်ပြုထားသော တန် ၆၀ ထိ ပြန်လည်ခွင့်ပြုပေးနိုင်ရေးအတွက် ငလျင်ကြီးဒဏ်ကြောင့် ပျက်စီးသွားသော Bearings လဲလှယ်ခြင်းများ ဆက်လက်ဆောင်ရွက်မည့်အစီအမံတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။





ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ရောဝတီတံတား(ရတနာပုံ)သည် ရောဝတီမြစ်ကိုဖြတ်ကျော်၍ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးကို ဆက်သွယ်ပေးထားသည့် အရေးပါသော တံတားတစ်စင်းဖြစ်၍ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေးအတွက် နေ့စဉ်ဖြတ်သန်းအသုံးပြုခြင်းကိုမရပ်ဆိုင်းဘဲ ပြုပြင်ဆောင်ရွက်ရခြင်းဖြစ်၍ ဘေးကင်းလုံခြုံရေးကို အလေးထားရန်လိုပါကြောင်း၊ ယခုတွင် ၄၅ တန်ထိ ခွင့်ပြုထားပြီးဖြစ်၍ ကုန်တင်ယာဉ်ကြီးများနှင့် ဆီသယ်ယာဉ်များသည် ဇက်ရေယာဉ်များဖြင့် ကူးသန်းရန်မလိုအပ်တော့ဘဲ တံတားပေါ်မှ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်၍ အချိန်နှင့် ဖြတ်သန်းခများ သက်သာသွားမည်ဖြစ်၍ ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လွယ်ကူလာမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက ကုန်တင်ယာဉ်များကို သတ်မှတ်ချက်များနှင့်အညီ ဖြတ်သန်းခွင့်ပြုစေရေး တာဝန်ရှိသူများကို ကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း မှာကြားကာ ရောဝတီတံတား(ရတနာပုံ)တွင် ၄၅ တန်ထိ ကုန်တင်ယာဉ်များနှင့် ဆီသယ်ယာဉ်များ စတင်ဖြတ်သန်းသွားလာမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မန္တလေးမြို့ရှိ ငလျင်ကြောင့် ပျက်စီးခဲ့သောဝန်ထမ်းအိမ်ရာ ၂၆ လုံး၊ အခန်းပေါင်း ၃၈၆ ခန်း တည်ဆောက်ခြင်းလုပ်ငန်းခွင်ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ရှိ ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ခုနစ်လုံး၊ အခန်းပေါင်း ၁၁၂ ခန်း တည်ဆောက်ရန် လက်ရှိဆောင်ရွက်နေသည့် အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများကို ဆောလျင်စွာ နေရာချထားနိုင်ရေးအတွက် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်ရမည့် အခြေအနေတို့ကိုမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ငလျင်ကြောင့် ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာများပြုပြင်၍ ပြန်လည်နေရာချထားပေးနိုင်မှုအနေဖြင့် မန္တလေးမြို့တွင် ပြင်ဆင်ရမည့် အဆောက်အအုံ ၂၆၄ လုံးအနက် ၇၄ လုံး ပြုပြင်ပြီးစီး၍ ဝန်ထမ်းအင်အား ၁၁၃၄ ဦးကိုလည်းကောင်း၊ စစ်ကိုင်းမြို့တွင်ပြင်ဆင်ရမည့် အဆောက်အအုံ ၃၂လုံးအနက် ၂၅ လုံး ပြုပြင်ပြီးစီး၍ ဝန်ထမ်းအင်အား ၂၄၉ ဦးကိုလည်းကောင်း၊ စုစုပေါင်းဝန်ထမ်းအင်အား ၁၃၈၃ ဦးကို ပြန်လည်နေရာချထားပေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပ




**နေပြည်တော် ဧပြီ ၂၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် နေပြည်တော်သို့ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရို အဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးပိုမိုခိုင်မာစေရေး၊ အေးအတူပူအမျှအသိုက်အဝန်း ထူထောင်ထားရှိမှု၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အရှိန်အဟုန်မြှင့်တင်နိုင်ရန်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့ပြင် နှစ်နိုင်ငံ နယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းရန် ဆက်လက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို တရုတ်နိုင်ငံက ပံ့ပိုးကူညီရေး၊ မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံက ပံ့ပိုးကူညီသွားရေး၊ နယ်စပ်ဒေသများတွင် အွန်လိုင်းလောင်းကစားနှင့် တရားမဝင်လုပ်ငန်းများ ဆောင်ရွက်နေခြင်းကို တိုက်ဖျက်ရာ၌ နှစ်နိုင်ငံအိမ်နီးချင်းကောင်းပီသစွာဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသတွင်းနှင့်နိုင်ငံတကာမျက်နှာစာများတွင် အပြန်အလှန်ဆက်လက်ထောက်ခံရပ်တည်သွားရေးနှင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအပေါ် ဆွေးနွေးပြီးအမြင်ချင်း ဖလှယ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြု အစဉ်တစိုက် ထောက်ခံပေးခြင်းနှင့် ကူညီပံ့ပိုးမှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ထောက်ခံရပ်တည်ပါကြောင်း၊ တရုတ်သမ္မတ မစ္စတာရှီကျင့်ဖျင်အဆိုပြုထားသော ကမ္ဘာလုံးဆိုင်ရာအစီအမံလေးခုကိုလည်းထောက်ခံပါကြောင်း၊ အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အဆိုပြုချက် လေးချက်အား ထောက်ခံပါကြောင်း၊ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး အရေးကြီးပါကြောင်း၊ တရုတ်နိုင်ငံက ပေးအပ်ခဲ့သော ငလျင်ဒဏ်ပြန်လည်ထူထောင်ရေးဆိုင်ရာ အကူအညီများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နှစ်နိုင်ငံနယ်စပ်တွင် တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ပံ့ပိုးကူညီပေးရန် မေတ္တာရပ်ခံလိုပါကြောင်း ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

H.E. Mr. Wang Yi က တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် အစိုးရသစ် တစ်ရပ်ဖွဲ့စည်းနိုင်မှုအပေါ် ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ဆက်လက်ပံ့ပိုးမည် ဖြစ်ပါကြောင်း၊ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကိုအခြေခံသည့် မြန်မာနိုင်ငံက ယုံကြည်အားကိုးနိုင်လောက်သော အိမ်နီးချင်းနိုင်ငံအဖြစ် ရပ်တည်မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှု ပိုမိုခိုင်မာစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ အကြီးအကဲများအကြား သဘောတူညီချက်များကို ထိရောက်စွာအကောင်အထည်ဖော်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ကဏ္ဍစုံတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည်ဖြစ်ပါကြောင်းနှင့် နှစ်နိုင်ငံအကြားရှိ စီမံကိန်းများကို အရှိန်အဟုန်မြှင့်၍ တိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

နှစ်နိုင်ငံ ဆွေးနွေးပွဲအပြီးတွင် မန္တလေးငလျင်ဒဏ်သင့် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအတွက် တရုတ်နိုင်ငံအစိုးရက လှူဒါန်းသည့် အသင့်နေအိမ်များ လွှဲပြောင်းလက်ခံခြင်းဆိုင်ရာ စာလွှာလဲလှယ်ခြင်းနှင့် မြန်မာအာကာသအေဂျင်စီနှင့် တရုတ်အမျိုးသား အာကာသစီမံခန့်ခွဲမှုဌာနတို့ အာကာသ ပူးပေါင်းဆောင်ရွက်မှုနှင့် အာကာသဟင်းလင်းပြင် ငြိမ်းချမ်းစွာအသုံးပြုမှုဆိုင်ရာ နားလည်မှုစာချွန်လွှာလဲလှယ်ခြင်းတို့ကို နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ ရှေ့မှောက်တွင် ပြုလုပ်ခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရို အဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ Jasmine Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။



အဆိုပါ ညစာစားပွဲသို့ မြန်မာအာကာသအေဂျင်စီမှ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်သို့ တရားဝင်ခရီးစဉ်ရောက်ရှိ



**နေပြည်တော် ဧပြီ ၂၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ဧပြီ၂၅ ရက်မှ ၂၆ ရက်ထိ တရားဝင်ခရီးစဉ် လာရောက်သည့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့်ရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၆ ခုနှစ် ဧပြီ ၂၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

❍ **စက်သုံးဆီဖြန့်ဖြူးရောင်းချမှုမှ**

ကမ္ဘာ့စက်သုံးဆီဈေးနှုန်းများမြင့်တက်ခဲ့သော်လည်း ပြည်တွင်းစက်သုံးဆီဈေးနှုန်း များစွာမြင့်တက်သွားခြင်းမရှိစေရေးအတွက် နိုင်ငံတော်အစိုးရက ကြပ်မတ်ထိန်းကျောင်းဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့နိုင်ငံ၏ စက်သုံးဆီဈေးနှုန်းများသည် အရှေ့တောင်အာရှနိုင်ငံများနှင့်နှိုင်းယှဉ်ပါက သင့်တင့်သည့်ဈေးနှုန်းများဖြစ်သည်ကို တွေ့ရှိရပါသည်။

**အာဆီယံနိုင်ငံများနှင့် စက်သုံးဆီဈေးနှုန်းများနှိုင်းယှဉ်ချက်**

| စဉ် | နိုင်ငံအမည် | ဓာတ်ဆီ(RON 95) | |
|---|---|---|---|
| | | (USD/Liter) | (MMK/Liter) |
| ၁ | Brunei | 0.417 | 1684.993 |
| ၂ | Indonesia | 0.723 | 2921.462 |
| ၃ | Vietnam | 0.902 | 3644.757 |
| ၄ | Malaysia | 1.017 | 4109.443 |
| ၅ | Myanmar | 1.215 | 4909.000 |
| ၆ | Philippines | 1.465 | 5919.699 |
| ၇ | Cambodia | 1.483 | 5992.432 |
| ၈ | Thailand | 1.646 | 6651.075 |
| ၉ | Laos | 1.775 | 7172.331 |
| ၁၀ | Singapore | 2.421 | 9782.656 |

| စဉ် | နိုင်ငံအမည် | ပရီမီယမ်ဒီဇယ်ဆီ | |
|---|---|---|---|
| | | (USD/Liter) | (MMK/Liter) |
| ၁ | Brunei | 0.244 | 985.943 |
| ၂ | Indonesia | 0.853 | 3446.760 |
| ၃ | Vietnam | 1.068 | 4315.521 |
| ၄ | Thailand | 1.265 | 5111.549 |
| ၅ | Cambodia | 1.421 | 5741.906 |
| ၆ | Malaysia | 1.511 | 6105.573 |
| ၇ | Myanmar | 1.735 | 7012.000 |
| ၈ | Philippines | 2.051 | 8287.578 |
| ၉ | Laos | 2.170 | 8768.428 |
| ၁၀ | Singapore | 3.268 | 13205.171 |


ထို့ပြင် ကုန်စည်ပို့ဆောင်ရေးယာဉ်များသုံးစွဲရန် ရိုးရိုးဒီဇယ်ဆီများတင်သွင်းရာတွင် အခွန်အခများ ကင်းလွတ်ခွင့်ပြုထားသည့်အတွက် တစ်လီတာလျှင် ၅၇၅၂ ကျပ် (1.423 USD/Liter)ဖြင့် ရောင်းချပေးနိုင်လျက်ရှိပါသည်။

ရေနံစိမ်းဈေးနှုန်းမြင့်တက်မှုနှင့် စက်သုံးဆီဈေးနှုန်းမြင့်တက်မှုကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ကုန်ကြမ်းရေနံစိမ်းဈေးမြင့်တက်မှုရာခိုင်နှုန်းနည်းပါးသော်လည်း ကုန်ချောစက်သုံးဆီဈေးနှုန်းများမှာ တစ်ဟုန်ထိုးမြင့်တက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ရေနံစိမ်းကိုဝယ်ယူ၍ ကိုယ်တိုင်ချက်လုပ်ဖြန့်ဖြူးနိုင်မည်ဆိုပါက ပြည်သူများအနေဖြင့် စက်သုံးဆီကို ပိုမိုချိုသာသောဈေးနှုန်းဖြင့် သုံးစွဲနိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ရေနံချက်စက်ရုံအသစ်များ တိုးချဲ့တည်ဆောက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ စက်ရုံအဟောင်းများကိုလည်း အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိနေပါသည်။

ထို့ပြင် ရေနံစိမ်းကို လုံလောက်စွာထုတ်လုပ်လာနိုင်ပါက ပြည်သူများအနေဖြင့် စက်သုံးဆီနှင့်ပတ်သက်၍ ကြောင့်ကြမှုများကင်းဝေးသွားမည်ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ရေနံစိမ်းများ ပိုမိုတိုးတက်ထုတ်

**ရေနံစိမ်းဈေးနှုန်းနှင့် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်းနှိုင်းယှဉ်ချက်အခြေပြဇယား**




လုပ်နိုင်ရေးအတွက်လည်း နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းထုတ်စက်သုံးဆီများကို သုံးစွဲသူပြည်သူများထံ တိုက်ရိုက်ဖြန့်ဖြူးပေးသည့်အနေဖြင့် မော်တော်ဆိုင်ကယ်များ၊ သုံးဘီးယာဉ်များနှင့် အချို့မော်တော်ယာဉ်များကို RON 68 ဓာတ်ဆီတစ်ဂါလန်လျှင် ၁၇၂၅၂ ကျပ်ဖြင့်လည်းကောင်း၊ RON 72 ဓာတ်ဆီတစ်ဂါလန်လျှင် ၁၇၇၀၇ ကျပ်ဖြင့်လည်းကောင်း၊ တောင်သူလယ်သမားများထံသို့ ဒီဇယ်တစ်ဂါလန်လျှင် ၁၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း လက်ဝယ်အရောက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ ဆက်လက်ရောင်းချပေးသွားရန်အတွက်လည်း စီမံထားရှိပြီးဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် ပြည်သူများအနေဖြင့် ရင့်ကျက်နားလည်မှုရှိသည့်စိတ်၊ ကိုယ်ချင်းစာစိတ်၊ အကောင်းမြင်စိတ်များဖြင့် အကြံဉာဏ်များပေးခြင်း၊ အသိပညာဗဟုသုတများကို လူမှုကွန်ရက်များမှ မျှဝေပေးခြင်း၊ ပြည်သူလူထုထိခိုက်နစ်နာစေသည့်အပြုအမူများကို တွေ့ရှိသည်နှင့်တစ်ပြိုင်နက် Call Center များသို့ သတင်းပို့ခြင်း၊ မီဒီယာများအနေဖြင့်လည်း ပြည်သူလူထုထင်ယောင်ထင်မှားဖြစ်စေမည့်၊ စိုးရိမ်ထိတ်လန့်မှုဖြစ်စေမည့် ခေါင်းစဉ်များဖော်ပြ၍ ရေးသားဖြန့်ဝေခြင်းမပြုမိစေရန် သတိထားဆောင်ရွက်လာခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်နေကြသည့်အတွက် စက်သုံးဆီဖြန့်ဖြူးရောင်းချမှုလုပ်ငန်းစဉ်များသည် တည်ငြိမ်လာသည့်အခြေအနေသို့ ရောက်ရှိလာပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် စက်သုံးဆီပြတ်လပ်မည်ကိုစိုးရိမ်၍ တန်းစီဝယ်ယူစုဆောင်းခြင်းမျိုး မပြုလုပ်ကြပါရန်နှင့် လိုအပ်သလောက်သာဝယ်ယူသုံးစွဲခြင်းဖြင့် လူတစ်ဦးချင်းစီ၏ အချိန်ကုန်လူပင်ပန်းမှုများသက်သာစေမည်ဖြစ်သည့်အပြင် နိုင်ငံတော်၏နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချလာနိုင်မည်ဖြစ်သည့်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ မိဘပြည်သူများအကျိုးကို ရှေးရှု၍ အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များတွင် ပို၍ပူးပေါင်းပါဝင်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

❑ **လူစီးအမြန်ရထားမှ**

ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်တစ်လျှောက် ရပ်တန့်ဘူတာများမှာ တိုးကြောင်ကလေး၊ ပဲခူး၊ ညောင်လေးပင်၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ ရမည်းသင်း၊ သာစည်၊ ကျောက်ဆည်ဘူတာတို့ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ အထက်တန်းငွေကျပ် ၄၈၀၀၀ နှင့် ပထမတန်းငွေကျပ် ၃၄၀၀၀ တို့ဖြစ်သည်။

ရန်ကုန် - နေပြည်တော် - ရန်ကုန် ခရီးစဉ်တစ်လျှောက် အမှတ်(၃၁)အဆန်၊ အမှတ်(၃၂)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားကို အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။ လမ်းခရီး၌ တိုးကြောင်ကလေး၊ ပဲခူး၊ ဒိုက်ဦး၊ တောင်ငူ၊ ပျဉ်းမနားဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ ယခင်အတိုင်းဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | ကြာမြင့်ချိန် |
| ၁ | အမှတ်(၃၁)အဆန် | ရန်ကုန် | နေပြည်တော် | ၁၀:၀၀ | ၁၅:၀၀ | (၅)နာရီ |
| ၂ | အမှတ်(၃၂)အစုန် | နေပြည်တော် | ရန်ကုန် | ၁၀:၀၀ | ၁၅:၀၀ | (၅)နာရီ |

ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ်တစ်လျှောက် အမှတ်(၇)အဆန်၊အမှတ်(၈)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားကို အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။ လမ်းခရီး၌ တိုးကြောင်ကလေး၊ ပဲခူး၊ ဖြူး၊ တောင်ငူ၊ ပျဉ်းမနားဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ ယခင်အတိုင်းဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | ကြာမြင့်ချိန် |
| ၁ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၁၂:၃၀ | ၁၇:၃၀ | (၅)နာရီ |
| ၂ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၇:၃၀ | (၅)နာရီ |

ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်တွင်ပြေးဆွဲမည့် အမှတ်(၅)အဆန်၊ အမှတ်(၆)အစုန် DEMU လူစီးအမြန်ရထားများနှင့် ရန်ကုန်-နေပြည်တော်-ရန်ကုန်ခရီးစဉ်တွင် ပြေးဆွဲနေသော အမှတ်(၃၁)အဆန်၊အမှတ်(၃၂)အစုန်၊ အမှတ်(၇)အဆန်၊ အမှတ်(၈)အစုန် လေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားများ၏ ထိုင်ခုံလက်မှတ်များကို Online Railways Ticketing and payment (ORTP) System ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်းနှင့် ရထားစီးနင်းမှုများပြားလာသည်နှင့်အမျှ ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားအနေဖြင့် ရထားခရီးစဉ်များတိုးချဲ့ပြေးဆွဲပေးခြင်း၊ ရထားတွဲများ ထပ်မံချိတ်ဆက်ပြေးဆွဲခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွ ချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ (၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမို ခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု မဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ် အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော် မေ ၂၅**

နိုင်ငံတော်တည်ငြိမ်ရေးနှင့်နယ်မြေအေးချမ်း သာယာရေးတို့အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ဒေသ တစ်ဝိုက် နယ်မြေလုံခြုံရေး တာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတွမ်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအားစွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ်အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆို ဂုဏ်ပြုကြသည်။

ထို့နောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)




နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေး တာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုစဉ်။

# အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၃၆ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ ကျင်းပပြုလုပ်




အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ဆုရရှိသူ တစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် မေ ၂၅**

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၃၆ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းသင်္ဂဟတံဆိပ်ရရှိသူများ၊ စစ်မှုထမ်းကောင်းတံဆိပ်ရရှိသူများ၊ စစ်သည်တော်ကျင့်ဝတ် ပထမဆုရရှိသူ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ထူးချွန်ဆုရရှိသူနှင့် အိမ်ထောင်သည်လိုင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သန့်ရှင်းရေး အကောင်းဆုံးဆုရရှိသူများကို ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ကြပြီး တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ဗလာမပါကံစမ်းမဲများ ဖောက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို တွေ့ဆုံအားပေး



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော် နိုင်ငံ့သားကောင်း ရတနာများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။

**နေပြည်တော် မေ ၂၅**

ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၄)သို့ တက်ရောက်ကြမည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တပ်နယ်အားကစားရုံ၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၄)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်း ရတနာများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများကို ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တန့်ယန်းတပ်နယ်ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံ



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် မေ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်း တပ်နယ်ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများက တန့်ယန်းတပ်နယ်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်များ ပေးအပ်ကြပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဒသမအကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ နားသ အလှူတော်မင်္ဂလာပြုလုပ်



သံဃာတော်များ၊ ဒုလ္လဘ ရဟန်းများနှင့် ရှင်သာမဏေများအား အလှူရှင်များက သိမ်ဆင်း လောင်းလှူကြစဉ်။

နေပြည်တော် မေ ၂၅

အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၏ ဒသမအကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ နားသ အလှူတော်မင်္ဂလာအခမ်းအနားကို မေ ၂၄ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ ချမ်းမြေ့ဂုဏ်ဝေ ပရဟိတသာသနာပြုကျောင်းတိုက်၌ ပြုလုပ်ရာ အဆိုပါကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောဘိတအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်းနှင့် တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ရဟန်းလောင်းများနှင့် ရှင်သာမဏေများကို ခိုလမ်မြို့အတွင်းရှိ တန်ခိုးကြီး ဘုရား၊ စေတီ၊ ပုထိုးများနှင့် ရွှေစည်းခုံစေတီတော်ကြီးတို့၌ ရှင်လောင်း လှည့်လည်ကြပြီး ချမ်းမြေ့ဂုဏ်ဝေ ပရဟိတ သာသနာပြုကျောင်းတိုက်၌ ရဟန်းလောင်း ၃၇ ပါး၊ ရှင်သာမဏေလောင်း ၁၄ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင်လောင်း ခြောက်ပါးတို့ကို ဆံချမင်္ဂလာ ပြုလုပ်ကြသည်။ ထို့နောက် တက်ရောက်လာကြသူများက ချမ်းမြေ့ဂုဏ်ဝေပရဟိတ သာသနာပြုကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ရဟန်းလောင်းများ၊ ရှင်သာမဏေလောင်းများကို သာသနာ့ဘောင်အတွင်းသို့ သွတ်သွင်းချီးမြှင့်ပေးကြသည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် ချမ်းမြေ့ဂုဏ်ဝေ ပရဟိတသာသနာပြုကျောင်းတိုက်တွင် ဒုလ္လဘရဟန်းလောင်း ၃၇ ပါးတို့ကို ရဟန်းခံခြင်းဆိုင်ရာဆောင်ရွက်ဖွယ်ရာ သံဃာ့ကိစ္စများဖြစ်သည့် ဥပဇ္ဈာယ်ယူခြင်း၊ ရဟန်းလောင်းဆုံးမခြင်း၊ ဥပသမ္ပဒကမ္မဝါစ္စရွတ်ဖတ်ကာ ဥပသမ္ပဒကံဆောင်မြင့်မြတ်သော ရဟန်းဘောင်အဖြစ်သို့ သွတ်သွင်းခြင်းတို့ကို ဆောင်ရွက်တော်မူကြပြီး အလှူရှင်များက ပင့်သံဃာတော်များ၊ ဒုလ္လဘရဟန်းများနှင့် ရှင်သာမဏေများကို သိမ်ဆင်းဆက်ကပ်လောင်းလှူကြသည်။

ထို့နောက် နမ့်စန်မြို့နယ် သံဃနာယကဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဏ္ဍညထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြ၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့်နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ချမ်းမြေ့ဂုဏ်ဝေပရဟိတ သာသနာပြုကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကာလှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (ပ၀၁)

# မှော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၂၅

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှသံဃာတော် ၃၈ ပါးနှင့် ဒေသခံပြည်သူ ၁၁၆ ဦးကို အဆိုပါကျေးရွာရှိပါရမီဖြည့်ကျောင်းတိုက်၌လည်းကောင်း၊ လှည်းကူးမြို့နယ် မအူကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် တစ်ပါးနှင့် ဒေသခံပြည်သူ ၆၁ ဦးကို အဆိုပါကျေးရွာရှိ မဟာစည်မာန်အောင် သာသနာ့ ရိပ်သာကျောင်းတိုက်၌လည်းကောင်း အခြေပြု၍ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊မျက်စိရောဂါ၊နား၊နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်ရှိ မဟာစည်သြဝါဒခံ ဆင်များရှင်သာသနာ့ရိပ်သာ၌ သံဃာတော်များ၊သာသနာနွယ်ဝင်သီလရှင်များ၊ ဒေသခံပြည်သူများကို အဆိုပါရိပ်သာရှိ ဗေဒါရွှေကြာ ငါးထပ်ကျောင်းဆောင်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၃ ပါး၊ သာသနာနွယ်ဝင်သီလရှင် ရှစ်ပါးနှင့် ဒေသခံပြည်သူ ၁၁၁ ဦးကို သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ အဆစ်အမျက်ရောင် ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါ၊သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များနှင့် တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ပ၀၁)

# အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဈေးများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် မေ ၂၅

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊စေတီပုထိုးများ၊ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်း သာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၂၄ မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ အခြေခံပညာကျောင်းများ၊ဆေးရုံ၊ဆေးခန်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ လမ်းများနှင့် ဈေးများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊အမှိုက်များရှင်းလင်းခြင်း၊ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ပ၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

☆ ကျောဖုံးမှအဆက်

တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိရာ ဖလမ်းမြို့ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် အင်အားအလုံးအရင်းဖြင့် မြို့လုံခြုံရေးဆောင်ရွက်နေသည့် နယ်မြေခံတပ်ရင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ထိုသို့ တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျည်တစ်တောင့်၊ လူတစ်ယောက်ကျန်သည်အထိ တိုက်ရဲသည့်စိတ်ဓာတ်၊ လှေ့ခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်များဖြင့် အသက်ကိုပဓာနမထားဘဲ ရဲရဲဝံ့ဝံ့ဖြင့် ပြန်လည်ခုခံတွန်းလှန်ခဲ့ကြသော်လည်း အကြမ်းဖက်သမားများအနေဖြင့် အတင်းအဓမ္မခြိမ်းခြောက်



တပ်မတော်

စစ်ကြောင်းများက

CDF အမည်ခံ

အကြမ်းဖက်

သောင်းကျန်းသူများ

ယာယီစိုးမိုးထားသည့်

ဖလမ်းမြို့ရှိ

နယ်မြေခံတပ်ရင်း

ဌာနချုပ်အား

ပြန်လည်

သိမ်းပိုက်ရရှိမှု

မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖလမ်းမြို့ရှိ ဆူရ်ဘုန်လေဆိပ် ပြန်လည်သိမ်းပိုက်ရရှိခဲ့မှု မှတ်တမ်းဓာတ်ပုံ။




တပ်မတော်စစ်ကြောင်းများက CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖလမ်းမြို့ရှိ ပြည်သူ့ဆေးရုံကြီး ပြန်လည်သိမ်းပိုက်ရရှိခဲ့မှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ ယာယီခံစစ်စခန်းပြုလုပ်ကာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီး မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ ယာယီခံစစ်စခန်းပြုလုပ်ကာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဖလမ်းမြို့ရှိ ဌာနဆိုင်ရာ အဆောက်အအုံများ မှတ်တမ်းဓာတ်ပုံ။





အကြမ်းဖက်သောင်းကျန်းသူများ ဖလမ်းမြို့ရှိ ဌာနဆိုင်ရာအဆောက်အအုံ၊ ဘာသာရေးအဆောက်အအုံ၊ လူနေအဆောက်အအုံတို့အတွင်း ဘန်ကာများပြုလုပ်၍ ယာယီခံစစ်စခန်းပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

လူသစ်စုဆောင်းခြင်းဖြင့် ရရှိလာသော သာလွန်အင်အားများကို အသုံးပြုကာ ဒေသခံ တိုင်းရင်းသားပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးချ၍ တိုက်ခိုက်လာခြင်းတို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တိုင်းရင်းသားပြည်သူများ ထိခိုက်မှုမရှိစေရန်နှင့် ပြည်သူလူထု၏နေအိမ်များ၊ သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေးအတွက် ထိန်းထိန်းသိမ်းသိမ်းဖြင့် ခုခံခဲ့သည်။ ထိုသို့ စစ်ဆင်ရေးကာလ ခြောက်လကြာမျှခုခံခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ထိခိုက်၊ ဒဏ်ရာရရှိမှု များပြားလာမှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စစ်နည်းဗျူဟာမြောက် ကြားခံစစ်အဆင့်ဆင့်ဖြင့် ၂၀၂၅ ခုနှစ် မေ ၆ ရက်တွင် စနစ်တကျ ဆုတ်ခွာခဲ့ရသဖြင့် အကြမ်းဖက် သောင်းကျန်းသူများသည် ဖလမ်းမြို့ကို ယာယီစိုးမိုးခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ချင်းပြည်နယ် ခရိုင်မြို့တော်ကြီး တစ်ခုဖြစ်သည့် ဖလမ်းမြို့ကို အမြန်ဆုံးပြန်လည်သိမ်းပိုက်ရရှိနိုင်ရေးနှင့် CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းနိုင်ရေးအတွက် ကလေးမြို့နှင့် တီးတိန်မြို့တို့၌ လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ၊ အုပ်ချုပ်ထောက်ပံ့မှုများကို ဖြည့်တင်းဆောင်ရွက်ခဲ့ပြီး မြေပြင်၊ ဝေဟင်ဟန်ချက်ညီပေါင်းစပ်စုဖွဲ့၍ စစ်ကြောင်းများခွဲ၍ နယ်မြေရှင်းလင်းခြင်းများစတင်ခဲ့ပြီး တန်ပြန်တိုက်စစ်များ တစ်ဆင့်ပြီးတစ်ဆင့် ခြေကုပ်ယူထိုးဖောက်တိုက်ခိုက်ခဲ့ရာ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော သာယာကုန်းကျေးရွာကိုလည်းကောင်း၊ အောက်တိုဘာ ၃၀ ရက်တွင် နတ်ချောင်းတံတားကိုလည်းကောင်း၊ နိုဝင်ဘာ ၃ ရက်တွင် ပွိုင့်-၂၂၄၄ တောင်ကုန်းကိုလည်းကောင်း၊ နိုဝင်ဘာ ၄ ရက်တွင် ကနေဒီတောင်နှင့် ဝေဘူလစခန်းတို့ကို လည်းကောင်း၊ နိုဝင်ဘာ ၈ ရက်တွင် ပွိုင့် ၂၀၆၄ တောင်ကုန်းကိုလည်းကောင်း၊ နိုဝင်ဘာ ၉ ရက်တွင် သိုင်းငင်းစခန်းကိုလည်းကောင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် ပွိုင့် ၁၃၆၁ တောင်ကုန်းကိုလည်းကောင်း၊ နိုဝင်ဘာ ၂၆ ရက်တွင် ဓောင်ကောင်ကျေးရွာကိုလည်းကောင်း၊ ယခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ဇွယ်လေကျေးရွာကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၁၀ ရက်တွင်

စာမျက်နှာ ၂၃ သို့





CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် လက်နက်ခဲယမ်းများကို တွေ့ရစဉ်။







CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် ခဲယမ်းများကို တွေ့ရစဉ်။





CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ အလောင်းများ မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၂ မှအဆက်**

ထင်းရှူးစခန်းကျေးရွာကိုလည်းကောင်း၊ မတ် ၃၁ ရက်တွင် ပါသဲကျေးရွာကိုလည်းကောင်း၊ ဧပြီ ၁၉ ရက်တွင် ဗားတံတားကိုလည်းကောင်း၊ ဧပြီ ၂၂ ရက်တွင် ခွန်လီကျေးရွာကိုလည်းကောင်း၊ ဧပြီ ၂၃ ရက်တွင် ပွိုင့် ၁၇၁၀ တောင်ကုန်း၊ ကြောင်ဟင်ရှာကျေးရွာနှင့် ဆွန်ဟာရန်ကျေးရွာတို့ကိုလည်းကောင်း၊ ဧပြီ ၂၄ ရက်တွင် ဆူရ်ဘုန်လေဆိပ်နှင့် ဆီဇာမော်ကျေးရွာတို့ကို လည်းကောင်း အသီးသီးအောင်မြင်စွာ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဧပြီ ၂၅ ရက်(ယနေ့)တွင် အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့် ဖလမ်းမြို့ကို တပ်မတော်စစ်ကြောင်းများက အပြီးတိုင် အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ထိုသို့ အောင်မြင်စွာသိမ်းပိုက်နိုင်ခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ၏ နေရပ်ဇာတိ အိုးအိမ်နေရာများ၌ စိတ်အေးချမ်းသာစွာ ပြန်လည်နေထိုင်လိုသည့်ဆန္ဒ၊ အကြမ်းဖက်သောင်းကျန်းသူများ၏ အသက်အန္တရာယ်ရန်ပြုမှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှု၊ ထိတ်လန့်ကြောက်ရွံ့နေရမှုဘေးမှ ကင်းဝေးပြီး ၎င်းတို့၏ လူမှုစီးပွားဘဝအတွက် အေးချမ်းစွာ ရှာဖွေလုပ်ကိုင်စားသောက်လိုသည့် စိတ်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်သည်။

တပ်မတော် စစ်ကြောင်းများက ဖလမ်းမြို့နှင့် အဆိုပါဒေသတစ်ဝိုက်ကို ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏ အသက်ကို ပဓာနမထားဘဲ ရှုပ်ရှုပ်ချုံချုံ အဆင့်ဆင့်ပြန်လည် တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး၊တိုက်ပွဲငယ် ထိတွေ့မှု စုစုပေါင်း ၁၀၉ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၁၉ လောင်း၊ လက်နက်မျိုးစုံ ၃၃ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများသိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာအသက်ပေးလှူခဲ့ရသည်။

CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် ဖလမ်းမြို့နှင့် ၎င်းဒေသတစ်ဝိုက်ကို ယာယီစိုးမိုးထားစဉ် မြို့ရွာများအတွင်းရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများကို ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်း၊ နေအိမ်များနှင့် ဈေးဆိုင်ခန်းများကိုဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်းများ လုပ်ဆောင်ခဲ့သဖြင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ အပါအဝင် ဒေသခံတိုင်းရင်းသားများအနေဖြင့်လည်း အကြမ်းဖက်သမားများကို စက်ဆုတ်ရွံရှာ မုန်းတီးခြင်းနှင့်အတူ ဆင်းရဲမှုဘေးဒုက္ခကြီးစွာဖြင့် နီးစပ်ရာ မြို့ရွာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဖလမ်းမြို့အတွင်းသို့ ယာယီနေရပ်စွန့်ခွာနေကြရသည့် ဒေသခံတိုင်းရင်းသားပြည်သူများကို အန္တရာယ်ကင်းရှင်းစွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ အမြန်ဆုံးလည်ပတ်နိုင်ရေးနှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာရက်စက်စွာလုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းများကို ဦးစားပေးရှင်းလင်းဖော်ထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ရုံး၊ဌာနအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များကို ဒေသခံတိုင်းရင်းသားများနှင့်ပူးပေါင်း၍ အမြန်ဆုံး ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ချင်းပြည်နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများ လုံးဝကင်းစင်ပပျောက်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation)ကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်ရန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ဖိတ်ခေါ်လျက်ရှိသည်။ ထို့ကြောင့် PDF အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးအနေဖြင့် လမ်းကြောင်းမှန်ကို လျှောက်လှမ်းနိုင်ရန် အခွင့်အရေးတစ်ခုအနေဖြင့် စဉ်းစားချိန်တန်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ (ဖ၀၁)

ဝတ္ထုတိုကဏ္ဍ

# တော်လေးဝဝင်တဲ့မိန်းမမြှတ်

## မောင်နိုင်လင်း(ရိုးရှာ)



(၁)

ကျွန်တော် စိတ်ထဲခိုးလိုးခုလုဖြစ်နေသည်မှာ ဆယ်ရက်လောက်ရှိလေပြီ။ ဖြစ်ရသည့်အကြောင်းရင်းကတခြားကြောင့်မဟုတ်။ ကျွန်တော် အလုပ်ပြန်လာတိုင်း ကျွန်တော့်ထက် လေးငါးနှစ်လောက်ငယ်မည့် မိန်းကလေးတစ်ယောက်က လမ်းထိပ်မှာစောင့်နေပြီး ကျွန်တော့်ကိုပြုံးပြနေခြင်းပင်ဖြစ်သည်။ သည်မိန်းကလေးကို ကျွန်တော်မြင်လည်းမမြင်ဖူး၊ သိလည်းမသိခဲ့ရိုးအမှန်ပင်။

ကျွန်တော်က ကိုယ့်မြို့၊ ကိုယ့်ရွာကို စွန့်ပြီး ထိုင်းနိုင်ငံသို့ထွက်လာခဲ့မိသည်။ ထိုင်းနိုင်ငံသို့ မရောက်ဘဲ မြဝတီနယ်စပ်မှာပင် သောင်တင်နေတော့၏။ သောင်တင်ရသည်က လူပွဲစားများ၏ တယောလေးလိုအပြောကောင်းတဲ့ စကားလုံးတချို့ကို ယုံပြီး ပါလာသည့်ငွေတချို့ကို ပုံအပ်လိုက်မိ၏။ ငွေရသည်နှင့်တစ်ပြိုင်နက် လူရောငွေပါပျောက်သွား၏။ ပြန်စရာလမ်းစရိတ်မရှိသည်မို့ ဝမ်းစာအတွက် ကြုံရာကျပန်းအလုပ်လုပ်နေရ၏။

ကျွန်တော်၏ ဒုက္ခအခက်အခဲကို မိန်းမမသိအောင် ဖုံးကွယ်ထားခဲ့၏။ မြဝတီမှာ ခုနစ်လကြာသည့်တိုင် အလုပ်အကိုင်အတည်တကျမရှိ။ အခုလက်သမားဖြစ်လိုက်၊ တော်ကြာ ပန်းရန်သမားဖြစ်လိုက်၊ ခဏနေ ဝရိန်တို့လိုက် အလုပ်မျိုးစုံလုပ်ပြီး ရင်ဆိုင်ဖြေရှင်းနေရ၏။ ရသမျှငွေလေးကို ခြိုးခြံချွေတာစုပြီး ရွာမှာကျန်ခဲ့သည့် မိသားစုထံသို့ ငွေပို့ရပြန်သေး၏။

တစ်နေ့ ကျွန်တော်အလုပ်ကအပြန် လမ်းထိပ်အရောက်တွင် အမြဲလိုလိုရပ်ကြည့်နေသည့်မိန်းကလေးက ကျွန်တော့်နာမည်ခေါ်ပြီး အနားရောက်လာ၏။

"မင်း ငါ့ကို ခေါ်လိုက်တာလား"

မိန်းကလေးကပြုံးလျက်။

"ဒီနေရာမှာ ကိုနွေဦးနဲ့နှင်းနှစ်ယောက်ထဲရှိတာ။ ကိုနွေဦးကို မခေါ်လို့ဘယ်သူ့ကိုခေါ်ရမှာလဲ"

ရော် ခက်ချေပြီ။ သူ့ကို ကိုယ်ကမသိဘဲနှင့် သူက ကိုယ့်ကိုသိနေပြန်၏။

"ငါ့နာမည် နွေဦးတော့ ဟုတ်တယ် ဒါပေမဲ့ မင်းကိုငါမသိဘူး"

"ကိုနွေဦးက နှင်းကို သတိမထားလို့မသိတာပါ။ နှင်းနဲ့အစ်ကို တစ်ဆောင်ထဲမှာ အတူတူနေဖူးပါတယ်။ အစ်ကိုက အဆောင်ပြောင်းသွားလို့ ထပ်မဆုံဖြစ်တာပါ"

ထိုမိန်းကလေးပြောသည်မှာ အမှန်ပင်ဖြစ်သည်။ ကျွန်တော်က မကြာခဏဆိုသလိုပင် အဆောင်ပြောင်းနေရ၏။

"မင်း ငါ့ကို ရပ်ရပ်ကြည့်နေတာ ဘာသဘောလဲ"

"ကိုနွေဦးနဲ့ ခင်ချင်လို့ပါ။ ညီမနာမည်က ဇာခြည်နှင်းပါ၊ အများကအဖျားဆွတ်ပြီး နှင်းလို့ပဲခေါ်ပါတယ် ကိုနွေဦး။ "နှင်း ကိုနွေဦးကို အစ်ကိုတစ်ယောက်လို ခင်ချင်လို့ပါ၊ ခင်ခွင့်ပြုပါနော်"

ကျွန်တော် ပါးစပ်အဟောင်းသားဖြစ်သွား၏။ ငြင်းပယ်ဖို့လည်းခက်နေ၏။ နှင်းဆိုသည့်မိန်းကလေး ရွှန်းလဲ့ဝေဆာသော အကြည့်ဖြင့်ကြည့်နေ၏။ နှင်းနှင့်ကျွန်တော်က သွေးသားတော်စပ်သူမဟုတ်လေတော့ ကျွန်တော်မှာ ပြောဖို့ကခက်ခက်။ ကျွန်တော့်စိတ်ထဲတွင် သည်မိန်းကလေး ရိုးမှရိုးပါလေစဟု တွေးထင်နေမိ၏။ နှင်းဆိုသည့်မိန်းကလေးက ကျွန်တော့်ကို လူပျိုထင်နေပုံရ၏။ ကျွန်တော်မညာချင်။ မီးဆိုတာ မလောင်ခင် ကြိုတားမှတော်ကာကျမည်။ ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲပြောပြလိုက်၏။

"ငါက လူပျိုမဟုတ်ဘူး။ အိမ်ထောင်သည်၊ ရွာမှာသားမယားရှိတယ် "

"နှင်းလဲ အိမ်ထောင်သည်ပါ ကိုနွေဦး၊ နှင်းမှာ သားလဲရှိပါတယ်။ နှင်း ကိုနွေဦးရဲ့ စိတ်နေသဘောထားကိုလေးစားလို့ ခင်ဖို့ကြိုးစားချင်နေတာ ကြာပါပြီ။ မိန်းကလေးမို့သင့်မသင့်စဉ်းစားချင့်ချိန် တွေးတောရင်းနဲ့ ကြာသွားတာပါ။ ကိုနွေဦး နှင်းကို ညီမလေးတစ်ယောက်လိုခင်နိုင်မလား "

"နှင်း မေးတာ ဖြေပါအုံး ကိုနွေဦး"

"ဘာကိုလဲ"

"ကိုနွေဦး နှင်းကို ညီမလေးတစ်ယောက်လိုခင်မင်ခေါ်ပြော ဆက်ဆံနိုင်ပါ့မလားလို့"

"အစ်ကိုက ယောကျ်ားလေး ပြဿနာမရှိပါဘူး။ တော်ကြာ နှင်းယောကျ်ားက အစ်ကိုနဲ့နှင်းကို အထင်လွဲပြီး ပြဿနာရှာမှဖြင့် အစ်ကို့မှာ ပြေးစရာမြေမရှိဖြစ်နေပါအုံးမယ်"

"နှင်းယောကျ်ား ကိုကျော်စိုးက စိတ်သဘောထားဖြူစင်ပါတယ်။ သဝန်လဲမတိုတတ်ပါဘူး။ နောက်ပြီး နှင်းတို့ဇာတိက ဒီကမဟုတ်ပါဘူး။ ဧရာဝတီတိုင်းဘက်ကပါ"

"အစ်ကိုက ဝမ်းတွင်းကပါ"

"ကိုနွေဦး နှင်းကို ညီမလေးတစ်ယောက်လို လက်ခံမယ်မဟုတ်လား ဟင်"

" လက်ခံပါတယ် နှင်း"

"ဝမ်းသာလိုက်တာ ကိုနွေဦးရယ် အခုမှပဲ ရင်ထဲကအလုံးကြီးကျသွားတော့တယ်။ ဒါဆို ပြန်တော့မယ် ကိုနွေဦး။ အဆောင်မှာ သားလေးကို အသိတစ်ယောက်နဲ့ထားခဲ့ရတာမို့ နှင်း သွားအုံးမယ် ကိုနွေဦး"

ကျောခိုင်းထွက်ခွာသွားသည့် နှင်းကိုသာ နားမလည်နိုင်သောမျက်ဝန်းများဖြင့်ကြည့်နေမိ၏။

(၂)

နှင်းမှာ သုံးနှစ်အရွယ် သားယောကျ်ားကလေးရှိသည်။ နှင်း သားကလေးဘိုဖြူက အခုထိ ဘာစကားမျှမပြောပေ။ နှင်း သားကလေးကိုမြင်လျှင် ရွာမှာကျန်ခဲ့သည့် သားကလေးမိုးဦးကို ပိုသတိရလွမ်းမိသည်။ မိုးဦးနှင့် နှင်း သားကလေးဘိုဖြူက သက်တူရွယ်တူလောက်ရှိမည်ထင်သည်။ သားကလေးမိုးဦးဆီ ကျွန်တော်ဖုန်းဆက်လျှင် သားကလေးက အဖေ ကျန်းမာရေးဂရုစိုက်၊ ငွေများများရအောင်ရှာ၊ သားတို့ဆီအမြန်ပြန်လာဖို့ ချွဲချွဲနွဲ့နွဲ့တီတီတာတာပြောတတ်သည်။ နှင်း သားကလေး၏နာမည်က ဘိုဖြူ။ ဖြူဖြူဖွေးဖွေးနှင့်မို့ နာမည်နှင့်လူ အတော်လေး လိုက်ဖက်သည်။ နှင်း သားကလေးက ယခုထိ စကား လုံးဝမပြောတတ်ရှာပေ။

သူ့အဖေ ကိုကျော်စိုးက အဝေးပြေးကားမောင်းသည်မို့ တစ်နယ်ခြားထွက်နေရ၏။ ကျွန်တော်အလုပ်အားသည်နှင့် နှင်း ဘိုဖြူလေးကို ကျွန်တော့်ဆီထားပြီး မကြာခဏဆိုသလို ထွက်သွား၏။ အမေတစ်ခု၊ သားတစ်ခု အဆောင်မှာလူတွေအများကြီးရှိသော်လည်း နှင်းက စိတ်မချ၍ မထားရစ်ခဲ့။ သွားလေရာ ခေါ်သွား၏။ ကျွန်တော့်ကိုမှ ယုံယုံကြည်ကြည် ထားရစ်ခဲ့သည်။ ဘိုဖြူလေးကို ဘယ်လိုမှနားမလည်နိုင်အောင်ဖြစ်နေ၏။ ဘိုဖြူက ငိုလည်းမငိုဘူး။ ဘာမှလည်းမပူဆာ ထားသလိုနေသည်။ ကျွေးတာစားသည်။ ထို့ကြောင့် ကျွန်တော့်မှာ စိတ်သောက ပူပန်ရခြင်းမျိုးလည်းမရှိခဲ့ပေ။ တစ်ဦးကစေတနာ တစ်ဦးကမေတ္တာဟု ဆိုရမည်ပင်။ ကျွန်တော့်မှာ ဖုန်းမရှိလို့ မိန်းမနှင့် သားဆီဖုန်းပြောစရာရှိလျှင် နှင်း ဖုန်းယူပြီးပြောဖြစ်သည်။ ကျွန်တော်က အားနာလို့ ဖုန်းဘေဖိုးပေးသော်လည်း မယူ။ နှင်းကတောင် ကျွန်တော့်ကိုပြန်ပြီး အားနာနေပြန်သည်။

တစ်နေ့ ဘိုဖြူကလေးကို ထမင်းခွံ့ကျွေးနေစဉ် အပြင်က ပြန်လာသည့်သူငယ်ချင်းဖြစ်သူ မင်းသူက ရောက်ရောက်ချင်း ကျွန်တော့်ရင်ဝကို ဆောက်နှင့်ထွင်းသော စကားဆိုလေ၏။

"မင်းကို အသိစိတ်ခတ်နဲ့ အမှားအမှန်ကို ဝေဖန်နိုင်လိမ့်မယ်လို့ထင်ခဲ့တာ အခုတော့ မင်းအဖြစ်က နေမြင့်လေ အရူးရင့်လေ ဖြစ်နေပါလားနွေဦး။ မင်းမှာလဲ သားနဲ့မယားဆိုတာ သတိလဲထားအုံး။ မင်းက လမ်းမှာတွေ့တာ အားမရဘဲ လင်ကောင်မပေါ်ဘဲမွေးတဲ့ အပျက်မရဲ့ကလေးကို အဆောင်ထိခေါ်လာတာ အဆောင်နာတယ်ကွ"

" မင်းစကားတွေက ရိုင်းလှချည်းလား မင်းသူ၊ နှင်းက မိကောင်းဖခင် သားသမီးကွ။ ငါနဲ့သူက ရိုးရိုးသားသားခင်တာ တခြားဘာအကန့်မှမရှိဘူး။ ဘိုဖြူက လင်ကောင်မပေါ်ဘဲမွေးတာမဟုတ်ဘူး။ သူ့မှာအဖေရှိတယ်။ နှင်းရဲ့ ယောကျ်ားနာမည်က ကိုကျော်စိုးတဲ့"

ကျွန်တော့်စကားထဲတွင် ပြက်လုံးတစ်ခုမှမပါဘဲနှင့် မင်းသူက လှောင်ရယ်နေ၏။

" မင်း သူ့ရဲ့မာယာလှည့်ကွက်ထဲမိနေပြီ နွေဦး။ သူ့မှာ ယောကျ်ားရှိတယ်ဆိုတာ သူ့အပြောကွ။ သူနဲ့ သူ့ယောကျ်ားတွဲသွားတွဲလာလုပ်တာ တစ်ခါမှမတွေ့ဘူး။ ငါဒီမှာရောက်နေတာ တစ်နှစ်ကျော်ပြီ နွေဦး။ နှင်းမှာ အမှန်တကယ် ယောကျ်ားရှိရင် ဆုံကိုဆုံမှာ၊ ငါမင်းကိုချစ်လို့သတိပေးတာ။ ကုရာနတ္ထိဆေးမရှိမှာစိုးလို့တားနေတာ။ တကယ်တော့ ဇာခြည်နှင်းဟာ မိန်းမကောင်းမဟုတ်ဘူး၊ မိန်းမပျက်ကွ၊ ကြေးစား မိန်းမပျက်"

"တံငါနားနီးတံငါ မုဆိုးနားနီးမုဆိုးတဲ့ မိန်းမပျက်နဲ့ပေါင်းနေတဲ့ မင်းကို... "

"ဟေ့ကောင်"

ကျွန်တော် ဒေါသကိုမထိန်းနိုင်ဘဲ မင်းသူကို ထိုးဖို့ ရည်ရွယ်ပြီးမှ ပြန်ရုပ်သိမ်းလိုက်၏။ တစ်ကိုယ်လုံးလည်း အသားများ တဆတ်ဆတ်တုန်လျက်။ သွေးများပင် ဆူပွက်နေ၏။

"တော်တော့ မင်းသူ၊ မင်းစကားတွေက ငါသိက္ခာကိုထိပါးနေပြီ၊ ငါဒါမျိုးဝါသနာမပါဘူး။ ဇာခြည်နှင်းက မကောင်းတာလုပ်စားတဲ့မိန်းမမှန်း ငါမသိဘူး။ သိခဲ့ရင်လဲ ငါလုံးဝပေါင်းမှာမဟုတ်ဘူးဆိုတာ မင်းမြဲမြဲမှတ်ထား"

(၃)

"မင်း ငါ့ကိုအမှန်အတိုင်းပြော နှင်း မင်းဟာ မကောင်းတာလုပ်စားတဲ့မိန်းမဆို အဲဒါ ဟုတ်သလား"

နှင်းက ကြိုပြီးတွက်ဆထားပြီးသား။ တစ်နေ့နေ့တစ်ချိန်ချိန် နှင်း မကောင်းသတင်းများ ကိုနွေဦးဆီရောက်လိမ့်မည် သိထားသော်လည်း သည်လောက်ထိ မြန်ဆန်လိမ့်မည်ဟု ထင်မထားခဲ့ချေ။ ကိုနွေဦးမျက်နှာသည် မီးတောက်လို နီရဲလျက်။ နှင်းကို စားမတတ်၊ ဝါးမတတ်သောမျက်လုံးများနှင့် ခပ်စူးစူးကြည့်နေ၏။

"ဖြေလေ နှင်း၊ အဲဒါဟုတ်သလားလို့"

ကိုနွေဦး၏ မျက်နှာကဒေါသကြောင့် တင်းမာခက်ထန်လွန်းနေ၏။ အသံများကလည်း ကျယ်လောင်ဟိန်းထွက်နေ၏။

"ကိုနွေဦးကို ဘယ်သူပြောလဲ"

"ဘယ်သူပြောတယ်ဆိုတာ မင်းသိစရာမလိုဘူး ဇာခြည်နှင်း၊ ငါမေးတာပဲဖြေပါ"

" နှင်းက မိကောင်းဖခင် သားသမီးတစ်ယောက်ပါ ကိုနွေဦး။ နှင်းမှာ ကာမပိုင် လင်ယောကျ်ားရှိလျက်နဲ့ နှင်းကို ရမလားဆိုပြီး ချဉ်းကပ်ကြတာ။ သူတို့လိုချင်တာမရလို့ နှင်းကို သက်သက်မဲ့နာမည်ဖျက်တာပါ။ ကိုနွေဦးရယ် နှင်းက မိန်းမပျက်မဟုတ်ပါဘူး မိန်းမကောင်းပါ"

ကျွန်တော့်မှာ နှင်းကို ငေးကြည့်နေမိ၏။ မိန်းကလေးတစ်ယောက်၏ အသက်ထက်တန်ဖိုးထားရမည့် ဂုဏ်သိက္ခာကို ထိပါးစော်ကားသလိုဖြစ်သွား၏။ နှင်းက ရှိုက်ငိုနေ၏။ နှင်းမျက်ရည်ကို မြင်လျှင် ကျွန်တော် နှင်းကို ပိုသနားသွား၏။

"မင်းကို ညီမလေးတစ်ယောက်လိုချစ်လို့

စာမျက်နှာ ၂၅ သို့ á

# ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဗိုလ်ကိတ်ပဲ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ငပုတော မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဗိုလ်ကိတ်ပဲ ကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ငပုတော မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းထံမှ သိရသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၄၉၃၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် ဗိုလ်ကိတ်ပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဗိုလ်ကိတ်ပဲ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၄ ဒသမ ၄၈ တင်းထိ ထွက်ရှိကြောင်း၊ သိရသည်။

''ငပုတောမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဗိုလ်ကိတ်ပဲကို၄၉၃၈ကေထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဗိုလ်ကိတ်ပဲကို စိုက်ပျိုးရာမှာလဲ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ ဒေသခံတောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက် ပေးခဲ့ပါတယ်''ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ဗိုလ်ကိတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဗိုလ်ကိတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

---

á **စာမျက်နှာ ၂၄ မှအဆက်**

ဒီစကားတွေ ပြောနေတာပါ။ မင်းရဲ့ကိုယ်ကျင့်သိက္ခာကိုထိပါးစော်ကားတာမဟုတ်ပါဘူး။ ဘယ်လောက်ပဲ လောကဓံမုန်တိုင်းနဲ့ ကြုံကြုံ မပြေလည်မှုတွေများများ တခြားဖြေရှင်းစရာ နည်းလမ်းတွေ အများကြီးရှိပါတယ်။ ခန္ဓာကိုယ်ကို ငွေနဲ့ပုံအော ရောင်းစားလောက်တဲ့အထိတော့ မမိုက်ပါနဲ့နှင်းရယ်"

နှင်းက ရှိုက်ကြီးတငင်ငိုနေတော့၏။ နှင်း၏ငိုရှိုက်သံက ကမ္ဘာမြေ ပျက်သုဉ်းမတတ်ပင် ကျယ်လောင်လွန်းနေ၏။ ကျွန်တော့်စိတ်ထဲ နှင်းကို ဘယ်လိုမှပင်နားမလည်တော့ပေ။

"နှင်း တကယ်ပဲ သူတို့ပြောသလို လုပ်စားနေတာတော့ မဟုတ်လောက်ပါဘူးနော်။ ပတ်ဝန်းကျင်က နှင်းမှာ ယောကျ်ားမရှိဘူး၊ ဘိုဖြူလေးဟာ လင်ကောင်မပေါ်ဘဲ မွေးတဲ့သားတဲ့"

"ကိုနွေဦးကကော သူတို့ပြောသမျှတွေ ယုံလား"

"ယုံတာ မယုံတာထက် သူတို့ပြောတာ ဟုတ်မဟုတ် ကာယကံရှင်နှင်းသာ အသိဆုံး၊ နှင်းဟာ တကယ်ပဲမိန်းမပျက်တစ်ယောက်လား"

"ဒီအတွက် နှင်းမှာအဖြေမရှိဘူး ကိုနွေဦးဘက်က ဟုတ်မဟုတ် သိချင်ရင် ကိုနွေဦး နှင်းနေတဲ့အဆောင်ကိုလိုက်ခဲ့ပါ။ ကိုနွေဦး သိချင်တဲ့ အဖြေရမှာ အမှန်ပဲ "

(၄)

နှင်းနှင့်အတူ နှင်းနေသည့် အဆောင်ကို လိုက်လာခဲ့သော်လည်း ကျွန်တော့်စိတ်အစဉ်က ယောက်ယက်ခတ်နေ၏။ တုန်လှုပ်ချောက်ချားနေသည်။ တကယ်တမ်း ကြေးစားမိန်းမပျက်မတစ်ယောက်၏ ခေါ်ရာနောက်သို့ မလိုက်သင့်မှန်းသိလျက်နှင့် လိုက်ခဲ့မိ၏။

သူ၏ဖြားယောင်းခြင်းမခံရအောင် သတိကိုယ်မှာကပ်ပြီး လိုက်မိခြင်းအတွက် နောင်တရသည်တော့အမှန်။ နှင်းနှင့် ယှဉ်တွဲသွားမိတဲ့အခါတိုင်း လူများ၏မလိုလားသောအကြည့် မုန်းတီးစက်ဆုပ်ခြင်းစသောအကြည့်အမျိုးမျိုးနှင့်ကြည့်ခြင်းကိုခံရ၏။ ကျွန်တော့်စိတ်ထဲတွင် သည်တစ်ကြိမ်နောက်ဆုံးဟု တေးမှတ်ထား၏။

နှင်းက သူ့စလင်းဘတ်အိတ်ထဲက သော့ကိုထုတ်ပြီးဖွင့်စဉ် အတွင်းထဲက ယောကျ်ားအသံတစ်သံထွက်ပေါ်လာ၏။

"အပြင်က ပြန်လာပြီလား နှင်း "

"ဟုတ်တယ် ကိုကျော်၊ နှင်းမှာ ဧည့်သည်ပါလာတယ်၊ ကိုနွေဦး အထဲဝင်ပါ နှင်းယောကျ်ား ကိုကျော်စိုး အထဲမှာရှိပါတယ်"

ကျွန်တော် မဝံ့မရဲအခန်းထဲဝင်လာသည့်တိုင် နှင်းယောကျ်ား ကိုကျော်စိုး၏ အသံသာ ကြားရသော်လည်း လူကတော့ပေါ်မလာခဲ့ချေ။

နှင်းကလည်း ခဏလေးဆိုပြီး ကျွန်တော်ကိုထားကာ အခန်းထဲဝင်သွား၏။ တော်တော်နှင့်ပေါ်မလာ။ ကျွန်တော့်မှာ အီလည်လည်နှင့် ထိုင်စောင့်နေရသည်။

"ကိုနွေဦးကို ကိုကျော်စိုးရဲ့အညစ်အကြေးတွေ မြင်မှာစိုးလို့ ဆေးကြောသန့်စင်ပြီးမှ တွေ့ပေးချင်လို့ပါ"

"ကိုကျော်စိုးက ဘာဖြစ်လို့လဲ သူနေမကောင်းဘူးလား"

"နေကကောင်းပါတယ် ကိုနွေဦး။ ကိုကျော်စိုးက အောက်ပိုင်းသေနေသူတစ်ယောက်ပါ"

ကြားလိုက်ရသည့်စကားက ကျွန်တော့်ရင်ကို တုန်လှုပ်သွား၏။ မျက်လုံးများပင်ပြူးကျယ်သွား၏။ နှင်းက ဦးဆောင်ပြီး အခန်းထဲခေါ်သွား၏။ မြင်လိုက်ရသည့်မြင်ကွင်းက တကယ့်ကို ရင်နင့်စရာ။ ကျွန်တော်ထက်ငယ်မည်ဟုထင်ရသော ယောကျ်ားတစ်ယောက် ခုတင်ပေါ်တွင် ပက်လက်အိပ်နေသော အနေအထားကိုတွေ့ရ၏။ သူ၏ကိုယ်ပေါ်တွင် စောင်ခပ်ပါးပါးလေးခြုံပေးထား၏။

"ကိုကျော် ဒါ နှင်းပြောပြောနေတဲ့ ကိုနွေဦးလေ "

နှင်းအသံက ကြေကွဲဆို့နစ်နေပြီး အသံများပင်တုန်ခါနေ၏။

ကျွန်တော်က စိတ်မကောင်းစွာဖြင့် နှင်းကို ငေးကြည့်နေ၏။

"ကျေးဇူးတင်ပါတယ် ကိုနွေဦး။ ကျွန်တော်သာ အောက်ပိုင်းသေသူ မဟုတ်ရင်း ထိုင်ပြီတော့တောင်ရှိခိုးပါတယ်ဗျာ"

"အဆင်ပြေသလိုနေပါ ကျော်စိုး"

"ကိုကျော် နှင်း ကိုနွေဦးကိုပြန်လိုက်ပို့ရအုံးမယ်။ ကိုကျော် စားချင်တာရှိရင်မှာလေ နှင်းဝယ်ခဲ့မယ်"

"မဝယ်ပါနဲ့ နှင်းရယ်၊ ကိုကျော်လို ဒုက္ခိတတစ်ယောက်ကို ထားမသွားတာဘဲ ကိုကျော် ကျေးဇူးတင်ပါတယ်"

"ကိုကျော်ဟာ နှင်းရဲ့ဘဝလက်တွဲဖော်ပါ၊ ကိုကျော် ဘယ်ဘဝ ရောက်ရောက်ပစ်မသွားဘူးဆိုတာ ယုံပါနော်။ နှင်း ကိုကျော်အပေါ်ထားတဲ့မပြယ်သော မေတ္တာတွေပါ။ ကိုနွေဦး လာ... "

အခန်းအပြင်ရောက်မှ ထိန်းထားသမျှမျက်ရည်များ တသွင်သွင် စီးကျနေသော နှင်းကိုကြည့်ကာ ဘာမျှပြန်မပြောတတ်အောင် ဖြစ်နေသူက ကျွန်တော်။ နှင်းဘဝ အခြေအနေအမှန်ကို မသိဘဲနှင့် အသားလွတ်စော်ကားပြောဆိုမိခဲ့၏။

"နှင်းပြောတော့ ကိုကျော်စိုးက အဝေးပြေးကားမောင်းတာဆို အခုကျတော့..."

"လူတစ်ယောက်ရဲ့ဘဝ လုံထမ်းလာတာမြင်ရတယ်။ ကံထမ်းရတာ မမြင်ရဘူးတဲ့။ ကိုကျော်စိုးနဲ့ နှင်းအိမ်ထောင်ကျတာ ခုနစ်နှစ် ရှိပါပြီ။ ရွာမှာစီးပွားရေးအဆင်မပြေလို့ နယ်စပ်ထွက်လာကြတာ သူက ဒီမှာ ကားမောင်းတယ်၊ အစကတော့ စီးပွားရေးအဆင်ပြေပါတယ်။ ငွေလဲရတော့ ရွှေတိုရွှေစတွေစုမိတယ်။ သားကလေးလသားအရွယ်မှာ ကိုကျော်စိုးကားမှောက်ပြီး အောက်ပိုင်းသေသွားတယ်။ ဒီလိုဖြစ်တာ ရွာမှာကျန်ခဲ့တဲ့ သူ့မိဘနဲ့ နှင်းမိဘတွေအခုထိမသိကြသေးဘူး။ နှင်းက လဲမပြောဘူး။ ကိုနွေဦး သူ့ဆေးကုစရိတ် နှင်းတို့ရဲ့စားဝတ်နေရေးအတွက် နှင်းဘဝကိုစတေးခဲ့ရတာပါ။ နှင်းတစ်နေ့လေးပျောက်သွားရင် သူ့ရဲ့အညစ်အကြေးတွေ ဘယ်သူလာသန့်စင်ပေးမှာလဲ ဒါကြောင့်မို့ နှင်းစိတ်လေပြီး အရက်တို့၊ ဘီယာတို့၊ ဆေးလိပ်တို့သောက်တာပါ။ နှင်း မိန်းမပျက်မဖြစ်ချင်ပါဘူး ကိုနွေဦးရယ် တော်လေးဝဝင်တဲ့ မိန်းမမြတ်ဖြစ်ချင်တာပါ။ အခုတော့ အခုတော့..."

နှင်းကပြောရင်း ငိုရင်းအသံများပါတိတ်သွား၏။

ကျွန်တော်က နှင်း၏လက်ကိုဆုပ်ကိုင်ပြီး

"နှင်းရယ် ညီမလေးရယ် အစ်ကိုဘာပြောရမှာလဲ"

ကျွန်တော့်ရင်ထဲဆို့နစ်ငိုကြွေးရုံကလွဲပြီး တခြားဘာမျှမပြောတတ်အောင်ဖြစ်နေခဲ့တော့၏။

---

## မိမိကိုယ်ကို ထုဆစ်ပါ

– မိမိကိုယ်ကို တန်ဖိုးထား
ကြိုးစားလို့ ရည်ရွယ်ရာ၊
နောက်ကိုကွယ် ဘယ်မဆုတ်
အားထုတ်ရှေ့သာ၊
ဖွဲ့လုံ့လ မြတ်ပညာ
ဝီရိယပါ ပေါင်းစည်းတွဲ၊
မိမိကိုယ် ပုံဖော်ထု
ရှေးရှုအောင်ပွဲ။

– ကြိုးစားသူ အခက်အခဲ
ကြုံတွေ့မြဲ ဓမ္မတာ၊
ရှုံးနိမ့်သော် စိတ်ဓာတ်မကျ
ဆန္ဒပြင်းစွာ၊
မိမိဘဝ မိမိသာ
အားကိုးရာ စိတ်ကိုမွေး၊
အချိန်ကို မဖြုန်းတီး
ရင်းနှီး သုံးပေး။

– ဉာဏ်ရည်ကို ထက်အောင်သွေးဖို့
ဖတ်ရှုမနှေး စာများစွာ၊
မိဘဆရာ ဆုံးမစကား
နာကြားခါခါ၊
ရိုးသားလို့ကြိုးစားပါ
ရှေးရှုပါ ပန်းတိုင်သို့၊
မိမိကိုယ် အားကိုး
ကြိုးကုတ်ပါစို့။ ။

ချစ်သက်(မြန်မာစာ)

---

# ကြာအင်းဆိပ်ကြီးမြို့နယ် လွတ်ရှမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြာအင်းဆိပ်ကြီး မေ ၂၅**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လွတ်ရှမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမင်းဝေဖြိုး၊ မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့် တွေ့ဆုံ၍ လွတ်ရှမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ လွတ်ရှမ်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၅ ဦးကို ရန်ပုံငွေကျပ် ၄၃ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုသက်**

# ကင်ညာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်



**နိုင်ရိုဘီ မေ ၂၅**

ကင်ညာနိုင်ငံ တာကာနာဒေသနှင့် ဆမ်ဘူရူဒေသတို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသဖြင့် Kenya Meteorological Department က ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

မိုးရွာသွန်းမှုသည် မေ ၂၄ ရက်က စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ လေတိုက်နှုန်းလည်း မြင့်မားနေကြောင်း၊ မိုးသက်လေပြင်းအသွင် ဖြစ်ပေါ်နေခြင်းဖြစ်ပြီး တာကာနာဒေသနှင့် ဆမ်ဘူရူဒေသတို့တွင် ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားပြီး ကယ်ဆယ်ရေးဝန်ထမ်းများကိုလည်း စုဖွဲ့ထားပြီး ဖြစ်ကြောင်း သိရသည်။

"တာကာနာဒေသနဲ့ ဆမ်ဘူရူဒေသတို့မှာ မိုးသည်းထန်စွာရွာသွန်းနေပါတယ်။ လေတိုက်နှုန်းလဲမြင့်မားနေပြီးတော့မိုးသက်လေပြင်း ပုံစံဖြစ်နေပါတယ်။ ရေကြီးရေလျှံမှုတွေ ပိုမိုမြင့်မားလာနိုင်တဲ့ မိုးရွာသွန်းမှုနှုန်း ဖြစ်ပါတယ်။ မေ ၂၄ ရက်ကနေ မေ ၁ ရက်ထိ မိုးရွာသွန်းနိုင်ပါတယ်" ဟု Kenya Meteorological Department မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဂျပန်နိုင်ငံ အီဝါတီစီရင်စုတွင် တောမီးလောင်ကျွမ်းမှု ဆက်လက်ပြင်းထန်နေသဖြင့် လူဦးရေ ၃၀၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**တိုကျို မေ ၂၅**

ဂျပန်နိုင်ငံ မြောက်ပိုင်းရှိ အီဝါတီစီရင်စုအတွင်း တောမီးလောင်ကျွမ်းမှုများ ဆက်လက်ပြင်းထန်နေပြီး လူနေဧရိယာများသို့ မီးတောက်များ ပျံ့နှံ့လာသဖြင့် အာဏာပိုင်များက လူဦးရေ ၃၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

မီးလောင်မှုတစ်ခုသည် မေ ၂၃ ရက်က တောင်တန်းဒေသတစ်ခု၌ စတင်ဖြစ်ပွားခဲ့ပြီး နှစ်နာရီခန့်အကြာတွင် အိုဆုချီမြို့ အနီး ၁၀ ကီလိုမီတာခန့် အကွာ၌ နောက်ထပ်မီးလောင်မှုတစ်ခု ထပ်မံဖြစ်ပွားခဲ့ကြောင်း၊ ဒေသတွင်း မီဒီယာများ၏ သတင်းထုတ်ပြန်ချက်အရ မီးလောင်မှု နှစ်ခုသည် ယနေ့ထိ မထိန်းချုပ်နိုင်သေးဘဲ ဆက်လက် ပျံ့နှံ့နေကြောင်း သိရသည်။

လက်ရှိတွင် မီးသတ်တပ်ဖွဲ့များသည် မြေပြင်နှင့် ဝေဟင်မှ တစ်ပြိုင်နက် မီးငြိမ်းသတ်ရေး လုပ်ဆောင်နေသော်လည်း မီးလောင်ကျွမ်းမှုများကို အပြည့်အဝ ထိန်းချုပ်နိုင်ခြင်းမရှိသေးကြောင်း၊ တောမီးများကြောင့် လက်ရှိအချိန်ထိ ဟက်တာ ၁၁၇၆ ကျော် မီးလောင်ကျွမ်းခဲ့ပြီး အိမ်ထောင်စု ၁၅၄၁ စုထိခိုက်ခဲ့ကာ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း၊ တောမီးကြောင့် နေအိမ်တစ်လုံးအပါအဝင် အဆောက်အအုံ ခုနစ်လုံးပျက်စီးခဲ့သော်လည်း လူထိခိုက်ဒဏ်ရာရမှု မရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အမေရိကန်နိုင်ငံ အိုကလာဟိုးမားပြည်နယ်မြောက်ပိုင်းတွင် လေဆင်နှာမောင်းတိုက်ခတ်ပြီးနောက် အနည်းဆုံး လူ ၁၀ ဦး ဒဏ်ရာရရှိခဲ့

**ဝါရှင်တန် မေ ၂၅**

အမေရိကန်နိုင်ငံ အိုကလာဟိုးမားပြည်နယ် မြောက်ပိုင်းတွင် လေဆင်နှာမောင်း တိုက်ခတ်ပြီးနောက် အနည်းဆုံး လူ ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

အဆိုပါ လေဆင်နှာမောင်းကြောင့် Vance လေတပ်အခြေစိုက်စခန်း တစ်ခုလည်း ဆိုးဆိုးရွားရွား ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့ပြီးနောက် အရေးပေါ်အဖွဲ့များသည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက် လုပ်ဆောင်နေကြကြောင်း သိရသည်။

Enid မြို့ လေတပ်အခြေစိုက်စခန်းမှ တာဝန်ရှိသူတစ်ဦးက လေဆင်နှာမောင်း၏သက်ရောက်မှုကြောင့် စခန်းတွင် ပျက်စီးဆုံးရှုံးမှုပမာဏကို သတ်မှတ်နိုင်ရန်နှင့် အခြေခံ အဆောက်အအုံများ၏ ခိုင်မာမှုကို သေချာစေရန် အခြေစိုက်စခန်း ခေါင်းဆောင်များက စစ်ဆေးအကဲဖြတ်မှုများ ပြုလုပ်နေကြောင်း၊ လေတပ်အခြေစိုက်စခန်းတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းအားလုံး ဘေးကင်းကြောင်း သိရသည်။



Enid မြို့တော်ဝန် ဒေးဗစ်မန်ဆွန်က လေဆင်နှာမောင်း၏ သက်ရောက်မှုကြောင့် ထိုဒေသတွင် အနည်းဆုံး လူ ၁၀ ဦး ဒဏ်ရာရရှိခဲ့ပြီး အများစုမှာ အသေးစား ဒဏ်ရာများသာ ဖြစ်ကြောင်း၊ မြို့တော်ရဲဌာနနှင့် မီးသတ်ဌာနမှ ဝန်ထမ်းများသည် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်နေကြပြီး လေဆင်နှာမောင်းဒဏ်ခံခဲ့ရသော Grayridge ဒေသမှဒေသခံများကို သတိပြုနေထိုင်ရန် တိုက်တွန်းခဲ့ကြောင်း ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : KZ

# ကမ္ဘာတစ်ဝန်း အယ်နီညိုရာသီဥတု မေလတွင် ဖြစ်ပေါ်လာနိုင်ကြောင်း WMO က ထုတ်ပြန်

**ဘန်း မေ ၂၅**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် အခြေစိုက်သည့် World Meteorological Organization (WMO) အဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်းလုံးတွင် အယ်နီညိုရာသီဥတု မေလတွင် စတင် ဖြစ်ပေါ်လာနိုင်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အယ်နီညိုရာသီဥတုကြောင့် ပင်လယ်ရေမျက်နှာပြင် ပူနွေးလာနိုင်ပြီး ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းနှင့် အရှေ့ဘက်ပိုင်းတို့တွင် မေလပထမပတ်အတွင်း ပင်လယ်ရေမျက်နှာပြင်ပူနွေးမှုဖြင့် ဦးစွာရင်ဆိုင်ရနိုင်ကြောင်း၊ အယ်နီညိုရာသီသည် ကာလအားဖြင့် ကိုးလမှ ၁၂ လထိ ကြာမြင့်သွားနိုင်ပြီး ပင်လယ်ရေမျက်နှာပြင် ပူနွေးမှုမှာလည်း တစ်စထက်တစ်စမြင့်တက်လာနိုင်ကြောင်း၊ အယ်နီညိုရာသီဥတုကြောင့် ကမ္ဘာတစ်ဝန်းအပူချိန်မြင့်တက်မှု ဖြစ်ပေါ်လာနိုင်သကဲ့သို့ မိုးခေါင်ရေရှားပါးမှုပြဿနာများနှင့် တောမီးလောင်ကျွမ်းမှုများလည်း ဖြစ်ပေါ်နိုင်ကြောင်း WMO က သတိပေးချက် ထုတ်ပြန်ခဲ့သည်။

"ငါးနှစ်ကနေ ခုနစ်နှစ်အတွင်း တစ်ကြိမ်သာ ဖြစ်ပေါ်လေ့ရှိတဲ့ အယ်နီညိုရာသီဥတုဟာ ဒီနှစ်မှာတော့ ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ကာလထက် စောနိုင်ပါတယ်။ မေလပထမပတ်ကနေ စတင်ပြီးတော့ ကမ္ဘာတစ်ဝန်း အယ်နီညိုရာသီဥတု ဖြစ်ပေါ်လာနိုင်ပါတယ်။ အယ်နီညိုရာသီဥတုကြောင့် အပူချိန်မြင့်တက်မှုတွေ မိုးခေါင်တဲ့ ပြဿနာတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းနဲ့ အရှေ့ဘက်ပိုင်းတို့မှာ အယ်နီညိုရာသီဥတုကြောင့် စောစီးစွာ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုတွေဖြစ်ပေါ်လာနိုင်တယ်။ အယ်နီညိုရာသီဥတု ရိုက်ခတ်မှုကြောင့် စိုက်ပျိုးရေးကဏ္ဍကတော့ အဆိုးရွားဆုံး ရိုက်ခတ်မှုနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးအနေနဲ့ လိုအပ်တဲ့ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်ထားဖို့ လိုအပ်လိမ့်မယ်" ဟု World Meteorological Organization (WMO) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ကနေဒါနိုင်ငံ ကာရီဘိုခရိုင်တွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးထား

**အော့တဝါ မေ ၂၅**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ကာရီဘိုခရိုင်တွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး တောမီးလောင်ကျွမ်းမှုသည် လူနေအိမ်ခြေများဆီသို့ ကူးစက်နေသည့်အတွက် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် သတိပေးထားကြောင်း ဗြိတိသျှကိုလံဘီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုသည် လူနေအိမ်ခြေများဆီသို့ ကူးစက်လောင်ကျွမ်းနေသကဲ့သို့ အခြေခံ အဆောက်အအုံ ၁၀ လုံးခန့်ထိ တောမီးကူးစက်လောင်ကျွမ်းမှုဖြင့် ရင်ဆိုင်နေရကြောင်း၊ တောမီးကူးစက်လောင်ကျွမ်းမှုဖြင့် ရင်ဆိုင်နေရသည့်ဒေသမှာ ကွန်နီလိတ်ဒေသဖြစ်ပြီး တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဟက်တာ ၄၅၀ ခန့် လောင်ကျွမ်းပျက်စီးနေပြီဖြစ်ကြောင်း၊ တောမီးကိုထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေသော်လည်း ပူပြင်းခြောက်သွေ့ပြီး လေတိုက်ခတ်မှုကြောင့် တောမီးကူးစက်လောင်ကျွမ်းမှုနှုန်း မြန်ဆန်နေကြောင်း သိရသည်။

"ကာရီဘိုခရိုင်မှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ ကြိုးစားပေးနေပါတယ်။ တောမီး စတင်လောင်ကျွမ်းတဲ့နေရာဟာ မြေပြင်ကနေသွားလာဖို့ ခက်ခဲတဲ့အတွက် ထိရောက်တဲ့ မီးငြိမ်းသတ်မှုမျိုးတော့ မလုပ်နိုင်သေးပါဘူး။ တောမီးဟာ ကွန်နီလိတ်ဒေသအနီးမှာ အဓိကလောင်ကျွမ်းနေပြီးတော့ လူနေအိမ်ခြေတွေဆီကို ကူးစက်လောင်ကျွမ်းနေပါတယ်။ လူနေအိမ်ခြေတွေဆီကို ကူးစက်လောင်ကျွမ်းနေတဲ့ တောမီးကို ဦးစားပေးငြိမ်းသတ်ပေးနေပါတယ်။ တောမီးဟာ အခြေခံအဆောက်အအုံ ၁၀ လုံးကို ကူးစက်လောင်ကျွမ်းနေပြီးတော့ သစ်တောမြေဟက်တာ ၄၅၀ လောက်ထိ ပျက်စီးနေပါတယ်။ ဒေသခံတွေကိုလဲ ဘေးလွတ်ရာ ရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်။ တောမီးကို ထိန်းချုပ်နိုင်ဖို့အတွက် ကြိုးပမ်းနေဆဲ ဖြစ်ပါတယ်" ဟု ဗြိတိသျှကိုလံဘီယာ မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စားတော်ပဲကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



ကလေး မေ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စားတော်ပဲ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၃၁၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စားတော်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၁၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ကလေးမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ စားတော်ပဲ ၃၁၂၄ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စားတော်ပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စားတော်ပဲဟာ ပြည်တွင်းစားသုံးမှုများတဲ့ သီးနှံဖြစ်တဲ့အတွက် ဈေးကွက်ရှိပြီး စိုက်ပျိုးတဲ့တောင်သူတွေ အဆင်ပြေပါတယ်" ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေ့က ပြောပြသည်။

ကလေးမြို့နယ်တွင် စားတော်ပဲ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် အထွက်နှုန်း ကောင်းမွန်ရေး၊ ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

စားတော်ပဲကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားတော်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေ့က ပြောပြ၍ သိရသည်။ (၂၀၆)

# ညောင်ဦးမြို့နယ် ကူကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

ညောင်ဦး မေ ၂၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၂၄ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းက အမှာစကားပြောကြားပြီး ညောင်ဦးမြို့နယ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များအကြောင်းရှင်းလင်း ပြောကြားပြီး စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင် ၁၁ ဦးကို ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကူကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးပေးမှု အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးညီညီဦးထံမှ သိရသည်။

မင်းမြင့်မိုရ်

# ပန်းတနော်မြို့နယ်တွင် စိန်တလုံးသရက်သီးများ အရောင်းအဝယ်ကောင်းမွန်နေ

ပန်းတနော် မေ ၂၅

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်တွင် ဒေသထွက် စိန်တလုံး သရက်သီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် သစ်သီးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ဒေသထွက် စိန်တလုံး သရက်သီးများ ဈေးကွက်တွင် ယခုနှစ် ဧပြီလ တတိယပတ်မှ စတင်ပြီး ယနေ့ထိ အရောင်းအဝယ် ပြုလုပ်လျက်ရှိပြီး တစ်ရက်လျှင် သရက်သီး အလုံးရေ ၂၀၀၀၀ မှ ၃၅၀၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ စိန်တလုံး သရက်သီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။



"ဒီဘက်ကနေထွက်တဲ့ စိန်တလုံး သရက်သီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူတာများနေပါတယ်။ လက်ရှိ စိန်တလုံး သရက်သီး အလုံးရေ ၂၀၀၀၀ မှ ၃၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခု အရောင်းအဝယ်ကောင်းနေတဲ့ သရက်သီးတွေက အရည်အသွေးကောင်းပြီး လတ်ဆတ်ပါတယ်။ အခြားဒေသတွေက ဒီဘက်ကနေ ထွက်တဲ့ စိန်တလုံး သရက်သီးတွေကို အဝယ်လိုက်နေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ အခုလို ဒေသထွက် သရက်သီးတွေ ဝယ်ယူတာများလာတော့ စိုက်တဲ့တောင်သူတွေနဲ့ ပွဲရုံပိုင်ရှင်တွေ အဆင်ပြေလာပါတယ်" ဟု ပန်းတနော်မြို့နယ် သစ်သီးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# ဟသ္သာတမြို့နယ် ဇီးတောစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဟသ္သာတ မေ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဟသ္သာတမြို့နယ် ခေါင်းဆေးကျွန်း ကျေးရွာအုပ်စု ဇီးတောစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မေ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဟသ္သာတခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်နှင့် ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ ဇီးတောစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ အခြေအနေများကို စစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါဇီးတောစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ခုနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်မတည် ဆောင်ရွက်ခဲ့ပြီး ယခုအခါတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၂ ဦးကို ငွေကျပ် ၄၂ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း ဟသ္သာတခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်ထံမှ သိရသည်။

သန်းသန်းစိုး

# နမ့်စန်မြို့နယ် နမ့်လင်း (ရွာသစ်) ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

နမ့်စန် မေ ၂၅

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်လင်း (ရွာသစ်) ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာစုရပ်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မြင့်လွင်ဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း VDP အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးက စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့်ရပိုင်ခွင့်များ၊ စီမံကိန်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာ တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ ခရိုင်ဦးစီးမှူးက ရှင်းလင်းဖြေကြားပြီး၊ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘော ဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နမ့်လင်း (ရွာသစ်) ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သံသာ

**စာပေမြင့်မှ လူမျိုးတင့်မည်**

# လူတိုင်းအသုံးချ ကံ၊ ဉာဏ်၊ ဝီရိယ

လူတိုင်း ကံ၊ ဉာဏ်၊ ဝီရိယဆိုတဲ့ အရာတွေကို မှန်မှန်ကန်ကန်အသုံးချနိုင်ရင် အကျိုးရှိမှာဖြစ်ပြီး အသုံးချတာမမှန်ရင်တော့ အကျိုးမဲ့ပြီး လုပ်သမျှ အလုပ်တွေကလွဲမှားနေမှာ ဖြစ်ပါတယ်။

ကံဆိုတာ ကမ္မဆိုတဲ့ပါဠိစကားကဆင်းသက်လာတာဖြစ်ပြီး မြန်မာလို ကိုယ်၊ နှုတ်၊ စိတ် တစ်ခုခုဖြင့် ပြုလုပ်သောအမှု၊ ကောင်းကျိုး၊ မကောင်းကျိုးကို ဖြစ်စေသောအကြောင်းလို့ အဓိပ္ပာယ်ရပါတယ်။ ကံဆိုးတယ်၊ ကံကောင်းတယ်ဆိုတာ ပြုသူရဲ့လုပ်ဆောင်ချက်ကြောင့် ဖြစ်ပါတယ်။ အရည်အချင်း၊ အရည်အသွေးရှိတဲ့သူတွေဟာ ကောင်းကျိုးတွေကိုပိုင်ဆိုင်ကြပြီး အရည်အချင်း၊ အရည်အသွေး မရှိတဲ့သူတွေဟာ အောင်မြင်မှုနည်းပါးတတ်ပါတယ်။ ဒါကို သဘောမပေါက်ဘဲ ကံကိုယိုးမယ်ဖွဲ့ပြီး ကံဆိုးတယ်လို့ ဆိုကြပါတယ်။ ကံဆိုတာ ကိုယ်တိုင်ပြုလုပ်တဲ့အလုပ်ရဲ့ရလဒ်ဖြစ်လို့ မအောင်မြင်ရခြင်းဟာ ကာယကံရှင်အပေါ်မှာသာ မူတည်ပါတယ် ။

အတိတ်ကပြုခဲ့တဲ့ကံ၊ ပစ္စုပ္ပန်မှာပြုနေတဲ့ကံတွေရှိသလို ပစ္စုပ္ပန်မှာလုပ်နေတဲ့ အလုပ်တွေတိုင်းဟာ အနာဂတ်ကို သက်ရောက်စေမှာ ဖြစ်ပါတယ်။ အတိတ်ကံကောင်းခဲ့ကြသူတွေက လက်ရှိဘဝမှာ ကောင်းကျိုးတွေ ခံစားနေကြရပြီး အတိတ်ကံမကောင်းခဲ့တဲ့သူတွေက မပြည့်စုံတာတွေ လိုအပ်ချက်တွေကို ခံစားနေကြရပါတယ်။ အတိတ်ကံဆိုတာ ပြန်ပြီး ပြင်ဆင်လို့မရတော့တဲ့အတွက် လက်ရှိကာလမှာ ကံကောင်းရအောင် အလုပ်တွေကို ကြိုးစားလုပ်ကိုင်ကြဖို့သာ လိုပါတယ်။

နေ့စဉ်ကိုယ်ပြုကျင့်တဲ့ ကာယကံ၊ နှုတ်နဲ့ပြောဆိုတဲ့ ဝစီကံ၊ စိတ်နဲ့ကြံစည်နေတဲ့ မနောကံဆိုတဲ့ ကံသုံးပါးရှိပါတယ်။ ကောင်းတဲ့ကြံစည်တွေးတောတာ၊ ပြောဆိုတာ၊ လုပ်ကိုင်တာတွေကိုသာ မှန်မှန်ကန်ကန် အသုံးချကြရပါမယ်။ စိတ်ထဲက မကောင်းတဲ့ ကြံစည်တွေးတောတာ၊ နှုတ်ကထွက်တဲ့ စကား၊ ကာယကံမြောက် ပြုမူလုပ်ကိုင်တာတွေဟာ မှန်ကြည့်တဲ့အခါ ကိုယ့်ပုံရိပ်အတိုင်းပြန်ပေါ်နေတဲ့ သဘာဝနဲ့ ရှုမြင်ဆင်ခြင်ကြရပါမယ်။

ကောင်းတဲ့ အတွေးအကြံ၊ ပြောဆိုလုပ်ကိုင်တာတွေက ကိုယ်တိုင်ကောင်းကျိုးတွေကို ခံစားရနိုင်သလို ပတ်ဝန်းကျင်ကိုလဲ ကောင်းကျိုးတွေရရှိစေပါတယ်။ တချို့က ကိုယ်လုပ်လိုက်တာ မှန်တယ်လို့ ထင်ပေမဲ့ ပတ်ဝန်းကျင်ကို ထိခိုက်သွားနိုင်ပါတယ်။ ဒါကြောင့် ကိုယ်လုပ်တဲ့အလုပ်ဟာ ပတ်ဝန်းကျင်ကို ဘယ်လို အကျိုးသက်ရောက်နိုင်တယ်ဆိုတာ ဆင်ခြင်လုပ်ကိုင်ကြဖို့ လိုပါတယ်။

ကံကိုယုံ၍ ဆူးပုံမနင်းရာဆိုတဲ့စကားပုံအတိုင်း ကံကောင်းနေတယ်ဆိုပြီး မကောင်းမှုတွေကို လုပ်ကိုင်တာဟာ ရေရှည်မရပ်တည်နိုင်ပါဘူး။ ကံကောင်းခြင်းဆိုတာ အချိန်တိုင်းမရှိနိုင်ပါ။ ဥပမာ အနေနဲ့ လောင်းကစားလုပ်တဲ့သူဟာ နိုင်တဲ့အခါရှိသလို ရှုံးတဲ့အခါလဲရှိပါတယ်။ နိုင်တဲ့အချိန်မှာ ကံကောင်းတယ်ဆိုပြီး လောဘဇောတွေနဲ့ ထပ်လုပ်တတ်ကြပါတယ်။ တချို့ဆိုရင် လောင်းကစားကို မဆင်မခြင်လုပ်လိုက်ကြတာ ရှုံးသွားတော့ ဘဝတစ်ခုလုံးပါ နစ်နာပျက်စီးသွားကြပါတယ်။ ဒီလို လူတွေဟာ ဥစ္စာဓနတွေ ဆုံးရှုံးရတယ်၊ အချိန်တွေ အလဟဿပြုန်းတီးတယ်။ မတရားလောဘတွေ တက်လာတယ်၊ အကြွေးတွေ တင်လာတယ်။ အဲဒါတွေရဲ့နောက်ဆက်တွဲက မရိုးသားတာတွေကိုပါ ပြုလုပ်လာတတ်ကြပါတယ်။

တချို့က တိုးတက်အောင်မြင်အောင် ရိုးသားတဲ့ နည်းလမ်းတွေနဲ့တွေ့ကြုံလာတဲ့ အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားလုပ်ကိုင်ကြလို့ တိုးတက်အောင်မြင်သွားကြပါတယ်။ တစ်နည်းအားဖြင့် ကံကောင်းသူတွေ ဖြစ်သွားကြပါတယ်။ ရိုးသားမှုနဲ့ အောင်မြင်သူ၊ ကံကောင်းသူတွေဟာ တစ်သက်တာလုံး နောက်ဆံမတင်းရဘဲ ကိုယ်ရောစိတ်ပါ ချမ်းသာသုခတွေ ခံစားကြရပါတယ်။ ဒါကြောင့် မှန်ကန်တဲ့ကံကောင်းတာတွေကို ခံစားချင်ရင် ဇွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်တာ၊ မှန်ကန်တဲ့အလုပ်ကို ရွေးချယ်လုပ်ကိုင်တာ၊ ရိုးသားတာတွေနဲ့သာ ကျင့်ကြံလုပ်ကိုင်သွားကြရပါမယ်။

**❖ တိုးတက်အောင်မြင်အောင် ရိုးသားတဲ့နည်းလမ်းတွေနဲ့ တွေ့ကြုံလာတဲ့အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားလုပ်ကိုင်ကြလို့ တိုးတက်အောင်မြင်သွားကြပါတယ်။ တစ်နည်းအားဖြင့် ကံကောင်းသူတွေဖြစ်သွားကြပါတယ်။ ရိုးသားမှုနဲ့အောင်မြင်သူ၊ ကံကောင်းသူတွေဟာ တစ်သက်တာလုံး နောက်ဆံမတင်းရဘဲ ကိုယ်ရောစိတ်ပါ ချမ်းသာသုခတွေ ခံစားကြရပါတယ်။ ဒါကြောင့် မှန်ကန်တဲ့ကံကောင်းတာတွေကို ခံစားချင်ရင် ဇွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်တာ၊ မှန်ကန်တဲ့ အလုပ်ကို ရွေးချယ်လုပ်ကိုင်တာ၊ ရိုးသားတာတွေနဲ့သာ ကျင့်ကြံ လုပ်ကိုင်သွားကြရပါမယ်။❖**

ဉာဏ်ဆိုတာကတော့ သိမြင်တတ်တဲ့တရား၊ အသိတရား၊ ပညာလို့ဆိုပါတယ်။ သုတမယဉာဏ်ဆိုတဲ့ ကြားနာဖတ်ရှုခဲ့တာကြောင့် သိရှိတဲ့ သညာသိ။ စိန္တာမယဉာဏ်ဆိုတဲ့ မိမိစိတ်နှလုံးနဲ့ တွေးဆကြံယူ ကိုယ်တွေ့ရတဲ့ သညာသိတို့ဖြစ်တယ်လို့ မှတ်သားရပါတယ်။

ဒီဉာဏ်နှစ်မျိုးကို ကြည့်ရင် သညာသိနဲ့ပညာသိလို့ခွဲခြားပြထားပါတယ်။ သညာသိကော ပညာသိပါ ပြည့်စုံနေရင် မိမိလုပ်နေတဲ့အလုပ်တွေရဲ့ အမှန်နဲ့အမှား၊ လုပ်သင့်တာနဲ့ မလုပ်သင့်တာ၊ အကောင်းနဲ့အဆိုးတွေကို ခွဲခြားသိမြင်လာနိုင်ပါမယ်။

သုတမယဉာဏ်ရှိဖို့ ကြားနာဖတ်ရှုတာတွေ ပြုရပါမယ်။ ကြားနာဖတ်ရှုတာကြောင့် သညာသိတွေ ရလာမယ်။ ဒီအသိတွေရဖို့ဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ တရားပွဲ၊ သင်တန်းတွေတက်ရောက်ပြီး ကြားနာတာတွေ ပြုရပါမယ်။ စာအုပ်စာပေတွေကို ဖတ်ရှုလေ့လာရပါမယ်။ ကြားနာတာတွေ၊ စာပေဖတ်ရှုတာတွေကို စဉ်ဆက်မပြတ်လုပ်နေရင် ပျိုးပင်တစ်ပင်ကို ရေလောင်းပေါင်းသင် မြေပြုပြင်ပေးလို့ အပင်တွေ ပိုပြီးရှင်သန်ကြီးထွားလာသလိုမျိုး မိမိရဲ့အသိဉာဏ်တွေလဲ ရှိတာထက်ပိုပြီး တိုးတက်ဖွံ့ဖြိုးလာပါလိမ့်မယ်။ ဒါကြောင့် သင်ယူလေ့လာတာတွေကို စဉ်ဆက်မပြတ် ပြုနေကြရပါမယ်။ ဒီလို ပြုလုပ်တာကြောင့် မသိသေးတာတွေ ပိုပြီးသိလာရမယ်။ အသိတွေ လွဲမှားနေရင် အသိမှန်ကိုသိလာရမယ်။ သိလာတဲ့အသိတွေနဲ့ မိမိဘဝတိုးတက်တာကို လက်တွေ့အသုံးချလာနိုင်မယ်။ ကိုယ့်ပတ်ဝန်းကျင်ကိုလဲ ပြန်လည်မျှဝေပေးနိုင်ပါမယ်။

စိန္တာမယဉာဏ်ရှိဖို့ မိမိစိတ်နှလုံးနဲ့ တွေးဆကြံယူတာတွေနဲ့ အတွေ့အကြုံတွေရှိရပါမယ်။ ဒီလို ရလာတဲ့အသိတွေဟာ ပညာသိတွေဖြစ်ပါတယ်။ လူတိုင်း စိတ်နဲ့ တွေးတောကြံဆတာတွေ ပြုကြပါတယ်။ ဒါပေမဲ့ မှန်ကန်နိုင်ဖို့၊ လက်တွေ့အလုပ်ဖြစ်ဖို့၊ မျှတမှုတွေ ဖြစ်ဖို့လိုပါတယ်။ လူတိုင်း တွေးတောကြံဆတတ်ကြပေမဲ့ ပညာဆိုတဲ့ ခွဲခြမ်းသိမြင်နိုင်တာတွေက တစ်ဦးနဲ့တစ်ဦး မတူညီနိုင်ကြပါဘူး။ ဒါကြောင့် ပညာဆိုတာက အရေးပါလာပြန်ပါတယ်။

ပညာကို အသိပညာ၊ အတတ်ပညာဆိုပြီး ခွဲခြားနိုင်တယ်လို့ဆိုခဲ့ကြပေမဲ့ ဒီနေ့ခေတ်မှာ နည်းပညာဆိုတာလဲ ရှိလာပါတယ်။ ကျောင်းနေအရွယ်က စတင်ပြီး ကျောင်းစာတွေကိုသင်ယူကြတယ်။ ကျောင်းပညာတွေသင်ပြီးတော့ အသက်မွေးဝမ်းကျောင်းအလုပ်တွေအတွက် အတတ်ပညာတွေကို ဆက်ပြီး သင်ယူကြရပါတယ်။ မျက်မှောက်ကာလမှာ အသိပညာကော အတတ်ပညာပါ စုံလင်အောင်သင်ယူပြီးတဲ့အချိန်မှာ ခေတ်ကာလအခြေအနေအရ နည်းပညာရပ်တွေကိုလဲ ဆက်လက်လေ့လာ သင်ယူကြရအုံးမှာ ဖြစ်ပါတယ်။ အဲဒီပညာတွေကို ပိုင်ဆိုင်ထားပြီဆိုရင်တော့ မိမိရဲ့တွေးတောကြံစည်တာတွေနဲ့ အတွေ့အကြုံတွေဟာ သာမန်လူတွေထက်ပိုပြီး မြင့်မားလာပါမယ်။

အတွေ့အကြုံဆိုတာကတော့ မိမိဖြတ်သန်းခဲ့တဲ့ ဘဝတစ်လျှောက်မှာ ကြုံတွေ့လာခဲ့ရတာတွေဖြစ်ပါတယ်။ အကောင်းတွေဖြစ်ခဲ့သလို အဆိုးတွေနဲ့လဲ ကြုံတွေ့ခဲ့ကြဖူးမှာပါ။ အဲဒီထဲက မကောင်းတဲ့အတွေ့အကြုံတွေကိုဖယ်ရှားပြီး အတွေ့အကြုံကောင်းတွေနဲ့ဘဝကို ဆက်လက်ရှင်သန်ကြရပါမယ်။ မိမိရဲ့ အတွေ့အကြုံကောင်းတွေကို လုပ်ဖော်ကိုင်ဖက်တွေ၊ တပည့်၊ သားသမီးတွေကို လက်ဆင့်ကမ်းမျှဝေပေးကြရပါမယ်။ ဆိုရရင် ဘဝတိုးတက်အောင်မြင်ဖို့အတွက် ဉာဏ်ဆိုတဲ့ သိမြင်တတ်တဲ့တရား၊ အသိတရားနဲ့ ပညာတွေကို ကျွမ်းကျင်တတ်မြောက်အောင် သင်ယူလေ့လာကြဖို့လိုပါတယ်။

ဝီရိယဆိုတာကတော့ ကြိုးစားအားထုတ်တာ၊ လုံ့လလို့ဆိုပါတယ်။ လူတိုင်းက ကြီးပွားတိုးတက်လိုကြတဲ့အတွက် အလုပ်တွေကို ကြိုးစားအားထုတ်ပြီး လုပ်ကိုင်ကြရပါမယ်။ ကြိုးစားအားထုတ်မှုရဲ့ရလဒ်ဟာ အောင်မြင်တာဖြစ်ပါတယ်။ ဝီရိယကို လုံ့လဆိုတဲ့ ဝေါဟာရနဲ့တွဲပြီး လုံ့လဝီရိယလို့လဲသုံးနှုန်းကြပါတယ်။ လုံ့လဝီရိယရှိသူတွေဟာ သာမန်လူတွေထက် ပိုပြီးအောင်မြင်ကြပါတယ်။

ဝီရိယစိုက်ထုတ်တာဟာ ဖြစ်လာနိုင်တဲ့အခြေအနေအတွက် ကြိုတင်စီမံဆောင်ရွက်ထားတာဖြစ်ပါတယ်။ ဝီရိယမစိုက်ရင် မဆုံးရှုံးသင့်တာတွေ ဆုံးရှုံးပြီး အခြားသူတွေရဲ့နောက်မှာ ကျန်ရစ်တတ်ပါတယ်။ မိုးလွန်မှထွန်ချ၊ စပါးခြောက်မှနေလှမ်းဆိုတဲ့ မြန်မာစကားပုံတွေဟာ ဝီရိယနည်းသူတွေကို သတိပေးတဲ့ စကားပုံတွေဖြစ်ပါတယ်။

မြန်မာရာဇဝင်ထဲက လုံ့လဝီရိယနဲ့ပညာအကျိုးကြောင့် မြှောက်စားခံရတဲ့သူတစ်ဦးအကြောင်းကို သိဖူးကြားဖူးကြမှာပါ။ သက္ကရာဇ် ၇၃၀ ပြည့်နှစ်မှာ မိတ္ထီလာကန်၏ ကန်ပေါင်ကြီးကျိုးလို့ပြုပြင်နေတဲ့ နေရာကို အင်းဝဘုရင် မင်းကြီးစွာစော်ကဲက သွားရောက်ကြည့်ရှုပါတယ်။ မင်းကြီးဟာ ကန်ပေါင်ရိုးပေါ်က မိန်းမပျိုရုပ်တုတစ်ခုနဲ့ နတ်ကွန်းကိုမြင်ရတော့ ဘယ်လိုအကြောင်းလဲဆိုတာသိချင်လို့ သူ့ရဲ့မှူးမတ်တွေကို မေးပါတယ်။ မှူးမတ်တွေက မဖြေနိုင်ကြဘဲ မင်းကြီးကိုပြန်လည်လျှောက်တင်ဖို့ အခက်တွေ့နေကြပါတယ်။

အဲဒီအချိန်မှာ ရွာသားတွေက ရွာထဲမှာ ဗဟုသုတ ပြည့်စုံကြွယ်ဝတဲ့ မောင်ညိုကတော့ သိနိုင်လောက်တယ်လို့ပြောဆိုကြတော့ မှူးမတ်တွေကမောင်ညိုကို အခေါ်ခိုင်းလိုက်ပါတယ်။ မောင်ညိုဟာ ကျေးလက်မှာနေတဲ့ လူငယ်တစ်ယောက်ဖြစ်ပေမဲ့ အားလပ်တဲ့အချိန်တိုင်းမှာ စာပေတွေဖတ်ရှုလေ့လာတယ်။ အသိအမြင်တွေကြွယ်ဝတယ်၊ အမြင်ကျယ်တယ်၊ ဗဟုသုတ ပြည့်စုံတယ်ဆိုတဲ့ အရည်အချင်းတွေရှိတဲ့ လူငယ်တစ်ဦး ဖြစ်ပါတယ်။

မောင်ညိုရောက်လာတော့ နတ်ကွန်းနဲ့နတ်သမီးအရုပ် မဟုတ်ကြောင်း၊ ပုဂံပြည့်ရှင် အနော်ရထာမင်းလက်ထက် မိတ္ထီလာကန်တူးဖော်စဉ်က ရှမ်းစော်ဘွားတစ်ဦးက သူ့ရဲ့သမီးကို အနော်ရထာမင်းကြီးကို ဆက်သခဲ့ကြောင်း၊ မင်းကြီးကလဲ အင်မတန်မြတ်နိုးလွန်းလို့ မိဖုရားအရာမြှောက်စားခဲ့ကြောင်း၊ မိဖုရားဟာ ရုတ်တရက်နာမကျန်းဖြစ်ပြီး နတ်ရွာစံခဲ့ကြောင်း၊ မင်းကြီးက မိဖုရားကိုလွမ်းဆွတ်တသနေတာကြောင့် မှူးမတ်တွေက ရှမ်းမင်းသမီးရဲ့ပုံတူရုပ်တုကို ရွှေသားနဲ့ထုလုပ်ပြီး ကန်ပေါင်ရိုးအောက်မှာ မြှုပ်နှံထားခဲ့ကြောင်း၊ ကန်ပေါင်ပေါ်မှာ ပုံတူသစ်သားရုပ်တုကိုထုလုပ်ပြီး တန်ဆောင်းပြာသာဒ်နဲ့ ထားရှိခဲ့ကြောင်း၊ ကန်ပေါင်ကိုတူးဖော်ကြည့်ရင် မိဖုရားရဲ့ ရွှေစင်ရုပ်တုတွေ့ရမှာဖြစ်ကြောင်း မင်းကြီးကို ရဲဝံ့စွာလျှောက်တင်လိုက်ပါတယ်။

မင်းကြီးစွာစော်ကဲက မောင်ညိုလျှောက်တင်ချက်အတိုင်း တူးဖော်စေတဲ့အခါ ရွှေစင်ရုပ်တုကို တွေ့ရတဲ့အတွက် မောင်ညိုကို ဆုတော်လာဘ်တော်တွေချီးမြှင့်ပေးပြီး ရွှေနန်းတော်ကို ခေါ်ယူသူကောင်းပြုခဲ့ပါတယ်။ ဝန်ဇင်းရွာသားမောင်ညိုဟာ အင်းဝနေပြည်တော်မှာ မင်းရာဇာ၊ ဘိုးရာဇာ၊ ဝန်ဇင်းမင်းရာဇာဆိုတဲ့ ဘွဲ့ထူးတွေနဲ့ အင်းဝမင်းဆက်သုံးဆက်တိုင်အောင် မင်းတိုင်ပင်အမတ်ကြီးဖြစ်ခဲ့ပါတယ်။ ဒါဟာ မောင်ညိုဆိုတဲ့ ကျေးလက်နေ လူငယ်တစ်ယောက်က ပညာနဲ့ဗဟုသုတအသိအမြင်တွေ ပြည့်စုံကြွယ်ဝအောင် လုံ့လဝီရိယစိုက်ထုတ်ကြိုးပမ်းခဲ့တာရဲ့ သာဓကတစ်ခုဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် လူတိုင်းမှာ တူညီစွာ ပိုင်ဆိုင်ကြတဲ့ ကံ၊ ဉာဏ်၊ ဝီရိယတွေ ရှိပါတယ်။ ဒါတွေကို လက်တွေ့နယ်ပယ်မှာ မိမိတို့ရဲ့အသိဉာဏ် ပညာတွေနဲ့ စွမ်းပကားတွေကို မှန်မှန်ကန်ကန် အသုံးချတတ်ဖို့သာလိုပါတယ်။ ဥစ္စာရင်လို ဥစ္စာရင်ခဲ ဆိုစကားနဲ့အညီ လူတိုင်းကိုယ်စီ ပိုင်ဆိုင်ထားတဲ့ ကံ၊ ဉာဏ်၊ ဝီရိယတွေကို ထိရောက်အောင်အသုံးချပြီး မိမိတို့ဘဝတွေ ကြီးပွားတိုးတက်အောင် ကြိုးစားလုပ်ကိုင်သွားကြရင် တိုးတက်အောင်မြင်တာတွေ ပိုင်ဆိုင်နိုင်မယ်လို့ ယုံကြည်မိပါကြောင်း ရေးသားလိုက်ရပါတယ်။

ကိုယဉ်ချစ်(မန္တလေး)

**ကိုးကား**

- မြန်မာအဘိဓာန်၊ မြန်မာစာအဖွဲ့၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန
- မှတ်အပ်မှတ်ရာ မှတ်စုပဒေသာ၊ သုခမှတ်စု

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## အသက်ရှည်ဆေး

မင်္ဂလာပါ သားသားမီးမီးတို့ရေ၊ ဒီတစ်ပတ် ဦးဦး ပြောပြမဲ့ ပုံပြင်လေးကတော့ **"အသက်ရှည်ဆေး"** ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက ဗာရာဏသီပြည် ဗြဟ္မဒတ် မင်းကြီးမှာ သားတော်သုံးပါး ရှိသတဲ့ကွယ်။ သားတော်သုံးပါးဟာ ရုပ်ဆင်းအင်္ဂါချောမောသလို စိတ်သဘောထားလဲ ကောင်းကြသတဲ့။ ဒါကြောင့် နန်းတော်ထဲမှာရှိတဲ့ စစ်သည်၊ ရဲမက်၊ အမတ်တွေ၊ အပျိုတော်တွေက ချစ်ကြသတဲ့။ ကာယလို့ အမည်ရတဲ့ အကြီးဆုံးမင်းသားဟာ နာမည်နဲ့ လိုက်အောင် ခွန်အားဗလနဲ့ပြည့်စုံသတဲ့။ ဉာဏလို့ အမည်ရတဲ့ မင်းသားအလတ်ကလဲ နာမည်နဲ့လိုက် အောင် ဉာဏ်ကောင်းသတဲ့။ အငယ်မင်းသားလေး ဝဏ္ဏကတော့ နာမည်နဲ့လိုက်အောင် ရုပ်ချောသတဲ့ ကွယ်။ ညီအစ်ကိုသုံးယောက်ဟာ တစ်ယောက်နဲ့ တစ်ယောက် မနာလိုခြင်းကင်းသတဲ့ကွယ်။

တစ်နေ့မှာတော့ ဗြဟ္မဒတ်မင်းကြီးဟာ ရှေ့ရေး ကို မြော်တွေးပြီး သားတော်သုံးပါးအနက် ဘယ်သူ့ကို ထီးနန်းအရိုက်အရာဆက်ခံစေဖို့ အမတ်တွေနဲ့ ဆွေးနွေးတိုင်ပင်သတဲ့ကွယ်။ အမတ်တွေက မင်းသား အကြီး ကာယကို ထီးနန်းဆက်ခံစေဖို့ သံတော်ဦးတင် သတဲ့။ ဒီသတင်းကို မင်းသားကြီးကာယကြားတဲ့အခါ နန်းတော်ထဲကိုလာပြီး မိမိမှာ သားအကြီးဖြစ်တဲ့ အတွက် ထီးနန်းအရိုက်အရာကို ဆက်ခံဖို့မသင့် ကြောင်း၊ ညီတော်တွေနဲ့အတူ ထီးနန်းရဖို့ ပညာကို ယှဉ်ပြိုင်သင့်ကြောင်း မင်းကြီးကို သံတော်ဦးတင် သတဲ့။ အမတ်တွေဟာ မင်းသားကြီး ကာယစကားကို ကြားတဲ့အခါ အံ့သြကြပြီး မင်းသားကြီးကာယကို ချီးမွမ်းကြသတဲ့။

ဒါကြောင့် မင်းကြီးက"ကဲ... အမတ်တို့ သားတော် ကြီးကာယရဲ့ဆန္ဒအရ မင်းသားသုံးပါးကို ဆရာ အမတ်အသီးသီးထံအပ်ပြီး နောက်သုံးနှစ်ကျရင် မင်းသားသုံးပါးစလုံး ပြိုင်ပွဲကျင်းပကာ နိုင်တဲ့ မင်းသားကို ငါ့ထီးနန်းအရိုက်အရာဆက်ခံစေ"ဆိုပြီး အမိန့်ချလိုက်သတဲ့ကွယ်။ မင်းသားသုံးပါးလဲ အမတ်ကြီးတွေဆီမှာ မင်းသားတွေတတ်အပ်တဲ့ ပညာတွေကို သင်ယူသတဲ့။ မင်းသားတွေ ပညာကို သင်ကြားရင်း သုံးနှစ်ပြည့်တဲ့အခါ ဘုရင်ကြီးရဲ့ ရှေ့တော်မှောက်မှာ မင်းသားတွေဟာ ပညာကို ယှဉ်ပြိုင်သတဲ့။ အရင်ဆုံး ဆင်စီး၊ မြင်းစီးယှဉ်ပြိုင် သတဲ့။ မင်းသားသုံးပါးဟာ တစ်ယောက်နဲ့ တစ်ယောက် ပြိုင်ပွဲကိုယှဉ်ပြိုင်ရင်း ကူညီဖေးမကြ သတဲ့ကွယ်။ ဒါကြောင့် မင်းသားသုံးပါးရဲ့ အမှတ်တွေ



ဟာ တူနေကြသတဲ့။ အဲဒီလိုယှဉ်ပြိုင်နေရင်း မင်းသား ငယ်ဝဏ္ဏဟာ မြေပေါ်ကို လဲကျသွားသတဲ့ကွယ်။ သားတော်ကြီး၊ သားတော်လတ်တို့ဟာ ညီတော်ရှိရာ ကို ပြေးလာကြသတဲ့။ မင်းသားကြီးကတော့ ပြိုင်ပွဲ ကို ညီငယ်နေကောင်းကျန်းမာမှ ပြန်လည်ယှဉ်ပြိုင်ဖို့ ပြောသတဲ့။ အားလုံးကလဲ သဘောတူကြသတဲ့ကွယ်။

ဒီလိုနဲ့ သားငယ်ဝဏ္ဏဟာ ဘာရောဂါမှန်း အဖြေ ရှာမရဘဲဖြစ်နေသတဲ့။ ဆေးပညာရှင်တွေက "အရှင် မင်းကြီးဘုရား။ မင်းသားငယ်ဝဏ္ဏဟာ သိပ်မကြာခင် မှာ ကံတော်ကုန်မည်ဖြစ်ပါကြောင်း လျှောက်ထားပါ သည်ဘုရား"လို့ လျှောက်ကြသတဲ့။ မင်းသားလေး ကတော့ သူမသေခင်မှာ အေးအေးချမ်းချမ်းနေချင် ကြောင်း၊ နန်းတော်ရဲ့အဝေးမှာ တစ်ယောက်ထဲ နေချင်ကြောင်း ခမည်းတော်ကိုပြောသတဲ့။ ဗြဟ္မဒတ် မင်းကြီးဟာ သားတော်ရဲ့ဆန္ဒအတိုင်း လိုက်လျော သတဲ့။ မင်းသားငယ်ဟာ အဖော်မပါတစ်ကိုယ်တည်း နန်းတော်ထဲကထွက်ခဲ့ပြီး လမ်းတစ်နေရာမှာ ရဟန်း တစ်ပါးနဲ့ဆုံသတဲ့။ မင်းသားလေးဝဏ္ဏဟာ ရဟန်းကို မြင်မြင်ချင်း ကြည်ညိုသဒ္ဓါစိတ်တွေပွားပြီး ခြေဆုပ် လက်နယ်ပြုစုသတဲ့။ ရဟန်းကလဲ သူ့စံမြန်းရာ ကျောင်းသင်္ခမ်းကို ခေါ်သွားသတဲ့။ မင်းသားလေး ဝဏ္ဏဟာ မိမိရဲ့ရောဂါအကြောင်းကို ပြောပြသတဲ့။ ရဟန်းကတော့ မင်းသားလေးကို ဘာမှမပြောဘဲ ဘုရား၊ တရား၊ သံဃာကို မမေ့ဖို့တိုက်တွန်းသတဲ့။ မင်းသားလေးဟာ ရဟန်းကို အလုပ်အကျွေးပြုစုရင်း ရဟန်းရဲ့ ကျောင်းသင်္ခမ်းအနီးအနားမှာ သစ်ပင်တွေ ကို စိုက်ပျိုးသတဲ့။ မင်းသားလေးစိုက်တဲ့ သစ်ပင်တွေ ဟာ တဖြည်းဖြည်းများလာတာကြောင့် ကျေးငှက် ပေါင်းစုံ လာရောက်နားခိုကြသလို သားရဲတိရစ္ဆာန် တွေကလဲ လာရောက်နေထိုင်ကြသတဲ့။ မင်းသား လေးဟာ ရဟန်းရဲ့တရားတွေကို နာယူရင်း ကျောင်းသင်္ခမ်းမှာနေထိုင်ရတာ ပျော်မွေ့လာသတဲ့ ကွယ်။ မိမိရဲ့ရောဂါကိုတောင် မေ့ပျောက်လာပြီး မင်းသားကိုယ်တိုင် ကျန်းကျန်းမာမာ ရှိလာသတဲ့။

မင်းသားငယ်ဝဏ္ဏရဲ့သတင်းကို ဗြဟ္မဒတ်မင်းကြီး ကြားတဲ့အခါ စစ်သည်၊ ရဲမက်တွေနဲ့အတူ ရဟန်းရဲ့ ကျောင်းသင်္ခမ်းကို ရောက်လာကြသတဲ့။ အဲဒီနောက် ဗြဟ္မဒတ်မင်းကြီးက မင်းသားငယ်ဝဏ္ဏရဲ့ရောဂါကို ပျောက်ကင်းအောင်ကုတဲ့ဆေးနည်းကို လိုချင် ကြောင်း ရဟန်းကိုမေးတော်မူသတဲ့ကွယ်။ အဲဒီအခါ ရဟန်းက-

"အရှင်မင်းကြီး ကျွန်ုပ်ဟာ မင်းသားရဲ့ရောဂါကို ပျောက်အောင်ကုပေးတဲ့နည်းမရှိပါ။ မင်းသားရဲ့ ရတနာသုံးပါးအပေါ် ယုံကြည်မှု၊ သစ်ပင်တွေကို စိမ်းစိုသာယာအောင်စိုက်ပျိုးပေးတဲ့အတွက် အခုလို မင်းသားကျန်းမာလာကြောင်း" ဖြေကြားသတဲ့ကွယ်။ ရဟန်းရဲ့စကားကိုကြားတဲ့အခါ ရတနာသုံးပါးရဲ့ အစွမ်းသတ္တိ၊ သစ်ပင်စိုက်ခြင်းဟာ ရှိနေတဲ့ရောဂါ တောင်ပျောက်ကင်းကြောင်း သိရှိသွားသတဲ့ကွယ်။ ဒါကြောင့် ဗြဟ္မဒတ်မင်းကြီးဟာ မင်းသားငယ်ကို နန်းတော်ဆီပြန်ခေါ်ပြီး ဗာရာဏသီပြည်မှာရှိတဲ့ သူအားလုံး သစ်ပင်စိုက်ရမယ်လို့ အမိန့်တော် ထုတ်သတဲ့။ နောက်နေ့ ပြည်သူတွေအားလုံး သစ်ပင်တွေစိုက်ကြရင်း မင်းသားသုံးပါးရဲ့ ပြိုင်ပွဲကို ပျော်ပျော်ရွှင်ရွှင် ဆက်လက်ကျင်းပသတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒါပါပဲ သားသားမီးမီးတို့ရေ။ သားသားမီးမီးတို့လဲ အနာရောဂါကင်းပြီး အသက် ရှည်ရှည်နေချင်ရင် ရတနာသုံးပါးကိုမမေ့ဘဲ သစ်ပင် တွေကို စိုက်ပျိုးပေးကြပါလို့ ဦးဦးက တိုက်တွန်းလိုက် ရပါတယ်ကွယ်။

မောင်ပုည(ဟသ်ာတမြေ)


## သားတို့မိသားစု

♦ အိမ်ထောင်ဦးစီး တို့ဖေဖေ

စီးပွားရှာတတ်ပေ၊

တို့မေမေမှာ အိမ်ရှင်မ

အိမ်မှုနိုင်နင်းလှ။



♦ သားနဲ့သမီးကြိုးစားတာ

ပညာတတ်အောင်ပါ၊

အားလုံးညီညာ ပေါင်းကာစု

သားတို့မိသားစု။

တေးရတု(ညောင်လေးပင်)

## စပါးပင်လေး ဥပမာ

♦ အဆန်ပြည့်တဲ့ စပါးပင်

ညွတ်ကိုင်းထာဝစဉ်၊

အဆန်မဲ့လျှင် ဘုံစပါး

ထောင်မတ်တလွှားလွှား။



♦ ဝင့်ကြွားမာန ဖယ်ရှောင်ကြဉ်

များလှသူငါသင်၊

စပါးပင် ဥပမာထား

ကျင့်သုံးနေထိုင်သွား။ ။

ရဲသွေးနီ(တက်ဝန်)

# မြန်အောင်မြို့နယ်တွင် ဒေသထွက်ဖရဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ



**မြန်အောင် ဧပြီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ဒေသထွက် ဖရဲသီးများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် သစ်သီးမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးသူက ပြောပြသည်။

မြန်အောင်မြို့နယ်တွင် ဖရဲသီးများ ယခုနှစ် ဧပြီလ ဒုတိယပတ်မှ ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဖရဲသီးများကို ဒေသဈေးကွက်အပြင် အခြားဒေသများဖြစ်သည့် ပုသိမ်နှင့် ရန်ကုန် စသည့်ဒေသများကပါ ဝယ်ယူနေခြင်းကြောင့် အရောင်းအဝယ် ကောင်းမွန်နေခြင်းဖြစ်ကြောင်းသိရသည်။

"မြန်အောင်မြို့နယ်တွင် ဖရဲသီးတွေ အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ မြန်အောင်ဈေးကွက်အပြင် အခြားဒေသများကပါ ဝယ်ယူမှု အားကောင်းနေပါတယ်။ အရောင်းအဝယ်ဖြစ်နေတဲ့ ဖရဲသီးတွေက အရည်အသွေးကောင်းပါတယ်။ ဒေသထွက်ကုန်ပဲ အရောင်းအဝယ် လုပ်ရတော့ ကုန်စည်သယ်ယူရတဲ့ ကုန်ကျစရိတ်တွေလျော့နည်းလာပါတယ်။ ကုန်ပစ္စည်းတွေကို ထိခိုက်မှုအားနည်းသွားလို့ ရက်ရှည်အထားခံ ရောင်းချပါတယ်" ဟု မြန်အောင်မြို့နယ်က သစ်သီးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးသူက ပြောပြသည်။

မြန်အောင်မြို့နယ်တွင် ဖရဲသီးကို မြေနုကျွန်းကျေးရွာများတွင် အများဆုံး စိုက်ပျိုးကြကြောင်း၊ အဆိုပါ ဖရဲသီးများ အရောင်းအဝယ် ကောင်းမွန်လာသည့်အတွက် ဖရဲသီးစိုက်တောင်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ပွဲရုံပိုင်ရှင်များ အလုပ်ကိုင်အဆင်ပြေနေပြီး လက်ရှိ ဖရဲသီးတစ်လုံးလျှင် ငွေကျပ် ၃၅၀၀ မှ ၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း မြန်အောင်မြို့နယ်က သစ်သီးမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးသူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဒလမြို့နယ် ဘိုးဖြူချောင်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ဒလ ဧပြီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ဒလမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘိုးဖြူချောင်းကျေးရွာအုပ်စု ဘိုးဖြူချောင်းကျေးရွာ၌ ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဒလမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စံချောချောခင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ကို ဘိုးဖြူချောင်းကျေးရွာ၌ ကျေးရွာမှ ရွေးချယ်ထားသော ဖွံ့ဖြိုးရေး လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ၎င်းစီမံကိန်းကို ကျေးရွာသူ၊ ကျေးရွာသားများက တာဝန်ယူ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ဘိုးဖြူချောင်း ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့သည်။

ယခုကဲ့သို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ကို စတင်ဆောင်ရွက်နိုင်ခြင်းကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်လာတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မောင်ခိုင်**




## ငလျင်ပြင်းအားများ

| ငလျင် ပမာဏ ရစ်ချ်တာ စကေး | သက်ရောက်မှုရှိနိုင်ခြေ |
|---|---|
| ၂ အထက် | မသိသာသော အခြေအနေဖြစ်ပါသည်။ |
| ၂ နှင့် ၄ ကြား | လူအချို့သတိထားမိသည့် အခြေအနေဖြစ်သည်။ |
| ၄ နှင့် ၄.၉ ကြား | လူတိုင်းလိုလို ခံစားမိသော အခြေအနေဖြစ်သည်။ |
| ၅ နှင့် ၅.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံတွင် မပြောပလောက်သော ပျက်စီးမှု တွေ့ရသော အခြေအနေဖြစ်သည်။ |
| ၆ နှင့် ၆.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံတွင်ပင် သိသာသော ပျက်စီးမှု တွေ့ရသော အခြေအနေဖြစ်သည်။ |
| ၇ နှင့် ၇.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံများတွင်ဆိုးရွားသော ပျက်စီးမှု တွေ့ရသော အခြေအနေဖြစ်သည်။ |
| ၈ နှင့်အထက် | ကြီးမားသော ပျက်စီး ပြိုကျမှုများ တွေ့ရသော အခြေအနေဖြစ်သည်။ |

ငလျင်သည် အလျားလိုက်နှင့် အထက်အောက်လှုပ်ရှားနိုင်ပြီး ငလျင်၏ပြင်းအား၊ အဆောက်အအုံ၏တည်ဆောက်ပုံ၊ တည်နေရာတို့အပေါ် မူတည်၍ ပျက်စီးမှုများ ကွာခြားနိုင်ပါသည်။




ပင်ရင်းအရောင်း-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




FDA အမှတ်-2212 PCE 0013
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
ပင်ရင်းအရောင်း- ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၄-၂၀၂၆ ရက်၊ စာမျက်နှာ (၃၁)ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်းကြော်ငြာမှ ဒေါ်ခင်ယုဆွေအား ဒေါက်တာ ခင်ဆွေယု၊ ဒေါ်မေသက်ခိုင်၏ ၁၃/နခန(နိုင်)၀၇၇၃၅၉ အား ၁၃/နခန(နိုင်)၀၇၇၃၅၄ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ခင်ဦးမြို့နယ်၊ ပေါင်းလဲကုန်းရွာနေ ဒေါ်အေးပို (ဘ) ဦးကျော်ညွှာ(၅/ခဥန(နိုင်)၀၁၅၆၀၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-423639619

## မီးဘေးအတွက်ကြိုတင် ပြင်ဆင်ရန်များ

၁။ မီးငြှိမ်းသတ်ရန်ပစ္စည်းများ( မီးသတ်ဦးစီးဌာန၏ စံနှုန်းနှင့်ကိုက်ညီသော မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များ၊မီးသတ်ဆေးဘူးများ)အသင့်ထားရှိပါ။



၂။ မြို့ရပ်ကွက်၊ ကျေးရွာအလိုက် အပေါ့စားမီးသတ်စက်များ၊ မီးသတ်ရေကန်များ၊ မီးငြှိမ်းသတ်ရေးပစ္စည်းကိရိယာများ အသင့်ရှိစေရေး အတွက် ပူးပေါင်းပါဝင်ပါ။

၃။ မီးလောင်နေစဉ်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်




❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် ဖလမ်းမြို့နှင့် အဆိုပါဒေသတစ်ခုလုံးကို အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်

တပ်မတော်စစ်ကြောင်းများက CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ယာယီစိုးမိုးထားသည့် ဖလမ်းမြို့ကို အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်မှုမှတ်တမ်းဓာတ်ပုံ။




နေပြည်တော် မေ ၂၅

ချင်းပြည်နယ်၏ ဒုတိယမြို့တော်ဖြစ်သည့် ဖလမ်းမြို့သည် ပြည်နယ်ရုံး၊ ခရိုင်ရုံး၊ မြို့နယ်ရုံးများစိုက်ရာ တောင်ပေါ်မြို့တစ်မြို့ဖြစ်သည်။ မြောက်ဘက်တွင် တီးတိန်မြို့နယ်နှင့် တောင်ဘက်တွင် ဟားခါးမြို့နယ်တို့တည်ရှိကာ ဖလမ်းမြို့အနီး ဆူရ်ဘုန်တောင်တွင် လေယာဉ်ကွင်းရှိပြီး ချင်းပြည်နယ်၏ ပထမဆုံးလေဆိပ်ရှိသည့်မြို့ဖြစ်သည်။ ဖလမ်းမြို့မှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်သို့လည်းကောင်း၊ဖလမ်း-ဟားခါးမှတစ်ဆင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ဘက်သို့လည်းကောင်း သွားလာနိုင်ပြီး အချက်အချာကျပြီး နယ်မြေအေးချမ်းသည့် မြို့တစ်မြို့ဖြစ်သည်။

ထိုကဲ့သို့သော နယ်မြေအေးချမ်းသည့် တောင်ပေါ်ဒေသတွင် ရိုးသားစွာနေထိုင်လုပ်ကိုင်စားသောက်နေကြသည့် ပြည်သူများကို CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက CRPH၊ NUG အကြမ်းဖက်အဖွဲ့တို့၏ သွေးထိုးမြှောက်ပင့်မှုနှင့်အတူ ဒီမိုကရေစီအရေးနှင့် ဒေသကောင်းစားရေးဟု နိုင်ငံရေးမက်လုံးများဖြင့် စည်းရုံးသိမ်းသွင်း၍ အကြမ်းဖက်သင်တန်းများပို့ချပေးခဲ့သည်။ ထိုသို့ အကြမ်းဖက်သမားများအဖြစ်မွေးထုတ်ပေးကာ နယ်မြေခံပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်များကို ဖျက်ဆီးပြီး အစိုးရအုပ်ချုပ်ရေးယန္တရားများပျက်စီးကာ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးစေရန်ရည်ရွယ်၍ ချင်းညီနောင်စစ်ဆင်ရေးအမည်ဖြင့် မြို့ရွာများတွင် တိုက်ပွဲများဖော်ဆောင်ခြင်း၊ လုံခြုံရေးအားနည်းသော တပ်စခန်းငယ်များကို အင်အားအလုံးအရင်းအသုံးပြု၍

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

## ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တွင် အမှတ်(၅)အဆန်၊ အမှတ်(၆)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထား တိုက်ရိုက်စတင်ပြေးဆွဲမည်



နေပြည်တော် မေ ၂၅

နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှာကြားချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများအဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေး-ရန်ကုန် ရထားခရီးစဉ်အဖြစ် အမှတ်(၅)အဆန်၊ အမှတ်(၆)အစုန် လေအေးပေးစက်ပါခေတ်မီ DEMU လူစီးအမြန်ရထားကို ၂၀၂၆ ခုနှစ် မေ ၁ ရက်မှစတင်၍ အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်-

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | ကြာမြင့်ချိန် |
| ၁ | အမှတ်(၅)အဆန် | ရန်ကုန် | မန္တလေး | ၀၆:၀၀ | ၁၆:၀၀ | (၁၀)နာရီ |
| ၂ | အမှတ်(၆)အစုန် | မန္တလေး | ရန်ကုန် | ၀၆:၀၀ | ၁၆:၁၀ | (၁၀)နာရီ(၁၀)မိနစ် |

စာမျက်နှာ ၁၉ ကော်လံ ၁ ❑

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို စာမျက်နှာ - ၂၀

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို တွေ့ဆုံအားပေး စာမျက်နှာ - ၂၀